www.burmeseclassic.com

# ဇော်ဂျီ

# ဝတ္ထုတိုပေါင်းချုပ်

BURMESE CLASSIC .com



1999.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ဝန် အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး
"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

ပြည်သူ့သဘောထား
* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဆရာဇော်ဂျီ [ ၁၉၀၇- ၁၉၉၀ ]

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၀၇ ခု ဧပြီလ ၁၂ ရက် သောကြာနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်။
ဖျာပုံမြို့ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန် မြို့မ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၂၉-၃၀)၊ မဟာဝိဇ္ဇာဘွဲ့(၁၉၃၆)၊ ဒဗ္ဗလင်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့(၁၉၄၀) တို့ကို ရခဲ့သည်။
ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် မြန်မာစာနည်းပြ (၁၉၃၀)၊ မြို့မ အမျိုးသား အထက်တန်းကျောင်း အထက်တန်းပြ(၁၉၃၁-၃၄)၊ မန္တလေး ဥပစာကောလိပ် မြန်မာစာနည်းပြ (၁၉၃၆-၁၉၃၈)၊ တက္ကသိုလ် စာကြည့်တိုက်မှူး(၁၉၄၀)၊ ဂျပန်ခေတ် ပညာရေးဌာန ဒုတိယညွှန်ကြားရေးဝန်၊ ဒုတိယ ကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ ကျောင်းသုံးစာအုပ်ပြုစုရေး ညွှန်ကြားရေးဝန်(၁၉၅၂-၅၈)၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ(၁၉၅၉)၊ ဂုဏ်ထူးဆောင် မြန်မာစာပါမောက္ခ (၁၉၆၁)၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ(၁၉၆၅-၁၉၇၅) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ်မှ ၁၉၆၇ တွင် အငြိမ်းစားယူသည်။
၁၉၂၃ မှ စ၍ ကဗျာများ စ ရေးသည်။ ထင်ရှားသော စာအုပ်များမှာ **မဟာဆန်ချင်သူ** (၁၉၃၄၊ ၁၉၇၀)၊ **ဂျရတ်နှင့်မားဂရက်** (၁၉၄၁)၊ **ပိတောက်ရွှေဝါ ကဗျာများ** (၁၉၅၁)၊ **သခင်ကိုယ်တော်မှိုင်းဋီကာ**(၁၉၅၅)၊ **ဇော်ဂျီ၏ စာ**(၁၉၆၀)၊ **ဗေဒါလမ်းကဗျာများ** (၁၉၆၃၊၁၉၉၇)၊ **ရသစာပေနိဒါန်း**(၁၉၆၅)၊ **ရသစာပေအဖွင့်**(၁၉၆၆)[**ရသစာပေ နိဒါန်းနှင့် အဖွင့်** (၁၉၇၆)]၊ နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော် ဝတ္ထုတိုများ ဖြစ်သည့် **မိုးကြယ်မို့လား**(၁၉၆၆)၊ **လမ်းသစ်**(၁၉၆၆)၊[**မိုးကြယ်မို့လားနှင့် လမ်းသစ် ဝတ္ထုတိုများ** (၁၉၇၇)]၊**နင်လားဟဲ့ ချစ်ဒုက္ခ**(၁၉၇၉၊၁၉၈၄)။ **ကဗျာပေါင်းချုပ်**(၁၉၆၇)၊ **ပလေးတိုးနိဒါန်း** (၁၉၆၇၊ ၁၉၉၆)၊ **ကဗျာပေါင်းချုပ်သစ်**(၁၉၇၄)၊ **သိန်းနှင့် ကျားဋီကာ**(၁၉၈၄)၊ **ရွှေခေတ်ပုဂံ ကဗျာများ** (၁၉၈၇)၊ စာပေါင်းချုပ် ပထမတွဲ(၁၉၉၃)၊ ဒုတိယတွဲ(၁၉၉၄)၊ တတိယတွဲ (၁၉၉၄)၊ စတုတ္ထတွဲ(၁၉၉၅)တို့ ဖြစ်ကြသည်။ 'စိတ္တသုခ လင်္ကာ'ဖြင့် သစ္စဝါဒီဆု (၁၉၂၄)၊ 'သခင်ကိုယ်တော်မှိုင်းဋီကာ'ဖြင့် စာပေဗိမာန် စာပဒေသာဆု(၁၉၅၅)၊ 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ'ဖြင့် အမျိုးသားစာပေ ဘာသာပြန် ရသစာပေဆု(၁၉၇၉)၊'ရွှေခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ'ဖြင့် အမျိုးသားစာပေ ကဗျာဆု(၁၉၈၇) ရရှိခဲ့သည်။
၁၉၉၀ ပြည့်နှစ် ဇက်တင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် အနိစ္စရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၁၉၉၉ ထုတ်**
**ရာပြည့်စာအုပ်များ**

၈၄။ တက်တိုး၏ အာဇာနည်စိတ်နှင့် အညွန့်တလူလူ
၈၅။ ခင်မာလာကြာဖြူ၏ နှလုံးသား အလှဗေဒ
၈၆။ ဒေါက်တာနန်းဥမ္မာ၏ ဆယ်ကျော်သက် အမျိုးသမီးလမ်းညွှန်
၈၇။ ပါရဂူ၏ တမ္မပဏ္ဏိ
၈၈။ မောင်ပေါ်ထွန်း၏ ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး
၈၉။ ဒဂုန်ဦးထွန်းမြင့်၏ ဗုဒ္ဓ၏ သြဝါဒအမြုတေ
၉၀။ ဦးသာညွန့်၏ မှတ်ဉာဏ် ထက်သန်စေလိုသော်
၉၁။ မုဂ်
၉၂။ ပါရဂူ၏ စရာ

**၁၉၉၉ ခုနှစ်နှင့် ဇူလိုင်တွင် ထုတ်ဝေမည့် စာအုပ်များ**

၉၄။ ရွှေဥဒေါင်း၏ သူတော်စိန်
၉၅။ ညွန့်ကြူး၏ ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်နှင့် နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ
၉၆။ မောင်ပေါ်ထွန်း၏ စွန့်စားမှ အောင်မြင်မည်
၉၇။ ဒေါက်တာဇော်သန်း၏ ဖန္တမ်းပင် ဒိုင်ယာရီ
၉၈။ နတ်နွယ်၏ မိမိနှင့် စာရေးဆရာများ
၉၉။ Moe Hein's Harmony of Head and Heart
၁၀၀။ နွယ်သစ်၏ ကမ္ဘာကျော် စာအုပ် ၁၀၀

ရာပြည့်စာအုပ် ၉၃

ဇော်ဂျီ

# ဝတ္ထုတိုပေါင်းချုပ်

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း–၀၁၊ ၂၉၆၆၇၁
[ ၁ မေ ၁၉၉၉ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [ ၇၂၄/၉၈ (၁၂) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၃၅/၉၉ (၂) ]

❑

**စီစဉ်ထုတ်လုပ်မှု**
ရာပြည့် ဦးစိုးညွန့်

❑

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
**အုပ်ရေ [၁၀၀၀]**

❑

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**
ဦးတင်မောင်ဝင်း [၀၅၉၄၆]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**
ကိုမြင့်

❑

**မျက်နှာဖုံး ပန်းချီ**
ကျော်မင်းမောင်

❑

**တန်ဖိုး**
၂၀၀ ကျပ်

# မာတိကာ

– တိုက်စိုး၏ အမှာစာ ၆

**၁၉၃၃**

၁။ ဖိုးမာဒင် ၁၅
၂။ ကြင်မည့်သူ ၂၂

**၁၉၃၄**

၃။ ပုဂံဈေး ၃၄
၄။ ဦးဘောဘိတနှင့် ကိုခင် ၄၃
၅။ ပြည်ကြီးဘာယာ ၅၀
၆။ အောင်ဘော်နှင့် လေးလုံး ၁၀၃
၇။ နတ်ပြည်က ဝတ္ထု (တာဝတိံသာ ခေတ်စမ်းဘောသံ) ၁၁၃

**၁၉၃၅**

၈။ သော့တွဲနှင့် နတ်ရုပ် ၁၂၉

**၁၉၃၇**

၉။ အချစ်နှင့် စစ်ပွဲ ၁၃၀
၁၀။ သူ့မယား ၁၃၈

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ဤစာအုပ်တွင် ဇော်ဂျီ၏ ဝတ္ထုတိုဆယ်ပုဒ် ပါ၏။ ယင်းတို့အနက် **ပြည်ကြီးဘာယာ**က လွဲလျှင် ကျန်အားလုံးသည် အစ အလယ် အဆုံး ပြည့်စုံပြီးသော ဖြစ်လေသည်။

ဝတ္ထုတိုဆိုသည်မှာ အစမှ အဆုံးသို့ ရေးစရာများ ချောခနဲ တန်းဝင်ကာ တစ်ထိုင်တည်းနှင့် အပြီးဖတ်နိုင်သော စာမျိုးပါပေ။ ဝတ္ထုလာ–ဇာတ်ကောင်၏ ကိုယ် နှုတ် နှလုံး အမူအရာ၊ ဝတ္ထုလာ–အဖြစ်အပျက်၊ ဝတ္ထုလာ–ကာလဒေသ၊ ဝတ္ထုရေးဆရာ၏ အာဘော် နှလုံးသွင်း စသည်တို့ကို အကြောင်းပြု၍ ဝတ္ထုအဆုံးတွင် အကျိုးသက်ရောက်မှု တပေါင်းတည်းဖြစ်နေသော စာမျိုးပါပေ။

ဤတွင် ဇော်ဂျီသည် မြန်မာ့ရိုးရာဓလေ့၊ မြန်မာမှုနှင့် အကျွမ်းတဝင် ရှိခဲ့သည့်အလျောက် သူ့ဝတ္ထုတိုများတွင် တောအရိပ် လွှမ်းနေသည့်အပြင် ဇာတ်စကား၊ ပါဠိကျမ်းဂန်–စကား၊ ထီးသုံးနန်းသုံးစကား၊ ကျေးလက်စကား သူ့နေရာနှင့်သူ ပီပီသသ သုံးစွဲထားသည်ကို ထင်ထင်ရှားရှား မြင်နိုင်လေသည်။

ဝတ္ထုတိုတစ်ပုဒ်စီ ကြည့်ကြဦးအံ့။

**တာဝတိံသာ ခေတ်စမ်းဘောသံ** ဝတ္ထု (နတ်ပြည်က ဝတ္ထု) သည် လူ့ပြည်က ဘောလုံးပွဲကြောင့် တာဝတိံသာနတ်ပြည်၌ ပြဿနာပေါ်ရသည့် အကြောင်း ဖြစ်လေသည်။ အမှန်စင်စစ် ၁၉၃၄ ခုနှစ် ရန်ကုန် ဘီအေအေ (အောင်ဆန်း)ကွင်း၌ ကောလိပ်ဘောလုံးအသင်းက ပုလိပ်ဘောလုံးအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့၏။ ယခင် နှစ်နှစ်ဆက်၍လည်း အခြား ဘောလုံးအသင်းများကို အနိုင်ရခဲ့သည်ဖြစ်ရာ တစ်နိုင်ငံလုံး ကျော်ကြားသွားတော့သည်။





၁၉၃၄ ခုနှစ် ဘောလုံးပွဲတွင်ကား ရန်ကုန်က ဘောလုံးပရိသတ်သာမက ပြည်၊ ညောင်လေးပင်၊ ပဲခူး စသော ရထားလမ်း၊ ကားလမ်းတစ်လျှောက်မှ ဘောလုံးဝါသနာအိုးများသည် ပြည်တော်ချစ် ကောလိပ်ဘောလုံးအသင်းကို လာရောက်အားပေးကြ၍ နေ့ခင်းပိုင်းကပင် ကွင်းတစ်ခုလုံး လူပြည့်လျှံနေသည်ဟု ဆိုလေသည်။ ထိုနှစ်တွင် တံခွန်စိုက် ဖလားဆု အပိုင်ရခဲ့သည့်အတွက်လည်း ကောလိပ်ဘက်၌ အငြိမ့်ပွဲများ အကြီးအကျယ် ကျင်းပခဲ့ကြသည်။

ဤသည်ကို ရည်ရွယ်၍ ဇော်ဂျီက ကောလိပ်ဘောလုံးအသင်း ကပ္ပတိန်မောင်ဝင်း ကန်လိုက်သော ဘောလုံးအရှိန်ကြောင့် ဘောလုံးပွဲကြည့်ရန် မာတလိနတ်သား စီးလာသော ဝေဇယန္တာရထား နံရံကို လမ်းခုလတ်၌ လာမှန်ပြီး ရွှံ့စင်ကုန်ပုံ၊ ရထားခိုးစီးသည်ကို မိသွားသောကြောင့် သိကြားမင်း စိတ်ဆိုးကာ မာတလိနတ်သားကို ဒဏ်ခတ်မည်ပြုပုံ၊ ဘောလုံးပွဲ နာမည်ကြီးလှ၍ အချိန်မီသွားရကြောင်း ဆင်ခြေပေးပုံ၊ သိကြားမင်း သဘောပေါက်အောင် ဝိသကြုံနတ်သားက နတ်တန်ခိုးဖြင့် တာဝတိံသာ၌ အလားတူ ဘောလုံးပွဲ ဖန်ဆင်းပြရပုံ၊ ဘီအေအေကွင်းက ထွက်လာသော ဘောလုံးလေသံအတိုင်း ပဉ္စသိခနတ်သားက စောင်းတီးပြခဲ့ရာ နတ်ပရိသတ်များ ရင်သပ်ရှုမောဖြစ်ရပုံ၊ ပဉ္စသိခနတ်သား၏ စောင်းလက်သံ စွမ်းရည်ကြောင့် သုရိယဝစ္ဆ နတ်သမီး သူ့နောက် ပါသွားပုံ ...စသည်ဖြင့် ဘောလုံးခြေစွမ်းကို ချဲ့၍ ကား၍ ထောမနာ စာပြုခဲ့လေသည်။

ဤသည်မှာ ဝတ္ထုရေးဆရာ ဇော်ဂျီက ပရိသတ် တအံ့တသြ ဖြစ်ရအောင် မြေပြင်မှ အထက်ဘဝဂ်တိုင်အောင် ဘောလုံးကျော်စောသတင်း ရောက်လေဟန့် ပုံကြီးချဲ့လိုက်ခြင်းဟု ဆိုရလိမ့်မည်။ ဝတ္ထုရေးဆရာဇော်ဂျီက အဆုံးအမသဘော ပုံဆောင်ပြလိုက်သည်မှာကား **ပုဂံဈေး(ဝတ္ထု)** ဖြစ်လေသည်။

ရှေးက ဝိဇ္ဇာ သိပ္ပံ ပညာရပ်များကို ပေပုရပိုက်ပေါ်တွင် ရေးကူးမှတ်သား ထားမြဲ ဖြစ်၏။ အကြင်သူသည် အကြောင်းအချက် တစ်ခုခုကို သိလိုသည်ဆိုအံ့။ ထိုသူသည် ပေထုပ်ထဲတွင် ရှာရမည်သာ ဖြစ်သည်။ သို့ရာတွင် ပေပုရပိုက်တွင် ကိန်းအောင်းနေကြသော ဗဟုသုတ အသီးသီး၏ မူလဘူတသည် မျက်မြင်

www.burmeseclassic.com



ကိုယ်တွေ့ ဒိဋ္ဌဓမ္မ လောကဖြစ်ကြောင်းကို လူအများ သတိမမူ ရှိတတ်ကြသည်။ လူအများ သတိမူလေအောင်ဟု ဇော်ဂျီက **ပုဂံဈေး** တွင် ပုံဆောင်ပြလိုက်ခြင်း ဖြစ်သည်။ နည်းနည်းချဲ့ရသော် (ရှေးခေတ်) တရုတ်မင်းက ပညာစမ်းလိုသော သဘောဖြင့် ပုဂံမင်းထံ ပုစ္ဆာ ပေးပို့ခဲ့ပုံ၊ ပုဂံမင်း အမိန့်ဖြင့် သုခမိန်များက ပေ ပုရပိုက်ထဲတွင် အဖြေရှာကြပုံ၊ အဖြေမတွေ့၍ မောင်းကြော်ငြာပြီး ဖြေနိုင်သူကို ရှာခဲ့ရာ ကျေးတောသား လှည်းသမားက အဖြေမှန် ပေးနိုင်ပုံ၊ အဖြေရှာရာကို မေးစမ်းကြည့်သော် လူအမျိုးမျိုး ကျက်စားရာ၊ အလုပ်မျိုးစုံရာ ပုဂံဈေးကို လက်ညှိုးညွှန်ပုံ ဖော်ပြ၍ နန်းတွင်းသုခမိန်များ၏ စာသံပါပါ တင်လျှောက်ချက် ကို **အောက်ပါအတိုင်း** ဖော်ပြလေသည်။

> ...စင်စစ် ဤပြဿနာသည် ကျမ်းဟောင်းများ၌ မရှိ။ ကိုးကားချက်လည်း မဟုတ်၊ ပညာရှိ လက္ခဏာလည်း မပါ။ ကလေးသူငယ်တို့ စကားထာဝှက်တမ်း ကစားသည်နှင့်ပင် တူလှပါသည်။ ကျမ်းဟောင်းနှင့် ကင်း၍ မစဉ်းစားချင်ထသော၊ ကျမ်းဟောင်းနှင့် ကင်း၍ စကား မဆိုချင်ထသော ကျွန်တော်တို့သည် ကျမ်းစကား မဟုတ်၊ ကျမ်းထွက် မဟုတ်သော ထိုစာသိမ် စာငယ်ကို အရေးမယူလိုပါ။

ဤသို့ဖြင့် ဇော်ဂျီက သဘာဝယုတ္တိထက် အာဂမယုတ္တိ အားထားသည့်အဖြစ်ကို စောင်း၍ ချိတ်၍ ပြခဲ့လေသည်။

တစ်ဖန် အဆုံးမရောက်ခဲ့သော **ပြည်ကြီးဘာယာ**(ဝတ္ထု)တွင် ဇော်ဂျီ၏ အာဘော်သည် သိသိသာသာ ပါလာခဲ့လေသည်။ ပထမ ဝတ္ထုမှာကဲ့သို့ပင် **ပြည်ကြီးဘာယာ**တွင်လည်း ဇာတ်ကောင်များမှာ ကိုယ့်စရိုက် ကိုယ့်ဘာသာ အလျောက် လှုပ်ရှားကြသည် မဟုတ်။ ဇော်ဂျီ စေသည့်အတိုင်း လှုပ်ရှားပြောဆို ကြရလေသည်သာ ဖြစ်သည်။ မြန်မာတို့တွင် ပြည်မသိ ဗာရာ(ဏသီ)ဟူသော ဆိုရိုးစကား ရှိ၏။ ဤတွင် ဗနှင့် ရ စားလုံးပေါင်းပြောင်း၍ ပြည်ကြီးဘာယာ ပြည်တစ်ခုကို ဇော်ဂျီ စ တည်သည်။ ထိုအခါ ပြည်ကြီးဘာယာ၌ ဆင်းရဲသားများ ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်ပုံ၊ သူတို့ ဆင်းရဲကြသည်မှာ ဓမ္မတာ၊ မင်းစိုးရာဇာ





မှာမူ ကိုယ့်ဘုန်းကိုယ့်ကံအလျောက် အုပ်ချုပ်ရမြဲဟု ဘုန်းရှင်ကံရှင် ဆိုသူများက လူအများကို နားသွင်းထားပုံ၊ စိတ်(အ)သံထက် ဟိတ်ဟန်ကဲနေသော စကား တန်ဆာ၊ နားတန်ဆာ ဘုန်းတော်ဘွဲ့ ကဗျာများကို မင်း နားဝင်ပုံ၊ အာဂမယုတ္တိ သမားတွေ မင်းပေါက် စိုးပေါက်ရှိပုံ၊ စေတီဘုရား ပေါ်သလောက် အတိုက်အခိုက် အလုအယက် အလိမ်အကောက် အခြေအနေ ဖြစ်နေပုံ စသည်ဖြင့် လက်တွေ့နှင့် အပြော ကင်းကွာနေသော လောကကို ဇာတ်ကောင်တွေ သွင်းကာ သရော်ခဲ့ လေသည်။

**ဖိုးမာဒင်၊ အချစ်နှင့်စစ်ပွဲ၊ ကြင်မည့်သူ**(ဝတ္ထု) တို့တွင်ကား လူ့ ကိုယ် နှုတ်နှ လုံး အမူအရာ သရုပ်ဖော်ခြင်းအမှု စတင် ပါလာခဲ့လေသည်။

**ဖိုးမာဒင်**တွင် ယမင်းရုပ်ကလေးကို ကျောပိုးကာ ရုပ်သေးပညာဖြင့် တစ်ရွာဝင် တစ်ရွာထွက် (အ)ဖိုးမာဒင် အသက်မွေးပုံ၊ အရုပ်ကြိုးဆွဲကာ ဆွဲကာနှင့် သူ သီဆိုဟစ်ကြွေးသံကို လူအများ ကြည်မောနေသည့်အခါ ဘဝင်ခွေ့ နှစ်သိမ့် ဟန်လက္ခဏာ အရိပ်အရောင်ပြပုံ၊ ကျန်အချိန်များတွင်မူ ငေးတိငေးမောနေတတ် ၍ လူတွေနှင့် ခပ်စိမ်းစိမ်း ဆက်ဆံတတ်ပုံ၊ သူ့ နေရေးထိုင်ရေး ကျန်းမာရေးတို့ တွင် အမှတ်တမဲ့ ရှိပုံ စသည်ဖြင့် အလေးပေး ဖော်ပြလေသည်။ အဘိုးအို ခန္ဓာစဲသည့် အဖြစ်ကား သာမညသာ ဖြစ်လေသည်။

တစ်ဖန် **အချစ်နှင့်စစ်ပွဲ** (ဝတ္ထု)သည် ဘုရင်တပင်ရွှေထီးနှင့် ယောက်ဖတော် ဘုရင့်နောင် (ကျော်ထင်နော်ရထာ) တို့၏ ပြည်တိုက်ပွဲအကြောင်း ဖြစ်လေသည်။ ပြည်မြို့ကိုတိုက်ရန် သူတို့၏ ကြည်းတပ် ရေတပ် ချီတက်ပုံ၊ ထို့နောက် ညဉ့်အချိန်တွင် ဘုရင်တပင်ရွှေထီး၏ လှော်ကားတွေက ပြည်မင်း ရေတပ်ကို တိုက်ချည်ဆုတ်ချည်နှင့် အင်ပျောကျွန်းရောက်အောင် စစ်ရေးငင်ပုံ၊ လှော်ကားကို ထွက်လိုက်သော ပြည်ရေတပ်ကို ကမ်းနှစ်ဖက်တွင် ပုန်းနေသော မြန်မာရေတပ်သားများက ညှပ်တိုက်သဖြင့် အနိုင်ရပုံ အကြောင်းသည် ရာဇဝင် ကြီးများ၌ အမြွက်မျှ ပါ ပါ၏။ ဤတွင် ဝတ္ထုရေးဆရာ ဇော်ဂျီက ဖန်တီးခဲ့ သည်မှာ အင်ပျောကျွန်းထက်တွင် ဘုရင်တပင်ရွှေထီး၏ ရေတပ်သည် လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ပြည်မြို့တောင်ဘက် ကုန်းထက်တွင် ဘုရင့်နောင်၏ ကြည်းတပ်သည်လည်းကောင်း စခန်းချနေလေသည်။ ဘုရင့်နောင်နှင့်အတူ ကြင်ယာတော် သခင်ကြီးလည်း ပါလာခဲ့သည်။ ထိုအခါ တစ်ညနေတွင် တပ်စခန်းအနီးရှိ စေတီသို့ သူတို့ဇနီးမောင်နှံ သွားရောက်ဖူးမြော်ကြမည်ဟု အားခဲထားလေသည်။ သို့ရာတွင် ဘုရင့်နောင်၏ ကုန်းတပ်သားများသည် ပြည်ကိုတိုက်ရာ အရေးမလှ။ ဘုရင့်နောင်မှာလည်း သခင်ကြီးနှင့်အတူ ဘုရားမသွားနိုင်ဘဲ စံအိမ်တော် လျှောင်းတော်ဦး၌ တိုက်ရေးခိုက်ရေး အကြံထုတ်နေရသည်။ ထိုအခိုက် သခင်ကြီး စံနေသည့် ကြာခြည်ခန်းအတွင်းမှ အော်သံကြားလိုက်ရ၍ ဘုရင့်နောင် ထိတ်ခနဲဖြစ်ကာ ပြေးအဝင်၊ သခင်ကြီးက အခန်းဝတွင် ကန့်လန့်ချည်ထားသော ပိုးပဝါကို သွားတိုးမိလေသည်။ ဤတွင်မှ သခင်ကြီး၏စိတ်ကူးကို သဘောပေါက်ကာ ဘုရင် တပင်ရွှေထီးနှင့်အတူ စစ်ပရိယာယ်ပြောင်း၊ စစ်လည်း အနိုင်ရလေသည်။ ဘုရားအတူတက်ရန် သခင်ကြီး၏ အလိုကိုလည်း ဖြည့်နိုင်တော့သည်။ ဤသည်ကား မိန်းမသားစိတ်အကြောင်း တစေ့တစောင်း ဖွင့်လိုက်ခြင်း ဖြစ်လေသည်။

တစ်ဖန် **ကြင်မည့်သူ**(ဝတ္ထု)တွင် မုန့်ဟင်းခါးဆိုင် ဝန်းကျင်၌ အပျိုချော မကျော့စိန်နှင့် လူပျိုကလေး မောင်ဘမြိုင်တို့၏ မချစ်ဝံ့ ချစ်ဝံ့ ဇာတ်လမ်းသည် နှစ်လို့ဖွယ်ရာ ဖြစ်လေသည်။ သို့ရာတွင် ထိုဇာတ်လမ်းသည် ဆီလျော်သောအဆုံး မရောက်ခဲ့ဟု ဆိုရလိမ့်မည်။ ရန်ကုန်သို့ မောင်ဘမြိုင် အသွားအပြန် တစ်ပတ်နှစ်ပတ်လောက်အကြာ မကျော့စိန်နှင့် လိပ်ပတ်လည်အောင် သူ စကားမပြောမိ၍လား မသိ၊ ကလေးမကလေး အသက်ဆုံးရပုံမှာ တမင်ဇာတ်နာအောင် လုပ်သကဲ့သို့ ဖြစ်သည်။ ဝတ္ထု၏ ချွတ်ယွင်းချက် တစ်ရပ်ပင်။

ဇော်ဂျီသည် **အောင်ဘော်နှင့် လေးလုံး၊ ဦးသောဘိတနှင့် ကိုခင်၊ သော့တွဲနှင့် နတ်ရုပ်၊ သူ့မယား** ဝတ္ထုတို့များတွင်မူ လောကသဘာဝ၊ လူ့သဘာဝကို ပီပီပြင်ပြင် ပြလာခဲ့လေသည်။

**အောင်ဘော်နှင့် လေးလုံး**(ဝတ္ထု)သည် လူကြီးမိဘနှင့် တစ်မျိုး၊ ပတ်ဝန်းကျင်နှင့်တစ်ဖုံ သဟဇာတ ဖြစ်နေသော ကလေးသူငယ်အဖွဲ့ ဖြစ်လေသည်။





မြေးဖြစ်သူ အောင်ဘော်သည် အဘိုး၏ မေတ္တာရိပ် ခိုလှုံရ၍ စိတ်လုံခြုံသည်။ အိမ်မွေးတိရစ္ဆာန်များကို အဖော်သဟဲပြုရ၍ စိတ်ပျော်သည်။ တောသဘာဝနှင့်လည်း နေသားတကျ ရှိလေသည်။ ဤသဘောပေါ်အောင် ဇာတ်လမ်း အစအဆုံး သယ်သွားလေသည်။

တစ်ဖန် **ဦးသောဘိတနှင့် ကိုခင်**(ဝတ္ထု)သည် လင်သားကို ဂရုစိုက်သော မိန်းမအဖွဲ့ ဖြစ်လေသည်။ ဇော်ဂျီသည် မိန်းမတွေ မကောင်းကြောင်းရေးသော ကျမ်းစာအုပ်တွေ ဖတ်နေရမည့် အရှင်ဦးသောဘိတကို တစ်ဖက်တွင် အရိပ်အရောင်ပြ၍၊ ဇနီးသည်နှင့် ချစ်ချစ်ခင်ခင် စကားပြောနေသည့် ကိုခင်ကို အနီးကပ် လှုပ်ရှားပြလေသည်။ ငယ်ဖြူရဟန်း၏ တာတွေ့အမြင်နှင့် စိတ်ချမ်းသာသော အိမ်ထောင်ရှင့်ဘဝအတွေ့အကြုံကို အားပြိုင်သဘော ပြလေသည်။ ထိုရှုခင်းကို ဖြည့်ပေးလိုက်သည်မှာ ဝတ္ထု အစ အလယ် အဆုံးတွင် ပါနေသော ကျီးအာသံပင် ဖြစ်သည်။

ကျန်ဝတ္ထုတိုနှစ်ပုဒ်သည် အိမ်ထောင်ရေးနှင့်လည်း ဆိုင်၏။ မရှိသည်ကို အရှိလုပ်မှု၊ ဟန်ရေးဝါရေးပြမှု၊ မိမိကိုယ်ကို မိမိ လှည့်စားမှု စသော လူသတ္တဝါ ယောကျ်ား မိန်းမတို့၏ ချွတ်ယွင်းချက်၊ အားနည်းချက်ကလေးများနှင့်လည်း ဆိုင်၏။ ဤသည်ကို ဇော်ဂျီက ဟာသနှော၍ ပြောပြလေသည်။

**သော့တွဲနှင့် နတ်ရုပ်** (ဝတ္ထု) တွင် မုဆိုးဖိုကိုချိပ်မှာ အာဝဇ္ဇန်းရွှင်ရွှင်နှင့် စကားပြောတတ်၍ စကားပြောသည့်အခါတိုင်း လည်ပင်းတွင် ထိုးထားသော ဆေးနီ နတ်ရုပ်နှစ်ရုပ်မှာ ကြည့်၍ကောင်းပုံ၊ မုဆိုးမ မရွှေပွင့်မှာ လက်တွင် ကျားခေါင်းလက်ကောက် ဝတ်ထား၍ သော့တွဲ ပခုံးပေါ်တင်ကာ ကိုချိပ် စကားပြောသည်ကို နားထောင်တတ်ပုံ၊ ကိုချိပ်မှာ လူစွမ်းလူ စရှိသည်ဟု မရွှေပွင့်က ထင်၍၊ မရွှေပွင့်မှာ ငွေစကြေးစ ရှိသည်ဟု ကိုချိပ်က ထင်ပုံ၊ တစ်ဦးကိုတစ်ဦး အထင်ကြီးပြီး အိမ်ထောင်ပြုကြပုံ၊ သို့ရာတွင် အထင်နှင့်လက်တွေ့ မကိုက်သဖြင့် လင်မယား ကွဲကြပုံ၊ မရွှေပွင့်မှာ ဇာတ်ထဲတွင် နတ်ကတော်အဖြစ် ဆင်းဆင်းရဲရဲ အသက်မွေးရ၍ ကိုချိပ်မှာ ဆိုင်းအဖွဲ့ တစ်ခုတွင် နောက်ထိုင် လုပ်ကိုင်စားသောက်ရပုံ၊ အကြောင်းတစ်ခုကြောင့် ကိုချိပ် ပါသော ဆိုင်းအဖွဲ့နှင့် မရွှေပွင့် ပါသော



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အဖွဲ့တို့ တွဲမိပြီး သူတို့နှစ်ဦး ပြန်လည်ဆုံစည်းကြပုံကို ဇော်ဂျီက ရေးပြ၍ အောက်ပါအတိုင်း မှတ်တမ်းတင်လေသည်။

–ယခုအခါတွင် ကိုရှိပ်၏ လည်ပင်းက ဆေးနီနတ်ရုပ် နှစ်ရုပ်သည် ခပ်မှိန်မှိန် အလင်းရောင်တွင် ကွယ်လျက် ရှိနေလေပြီ။ မရွှေပွင့်၏ ပခုံးပေါ်၌လည်း သော့တွဲကြီး မရှိတော့ပြီ။

–'ဖြစ်မှ ဖြစ်ရလေ မရွှေပွင့်ရယ်'

–မရွှေပွင့်မှာ မျက်ရည်များ ဝိုင်း၍ လာလေသည်။

–'ကဲကွယ်၊ မင်း နတ်ကတော် မလုပ်ပါနဲ့တော့။ ငါပဲ မင်းသားကြီးလုပ်ပြီး ကျွေးပါ့မယ်။ အခု ဒီဇာတ်ထဲမှာ မင်းသားကြီးတစ်ယောက် လိုတယ်လို့ ကြားရဘာယ်'

သူတို့နှစ်ယောက် ပြန်ပေါင်းထုပ်ကြ၍ စိတ်အေးချမ်းရသည့်အဖြစ်ကို အလေးပေးလိုသော သဘောဖြင့်လည်း ဝတ္ထုအဆုံးတွင် ဇာတ်ထဲက ဝန်ကြီး လေးပါးနှင့် ရှင်ဘုရင်သည် တိုင်းရေးပြည်ရေး ဆွေးနွေးရာမှ တိုင်းပြည်အေးချမ်း သဖြင့် ဘုရင်မင်းကြီးမှာ ဝမ်းသာအားရ ဖြစ်ရကြောင်း စကားကို ထပ်ဖြည့်ပေးလိုက် လေသည်။

**သူ့မယား(ဝတ္ထု)**တွင်ကား ဈေးသည်မ မဖော့သည် ကုန်စိမ်းရောင်း၍ အိမ်ထောင်တာဝန် ထမ်းရ၏။ လင်ဖြစ်သူ ကိုဆင်ကမူ အိမ်၌သာနေ၍ ကလေး ထိန်းသည်။ ထမင်း ဟင်း ချက်သည်။ သို့ရာတွင် အရပ်ထဲက မင်္ဂလာဆောင်တွင် ကိုဆင် မင်္ဂလာသြဘာစကား ပြောသည်ကို မဖော့ ဂုဏ်ယူလေသည်။ ထို့ပြင် လင်ယောကျ်ားရှိ၍ အရပ်ထဲက အရက်သမား လူရမ်းကားရန်ကို သူ ကြောက်စရာ မလို။ ဤတွင် မိန်းမလုပ်စာ ထိုင်စားသည်ဟု သူများ ကဲ့ရဲ့သည်ကို ကိုဆင် ခံပြင်းလာခဲ့သည်။ ကိုဆင် လယ်ထွန်ကြည့်၊ ဝါးရောင်းကြည့်လေသည်။ မအောင် မြင်။ ထိုအခါ စိတ်တစ်မျိုးပေါက်ကာ ခေတ္တခဏ ဆို၍ ရဟန်းတက်လေသည်။ မဖော့လည်း အိမ်စောင့်ရှောက်ရန် တခြားရွာမှ အဒေါ်ကို ခေါ်ထားရ၏။ သုံးလ လောက်ကြာသော် အဒေါ်က သူ့ရွာကို ပြန်ချင်နေလေပြီ။ မဖော့သည် အိမ်သို့





ဆွမ်းလာစားလေ့ရှိသော ဦးပဥ္စင်း(ကိုဆင်)ကို လူထွက်ဖို့ လျှောက်ကြည့်ရာ သင်္ကန်း ၏ အရိပ်အာဝါသ အေးမြလှကြောင်းသာ ပါဠိဂါထာတွေ ရွတ်၍ ပြန်ဖြေလေ သည်။ မဖော့လည်း ကြံရာမရဖြစ်ကာ အသိမိန်းမတစ်ယောက်နှင့် တိုင်ပင်လေ သည်။ ထို့နောက် ဦးပဥ္စင်း ဆွမ်းစားကြွမည့် တစ်နေ့၌ မဖော့သည် ဝတ်စားဆင်ပြင် ထားလေသည်။ အထုပ်အပိုးတွေလည်း အိမ်တစ်နေရာတွင် ချထားသည်။ လှည်း တစ်စီးလည်း အိမ်ရှေ့တွင် ပြင်ထားသည်။ ဦးပဥ္စင်း ဆွမ်းစားပြီးချိန်၌ မဖော့က မိမိတို့ သားအမိသည် အဒေါ့်ရွာသို့ ပြောင်းမည်ဖြစ်ကြောင်း၊ ဦးပဥ္စင်းနှင့် ဘဝချင်း ခြားနေပြီဖြစ်၍ ပြတ်ပြတ်စဲစဲ လုပ်ပေးစေချင်ကြောင်း လျှောက်ထားလေသည်။ ဦးပဥ္စင်းမှာ လင်ခန်း မယားခန်း ပြတ်မလိုလို ထင်နေသော်လည်း လောကီသားသာ ဖြစ်သည်။ ထိုအခါ ဝတ္ထုကို ဇော်ဂျီ သေသေသပ်သပ် အဆုံးသတ်လိုက်ပုံမှာ–

–'ယခုလို လျှောက်ထားရတာဟာ နှစ်ဖက်အကျိုးကို ကြည့်ပြီး လျှောက် ထားရခြင်းသာ ဖြစ်ပါတယ်။ ဦးပဥ္စင်းကြီးလည်း တရားတော်ကို ဖြောင့် ဖြောင့် အားထုတ်နိုင်ပါလိမ့်မယ်။ တပည့်တော်မမှာလည်း အခြား အားကိုး အားထားကို တွေ့ပါက...'

–'ဟာ၊ နင်တို့ ဒွေးလေးရွာမှာ ထန်းရည်သမား အလွန်ပေါတယ်ဟ။ ငါ လူထွက်ပါတော့မယ် ဟာ' ဟု ပြော၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မဖော့ ကိုဆင်၏မယား ဖြစ်ရပြန်လေသတည်း။

ဟူ၍ ဖြစ်လေသည်။

တိုက်စိုး

၆–၂–၉၉

www.burmeseclassic.com



# ဖိုးမာဒင်

ကျွန့်ပ်သည် တစ်ညနေတွင် အနောက်ဘက်ကောင်းကင်သို့ ငေးမျှော်လျက်နေမိသည်။ ကောင်းကင်ဝယ် တိမ်လွှာတို့သည် အချို့ကား ရွှေရွှေ၊ အချို့ကား နီနီ၊ အချို့ကား မရမ်း၊ အချို့ကား မှိုင်းမှုန်မှုန် ရှိကြ၍ ကောင်းကင်လေရူး၏ တန်ခိုးကြောင့် အမျိုးမျိုးသော သဏ္ဌာန်တို့ကို ဖန်ဆင်းကာ တိမ်ဇာတ်ခင်းလျက် နေကြလေသည်။ ထိုအခိုက်တွင် တိမ်စိုင်ခဲတစ်ခုသည် တိမ်ထုတစ်ခုမှ ပဲ့ထွက်၍ မင်းဖွယ်စိုးဟန် နေကြသော တိမ်လွှာတို့၏အကြား၌ မိမိ၏ ရုပ်တည်ရာ၊ လဲလျောင်းရာကို မမြင် မသိသည့်အလားတောင်သို့ ကူးကာ၊ မြောက်သို့ လားကာ အထီးတည်း လွင့်ပျံလျက် နေလေသည်။ အချိန် အတော်နှောင်းသွားသောအခါ ကောင်းကင်တစ်ခုလုံးသည် မည်းလာလေသည်။ ရောင်စုံ ဝင်းပနေသော တိမ်လွှာတို့သည်လည်း အသီးသီး အရောင် မှေးသွားကြလေသည်။ အထီးကျန် တိမ်စိုင်ခဲသည်လည်း သူ့အလိုလို ပျက်ကြွေသွားလေသည်။

ကျွန့်ပ်သည် ဤတိမ်ကားကို ယခုမှ သတိရသဖြင့် ပြန်လှန်၍ ရေးရသော်လည်း ထိုနေ့ ညနေကသော် မှောင်ကျလာသည်နှင့် တစ်ပိုင်းက ကျွန့်ပ်၏ စိတ်အာရုံတွင် ရောင်စုံဝင်းပနေကြသော တိမ်လွှာတို့ ပျောက်ကွယ်၍ အထီးကျန် တိမ်စိုင်ခဲတစ်ခုသာ ကျန်ခဲ့လေသည်။ သို့နှင့်လည်း ကျွန့်ပ်၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်အာရုံသည် ထိုတိမ်ဖိုင်ခဲ့သော အကြာအရှည် စူးစိုက်၍ မနေခဲ့။ ပေါ့ပါးသော တောင်ပံနှစ်ခုကို ရလိုက်သည့်ပမာ အစအဆုံး မသိမြင်နိုင်သော ဥက္ကမ္ဘာကြီး၏ ထက်ဝန်းကျင်သို့ စိတ်တို့၏ လျင်မြန်သောအဟုန်ဖြင့် ထိုမှ ဤမှ ကျက်စားသွားလာခဲ့လေသည်။ နောက်ဆုံးတွင် ထိုစိတ်အာရုံသည် ကျွန်ုပ်တို့၏ ရွာငယ်သို့ နွေဆန်းစ အခါတိုင်း ရောက်လာတတ်သော ဖိုးမာဒင်ဟု ခေါ်ကြသည့် အဘိုးအို တစ်ယောက်ထံသို့ ရောက်သွားလေသည်။

ဖိုးမာဒင်သည် ဇရာဒုဗ္ဗလ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေရသူတစ်ဦး ဖြစ်သည့်အားလျော်စွာ ခါးကိုင်းကိုင်း၊ ခြေလက်တို့မှာ အကြောပြိုင်းပြိုင်းထ၍ မျက်စိသည် အတန်ငယ် မှုံဟန် ရှိလေသည်။ ထိုအဘိုးအိုသည် နဂိုကပင် တုဏှိဘော နေတတ်သဖြင့် အကယ်၍သာ ကိုယ်လက်အင်္ဂါ လှုပ်ရှားခြင်း မရှိခဲ့ပါမူ မြန်မာ ကျောင်း၊ တန်ဆောင်းများ၌ တွေ့တတ်မြင်တတ်သော သူအို ကမ္ဗဋ္ဌာန်းရုပ် သာသာပင်ဟု တွေးတောစရာ ဖြစ်တော့သည်။ သို့ရာတွင် သူ၏မျက်လုံးသည် အလွန်ကြည်လင်၍ အသံသည်လည်း မာကျောလှလေသည်။

အရပ်စကား ပြောကြသည်မှာ ထိုဖိုးမာဒင်သည် ရုပ်သေးဆရာ ဖြစ်ခဲ့ဖူးကြောင်း၊ လွန်ခဲ့သော အနှစ်သုံးဆယ်လောက်က ရှမ်းပြည်နယ်၌ လှည့်လည်၍ ရုပ်သေးရုပ် ကပြစဉ် သူ့ကို ချစ်နေသူတစ်ဦးက သူ့ကို ချစ်သောကြောင့် ပြုစားလိုက်ကြောင်း၊ ထိုသို့ ပြုစားလိုက်သည့် နေ့မှစ၍ သူ့မှာ ရုပ်သေးစင်ပေါ်၌ ထိုင်၍ မသီဆိုနိုင်တော့ဘဲ အရပ်ရပ်လှည့်၍ ဆုံလည်နွားကဲ့သို့ နေရကြောင်းများ ဖြစ်လေသည်။ 'အေရယ်...ချစ်လို့များ ပြုစားရသလား...အေရယ်' ဟု တစ်ယောက်က ပြောဖူးသည်။ ထိုအခါ အခြားတစ်ယောက်က 'အို...သူက သူ့ကိုယ်သူ ရုပ်သေးဆရာပဲလို့ ဟန်ကြီးပန်ကြီး လုပ်နေတာလားမှ မသိဘဲ' ဟု ထောက်ဖူးသည်။ ထိုအခါ နောက်တစ်ယောက်က 'ငါ့များ ဒီလိုချစ်လာရင် ပြန်ချစ်လိုက်မှာပဲ' ဟု ရယ်မောသံနှင့်ရော၍ ပြောဖူးလေသည်။





ဖိုးမာဒင်မှာ ဥက္ကမ္ဘာပေါ်တွင် သူ၏ ကိုယ်ပိုင်ပစ္စည်းဟူ၍ မင်းသမီးရုပ်သေးက တစ်ရုပ်၊ ထန်းခေါက်ဖာက တစ်လုံး၊ ပေါင်းမို့မို့နှင့် လှေငယ် တစ်စင်းသာ ရှိလေသည်။ ဖိုးမာဒင်သည် ပေါင်းမို့မို့လှေငယ်ဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ ရွာငယ်များသို့ နံ့စပ်အောင် သွားလာ လှော်ခတ်လျက် နေလေသည်။ သူ၏လှေငယ် ဆိုက်ကပ်ရာ ရွာတိုင်းတွင် သူသည် မင်းသမီးရုပ်ကို ထန်းခေါက်ဖာတွင်းမှ ထုတ်၍ ပခုံး၌ ကျောချင်းကပ် ပိုးလွယ်ကာ ရွက်ကုန်ဖွင့်ထားသဖြင့် ရှေ့သို့ ငိုက်စိုက် ငိုက်စိုက်နှင့် လွင့်သွားသော တုန်ကင်းကြီးပမာ ရွာရိုးသို့လျှောက်၍ အရိပ်ကောင်းကောင်းတစ်ခုတွင် ကြိုးဆွဲကပြ သီဆိုလေ့ ရှိလေသည်။

သူ၏မျက်နှာတွင် ထူထပ်သော မျက်ခုံးမွေး၊ ပျဉ်းတွဲသော ပါးရေ၊ နှုတ်ခမ်းပေါ်တွင် ဖုံးအုပ်လျက်နေသော ဖြူဆွတ်ဆွတ် နှုတ်ခမ်းမွေးများ ရှိလေသည်။ သူသည် မည်သည့်အခါမျှ ရွှင်ပြုံးသည်ဟူ၍ မရှိ။ အစဉ် အံ့မှိုင်းသော ကောင်းကင်ကဲ့သို့ တွေဝေငေးမောလျက် ရှိလေသည်။ သို့ရာတွင် သူ၏ကျော၌ ပိုးလွယ်ထားသော မင်းသမီးရုပ်ကလေး၏ မျက်နှာပုံမှာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ပါးပြင်ကလေးမှာ ချောမွတ်၍ နှုတ်ခမ်းများမှာ ဟင်္သပဒါးရောင် ဆေးနီ ဆိုးထားသည့် ချိုပြုံးသော မျက်နှာပေး ရှိလေသည်။

ဖိုးမာဒင်သည် ရှေးရိုး ရုပ်သေးပျက်ကြီး ပီသစွာ သီချင်းဟောင်းများကို ကျနစွာ စည်းကျ ဝါးကျ ဆိုနိုင်လေသည်။ ခေတ်ကာလအလျောက် ပေါ်သော သီချင်းများကိုလည်း တော်သင့်စွာ ဆိုနိုင်လေသည်။ အသံမှာ အရွယ်နှင့် မလိုက်၊ ချိုအေးသောအသံ ဖြစ်သည်။ ထို့ကြောင့် နားဆင်ရသူ လူကြီး လူငယ် ဟူသမျှသည် ထိုသီချင်းသည် အဘိုးအိုအား သနားကြသည်။ သဒ္ဒါကြသည်။ ထို့ကြောင့် ဖိုးမာဒင်သည် ရောက်လေရာ အရပ်တိုင်း၌ မနှစ်လိုအပ်သော အနိဋ္ဌာရုံ သူဆင်းရဲ မဟုတ်။ သူခပ်သိမ်းတို့၏ ကြင်နာစွာ စောင့်ရှောက်ခြင်း၊ ရေပေးခြင်း၊ အစားအစာ ပေးခြင်း၊ နေရာထိုင်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်း၊ ချစ်ခင်ပျူငှာစွာ ခေါ်ငင်ခြင်း တည်းဟူသော ဤသတ္တလောက ကြီး၏ ဆုထူးဆုမြတ်ကို ခံယူခဲ့သော သူဆင်းရဲမျိုးသာ ဖြစ်လေသည်။

သို့ရာတွင် ဖိုးမာဒင်သည် ထို ဆုထူး ဆုမြတ်ကို ခုံခုံမင်မင် ရှိလှသည် မဟုတ်။ နားဆင်သူတို့၏ ဆန္ဒကို ဖြည့်ပြီး၍ တစ်ထွာမျှသော မိမိ၏ဝမ်းကို ဝ စေပြီးလျှင်ပင် လူနှံ့ကို မခံချင်သော အမူအရာဖြင့် မိမိ၏ ပေါင်းမိုးမို့ လှေကလေးဆီသို့ အမိအရ ပြန်သွားတတ်လေသည်။ အချို့က အဘိုးအိုအား ချီးမွမ်းကြသည်။ အချို့က အဘိုးအိုသည် မာနကြီးသည်တကား၊ လူဆန်းပြား ဖြစ်သည်တကား ဟု ပြောတတ်လေသည်။ သို့ရာတွင် ထိုစကားနှစ်ရပ်သည် ဖိုးမာဒင်၏ စိတ်၌ အစွန်းအထင်းမျှ မထိ။ ဘာသာအလျောက်ပင် နေတတ်လေသည်။ လူ့လောကနှင့် ခပ်ခွာခွာနေခြင်းကို သူ နှစ်ခြိုက်ဟန် တူလေသည်။ ထိုသို့ နေခြင်းသည် သူ့ဝါသနာ ဖြစ်ဟန်တူသည်။ ဖိုးမာဒင်၌ ထူးဆန်းသော အချက်တစ်ခု ရှိသေး၏။ ထိုအချက်ကို သေချာစွာ စုံစမ်းနိုင်မှ တွေ့မြင်နိုင်သည်။ အထူးသဖြင့် သူသည် အရပ်ကို က စေ၍ သီချင်း ဆိုလိုက်သဖြင့် နားထောင်သူတို့ ငေးမောနေသော အခါတွင် သူ၏ အုံ့မှိုင်းလျက်နေသော မျက်နှာသည် လန်းလာ၍ အသံသည်လည်း တိုး၍ ကြည်လင် လာတတ်သည်။ သူ၏ ကြုံလှီသော ကိုယ်ကာယသည်လည်း အသစ် အသစ် သော ခွန်အားဗလတို့ဖြင့် ကြီးထွားလာသည်ဟု ထင်မှတ်ရလေသည်။ သီချင်း ဆုံးသောအခါ ဖိုးမာဒင်သည် ကြားနာသူတို့အား မသိမသာ ကြည့်၍ မိမိ လိုရာသို့ ထွက်သွားတတ်လေသည်။

တပေါင်းလသည် ကျွန်ုပ်တို့၏ ရွာသို့ ဖိုးမာဒင်ကြီး နှစ်စဉ်နှစ်တိုင်း သူ၏ ချိုပြုံးသော အရုပ်ကလေးကို ပခုံး၌ လွယ်ကာ လာတတ်သောလ ဖြစ်လေသည်။ ရွာရှိ ကလေးတို့သည် ဖိုးမာဒင်ကို တမျှော်မျှော်နှင့် နေကြ သည်။ တပေါင်းလတွင် ပုရစ်ဖူးကလေးများသည် ပြေစင်၍ စိမ်းလန်းသော အရွက်ဘဝသို့ ကူးပြီးနောက် ယခုအခါတွင် ရင့်သော အဆင့်ကိုပင် ဆင်မြန်း ကြပြီ ဖြစ်သဖြင့် ရွာနောက်ဖေးရှိ တောအုပ်ကလေးသည် ညိုပုပ်ပုပ် အရောင်





ကို ဆောင်ကြလေပြီ။ ဖိုးမာဒင်၏ သီချင်းသံနှင့် တစ်လအတွင်း အပြိုင်အဆိုင် ကြားငြိမ့်ရသော ဥဩတို့၏ အသံသည်လည်း ရပ်စဲ၍ အထက်အာကာမှ မိုးပဇ္ဇုန် နတ်သားသည်ပင်လျှင် ဒိုးဒလိမ့်မည်ကာ မြူးထူးပျော်ပါးကြလေပြီ။ ဖိုးမာဒင်ကြီးသည်ကား ကျွန်ုပ်တို့၏ရွာသို့ သူ၏ ပေါင်းမိုးမို့ လှေကလေးနှင့် ပေါ်မလာတော့ချေ။

ကျွန်ုပ်သည် ဖိုးမာဒင်ကို လွန်ခဲ့သော တပေါင်းလက နောက်ဆုံး မြင်လိုက်ရသည်။ မြင်လိုက်ရသော အချိန်သည် ညနေစောင်း ဖြစ်သည်။ မြင်လိုက်ရာ နေရာသည် သူ၏ ပှေကလေး ဆိုက်လှေ့ရှိသော ကမ်းဆွယ် တွင် ပေါက်နေသည့် လက်ပံပင်အောက်က နေရာ ဖြစ်လေသည်။

ကျွန်ုပ်သည် ဖြူရော်သော အသွေးရှိ၍ အပွေး အပွေး ထ နေသော အခေါက်များကို နေခြည်ဖျော့ဖျော့ ရိုက်သဖြင့် ပန်းရောင်တောက်နေသော လက်ပံကိုင်းကြီးကို လည်းကောင်း၊ ထိုအကိုင်းအပေါ်တွင် အရွက်ကားသော အခက်ကြား၌ သားကောင်၏ဦးနှောက်ကို ဖောက်စားတော့မည့် ဟန်ကဲ့သို့ နားနေသော အမွေးပွပွနှင့် တောကျီးကန်းကို လည်းကောင်း၊ ထိုအကိုင်း အောက်၌ ခါးကို ဆန့်တန်းလျက် ပခုံး၌ ပိုးလွယ်ထားသော မင်းသမီးရုပ်၏ ကြိုးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်၍ နေရောင်ကို ညာလက်ဖြင့် မိုးကာလျက် ဝင်လုဆဲဆဲဖြစ်သော နေနီလုံးဆီသို့ ငေးကြည့်နေသော ဖိုးမာဒင်ကို လည်းကောင်း ယခုတိုင် မြင်ယောင်ယောင် ရှိသေးလေသည်။

လွန်ခဲ့သောနှစ်က ကျွန်ုပ်တို့၏ရွာမှ ထွက်ခွာသွားသော ဖိုးမာဒင် သည် အပြောကျယ်လှသော ဤမဟာပထဝီမြေကြီးပေါ်တွင် လွတ်လပ်စွာ သွားလာပြီးနောက် ယခုနှစ် ကျွန်ုပ်တို့၏ရွာသို့ လှည့်လာခါနီး၊ ဆောင်း အကုန် နွေအကူးလောက်မှ စ၍ နာခြင်းတည်းဟူသော ဗျာဓိမင်း၏ အကျဉ်း သားတစ်ယောက် ဖြစ်ခဲ့ဟန် တူလေသည်။

အကြောင်းမူကား ကျွန်ုပ်သည် ရွာဘုန်းတော်ကြီးနှင့် အတူတကွ တစ်နေ့သော နံနက်ခင်းတွင် ရွာအနီးရှိ ရွာတစ်ရွာသို့ လယ်ကွက်များကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၍ သွားသောအခါ တောအုပ်တစ်ခု၏ အကြားမှ ကျွန်ုပ်တို့အား ချောင်းမြောင်း ကြည့်နေသည့်ပမာ တစ်စွန်းတစ်ကွက်ပေါ်နေသော တဲခေါင်မိုးတစ်ခုကို မြင်လိုက်ရပါသည်။ နေမင်းသည် ထန်းတစ်ဖျားလောက်ရှိပြီဖြစ်သောကြောင့် ရေငတ်သည်ကလည်း တစ်ကြောင်း။ ထိုတဲခေါင်မိုးကိုလည်း ယခုမှသာ မြင်၍ အံ့သြသည်ကလည်း တစ်ကြောင်း။ ဤအကြောင်းများကြောင့် ဘုန်းတော်ကြီးအား လျှောက်ထား၍ တဲရှိရာသို့ ရောက်သွားလေသည်။

အတန်ငယ်လျှောက်သွား၍ တောအုပ်ကို ခိုဝင်မိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ခရေပင်များဝိုင်းလျက် မော်ရွက်ကလေးများအပေါ် မျောနေသော ချောင်းဖျား ကျဉ်းကျဉ်းတစ်ခုအနီး ဖရိုဖရဲ ဆောက်ထားသော ဓနိတဲငယ် တစ်လုံး၏ အရှေ့တွင် ရောက်နေလေသည်။ ထိုနေရာသည် တိတ်ဆိတ်လှလေသည်။ ကျွန်ုပ်သည် ဦးခေါင်းငုံ့၍ တဲထဲသို့ ဝင်လိုက်ပါသည်။

တဲထဲတွင် ထန်းခေါက်ဖာ၏ နံဘေး၌ မှဲ့ခြောက်လျက်ရှိသော ဆံပင်၊ ဟောက်နက်၍နေသော မျက်အိမ်၊ ချိုင့်ဝှမ်းသော ပါး၊ စုတ်ဖွားသော နှုတ်ခမ်းမွေးတို့ ထင်ကုန်သော မျက်နှာရှင် ဖိုးမာဒင်၏ အလောင်းကို မြင်ရလေသည်။ တဲနံရံတွင် အမီပင် သေဆုံးခဲ့သော်လည်း သောကဗျာပါဟူသည် မြူခြည်မျှမရှိ၊ ရွှင်ကြည်လျက် နေတတ်သော၊ အကလေးကဲ့သို့ ချိုပြုံးသော မျက်နှာကလေးဖြင့် ရင်ကလေးကို ချီမကာ သူ၏ မင်းသမီးရုပ်ကလေးသည် တွဲလဲဆွဲလျက် ရှိလေသည်။

ဤတဲသည် ဖိုးမာဒင် အနှောင်အချုပ်ခံသော ဗျာဓိမင်း၏ သံလှောင်အိမ်ပေတကား။ ကျွန်ုပ်၏ရှေ့၌ ဖိုးမာဒင်၊ ဖိုးမာဒင်၏ နံဘေး၌ ထန်းခေါက်ဖာ၊ ထန်းခေါက်ဖာ အထက် တဲနံရံ၌ မင်းသမီးရုပ်ကလေးသည် ပြုံးလျက် ရှိလေသည်။ ဖိုးမာဒင်မှာကား ချိုပြုံးသော မင်းသမီးရုပ်ကလေးနှင့် နေရသောဘဝကို အဆုံးသတ်လိုက်လေပြီ။ အို–သခင်…ဖိုးမာဒင်၊ အသင်





သည် သူခပ်သိမ်းတို့အား အသင်၏အသံဖြင့် မွေ့လျော်စေခဲ့ပြီ။ အသင် ကောင်းရာသုဂတိသို့ လားပါစေ။ ကျွန်ုပ်သည် ဤသို့လျှင် ဆုတောင်းလိုက်ပါသည်။

ကျွန်ုပ်သည် ယခုအခါတွင် ဖိုးမာဒင်၏ ပုံပန်းအစစ်ကို ကြည့်ချင်မြင်ချင်သည်ရှိသော် စိတ်မျက်စိဖြင့်သာ ကြည့်ရလေတော့သည်။ သူ၏ သာယာသော အသံအစစ်ကို ကြားချင်ပြန်ကလည်း စိတ်နားဖြင့်သာ နားထောင်ရလေတော့သည်။ ဤနည်းမှအပ မနုဿလူသားတို့၏ စွမ်းရည်သည် မတတ်နိုင်ကုန်။ အဘယ်ကြောင့်ဆိုသော် အလိုလို လှုပ်ရှားမြူးဝှာ မတတ်နိုင်သော ဖိုးမာဒင်၏ သွေးသား ခန္ဓာသည် သြကာသ လောကတွင် အကျုံးဝင် သွားလေပြီ။

ကျွန်ုပ်သည် ဖိုးမာဒင်၏ အလောင်းရှေ့တွင် တစ်ယောက်တည်း တုန်လှုပ်လာသဖြင့် ဘုန်းတော်ကြီးအား ပင့်ခေါ်ရန် တဲမှအထွက်တွင် ဘုန်းတော်ကြီးနှင့် ရင်ဆိုင်တွေ့သဖြင့် အကြောင်းကို လျှောက်ထားလေသည်။ ဘုန်းတော်ကြီးသည် တဲအတွင်းသို့ ဝင်၍ အလောင်းကို စမ်းသပ်ရင်း ‘ညကပင် ဆုံးဟန်တူတယ်။ ကဲ…ကဲ…ရွာသူကြီးကို မင်း သွားပြီး အကြောင်းကြားဦး’ ဟု စေလိုက်သဖြင့် ကျွန်ုပ်သည် တဲမှ ခွာခဲ့လေသည်။

နောက်သို့ တစ်ချက်ပြန်၍ လှည့်ကြည့်လိုက်ရာ ဘုန်းတော်ကြီးသည် မာန်ကို လျှော့ချနေသည့်ပမာ ငုံ့အပ်သော ဦးပြည်းဖြင့် တဲရှေ့၌ ရပ်နေသည်ကို မြင်ရလေသည်။ တဲခေါင်မှ အငွေ့ကလေးများလည်း တလူလူထွက်၍ နေကြလေသည်။

[ ဂန္ထလောက၊ နိုဝင်ဘာ၊ ၁၉၃၃ ]

www.burmeseclassic.com

www.burmeseclassic.com

# ကြင်မည့်သူ

ရွာတစ်ရွာတွင် ဈေးနှင့် မနီးမဝေးနေရာ၊ ညောင်ပင်ကြီးတစ်ပင်၏ အရိပ်အောက်၊ ထီးရွက်ထည်တစ်ခုဖြင့် တည်ခင်းလျက်ထားသော ဆိုင်သည် အပျိုချောသူငယ်မ မကျော့စိန်၏ မုန့်ဟင်းခါးဆိုင် ဖြစ်လေသည်။ နံနက်ခင်း၊ နေ့ခင်း၊ ညနေခင်းတိုင်း အထက်ပိုင်း အောက်ပိုင်းမှ အအို အပျို ယောကျ်ား မိန်းမမှစ၍ ကလေးသူငယ်များပင် ထိုဆိုင်သို့လာ၍ ဝယ်ယူစားသောက်လေ့ ရှိလေသည်။

မုန့်သည် သန့်ရှင်းစင်ကြယ်၍ လတ်ဆတ် ဖြူဖွေးသောမုန့် ဖြစ်လေသည်။ ဟင်းသည် ငါးခူ အသားများများ၊ ငှက်ပျောအူနု အကွင်းကွင်းဖြင့် ချက်ထားသော အလွန်ချိုမြိန်သည့်ဟင်း ဖြစ်လေသည်။ ဆီချက် ပန်းကန်ထဲတွင် ကြက်သွန်ကြော်သည် ကျွတ်၍ ရွှရွကလေး ကော့နေလေသည်။ ရောင်းသူ အပျိုမကလေး၏ ရုပ်ရည်မှာ လှလွန်းသည်ဟု မဆိုနိုင်သော်လည်း ယဉ်ကျေးသော အမူအရာ ရှိသည်။ ကြည်လင်သောမျက်လုံး ရှိသည်။ အေးဆေးသောမျက်နှာ ရှိသည်။ ထို့ကြောင့် သူခပ်သိမ်းတို့သည် မကျော့စိန်အား ဣန္ဒြေသူဌေးမကလေးပေပဲဟု ချီးမွမ်းပြောဆို ကြလေသည်။

ထိုကြောင့် မုန့်ဟင်းခါး စားချင်သူများသာလျှင် မကျော့စိန်၏ဆိုင်သို့ စားသောက်ရန် လာကြသည် မဟုတ်၊ မုန့်ဟင်းခါးကို မစားချင်သူများလည်း ယောင်လည်ယောင်လည်နှင့် ပေါက်လာတတ်ကြပေသည်။ ထိုသို့ ယောင်





လည်ယောင်လည်နှင့် လာတတ်သူများအနက် မောင်ဘမြိုင်ဆိုသော လူပျိုပေါက်စ တစ်ယောက်သည် သူများနှင့်မတူ၊ ပျက်ကွက်ခြင်းမရှိ၊ အချိန်မှန်မှန် ရောက်လာတတ်လေသည်။ တစ်ခါတစ်ရံ အရီးဖျော်တို့၏အိမ်မှ မုန့်ဆန်းများကို မေ့မှား၍ စားလာမိစေကာမူ မကျော့စိန်၏ မုန့်ဟင်းခါးကို မစားချင် စားချင်နှင့် လည်ပင်းကိုစင်းကာ မျိုချတတ်လေသည်။

မောင်ဘမြိုင်သည် မကျော့စိန်၏ဆိုင်သို့ လာတိုင်း လာတိုင်း 'တစ်ပန်းကန် ထည့်စမ်းပါဗျာ' ဟု ပြောဆိုပြီးလျှင် ကျောက်ရုပ်ပမာ ငြိမ်သက်စွာထိုင်၍ မကျော့စိန်ကို ကြည့်နေတတ်လေသည်။ မကျော့စိန်၏ ပါးပြင်သည် ချောမွတ်သည်။ ပါးပြင်အထက် နားသယ်စပ်တွင် ပေါက်လျက်ရှိသော ဆံနုတို့သည် စိမ်းနေကြသည်။ တစ်ခါတစ်ရံ မောင်ဘမြိုင်၏ မျက်စိသည် ဆီချက်ပန်းကန်မှသည် ငံပြာရည်ပန်းကန်သို့၊ ငံပြာရည်ပန်းကန်မှသည် ရေတတ်သီးမှုန့်ပန်းကန်သို့ သွက်လက်စွာ လှုပ်ရှားသွားလာလျက်နေသော အဖျား ဒန်းနီရောင် လက်ချောင်းကလေးများဆီသို့ ရောက်သွားတတ်လေသည်။ တစ်ခါတစ်ရံ မောင်ဘမြိုင်သည် မိမိထံသို့ ကမ်း၍ ပို့လိုက်သော မုန့်ပန်းကန်ကို လှမ်း၍အယူလိုက်တွင် မကျော့စိန်၏ လက်ချောင်းများကို မတော်တဆ တို့ထိမိတတ်သည်။ သို့ တို့ထိမိသည့်အခါတွင် မောင်ဘမြိုင်သည် ဦးခေါင်းကိုငုံ့၍ နေတတ်လေသည်။ ရင်ထဲမှာလည်း ခဏ ခဏ ဖိုနေတတ်လေသည်။

ထိုအခါမျိုးတွင် မကျော့စိန်သည်လည်း မျက်နှာပိုးသတ်ကာ အေးချမ်းငြိမ်သက်သော မျက်နှာဖြင့် ငေးတေးတေး နေတတ်သည်သာမက တစ်ခါတစ်ခါ သူ့မျက်လုံးတို့သည်လည်း မောင်ဘမြိုင်၏ မျက်နှာရှိရာသို့ တစ်ချက်တစ်ချက် ဝဲကာ သွားတတ်လေသည်။ မောင်ဘမြိုင် စားသောက်ပြီး၍ ပြန်သွားသောအခါလည်း မကျော့စိန်မှာ တစ်ကိုယ်တည်း နှုတ်ခမ်းစူလျက် ကျန်နေခဲ့တတ်လေသည်။ ဒေါသကလေးလည်း ထောင်းခနဲ ထွက်လာတတ်လေသည်။ သို့ရာတွင် ဒေါသကလေးမှာ ရှူးရှူးရှဲရှဲ ရိုးရိုးရဲရဲ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစာတ်၏ အညို့ကို ခံနေရသော ကသိကရိ လုပ်လီလုပ်လဲ့ ဒေါနွဲ့နွဲ့ ကလေးသာ ဖြစ်သောကြောင့် တစ်ခဏချင်းပင် ပျောင်းခွေပြေလျော့ သွားရရှာလေသည်။

တစ်ခါလာ ဘာမှ မပြော။ တစ်ခါလာ ဘာမှ မပြော။ နောက်တစ်ခါ လာပြန်တော့ သူတို့ရွာ ပင်နီပေါတယ်လို့ ပြောခဲ့ရှာတယ်လေး ဟူသော သီချင်းထဲက လူစားလို 'မကျော့ရေ၊ ကျုပ်ဟာ မကျော့စိန်ကို ချစ်နေမိပြီဗျ...' ဟူသော စကားကလေး ဆယ်လုံးလောက်ကိုမျှ ရဲဆေးတင်ကာ နှုတ်က မလွှတ်ဝံ့ရှာသော မောင်ဘမြိုင်သည် အုံ့ပုန်းလုပ်လာခဲ့သည်မှာ လ ပေါင်း အတန်များလေပြီ။ ထို့ကြောင့် မကျော့စိန်သည် မောင်ဘမြိုင်အား သူ့အလို မပါ မေတ္တာမျှချင်သော လူပျိုကလေးတစ်ယောက်ပဲဟု မရွံ့တရွံ့ တွေးတော လာလေသည်။

စင်စစ် မောင်ဘမြိုင်သည် မကျော့စိန်ဆီသို့ လာသောအခါတိုင်း 'မကျော့စိန်ကို ကျုပ်က ခင်ပါတယ်၊ ကြင်နာပါတယ်' ဟု ပြောမည် ပြောမည်နှင့် အမူးအမော် ကြိုးစားအားခဲ၍ လာသည်ကား မှန်ပေ၏။ မြေကြီး လက်ခတ် ဆတ်ဆတ်မလွဲ မှန်ပေ၏။ သို့ရာတွင် သခွတ်ပန်း ပွင့်သောအခါ တိုင်း ကသစ်ပန်းကို သတိရ၍ မိမိ၏ စံရာဟောင်း ဖြစ်ခဲ့ဖူးသော မာဃ သိကြား၏ သုဒ္ဒဿနမြို့ကို ပိုင်နိုးပိုင်နိုးသဘောဖြင့် ချီတက်ရာ စိတ္တကုဋ် တံခါးခုံရှိ သိကြားရုပ်များကို မြင်ရသည်နှင့် တစ်ပြိုင်နက် ဗိုလ်ထုပါပျက်၍ လက်လွှတ် ထွက်ပြေးရရှာသော အသူရာ သိကြားညိုကဲ့သို့ မောင်ဘမြိုင်သည် လည်း မည်မျှလောက်ပင် ဖွင့်ပြောတော့မည်၊ ဖော်ပြောတော့မည်ဟု အကြိမ် ကြိမ် အဖန်ဖန် ကြံစည်ခဲ့သော်လည်း မကျော့စိန်၏ အေးမြကြည်လင်သော မျက်နှာကို မြင်သောအခါတိုင်း ထိုအကြံအစည်တို့သည် သူ့အလိုလို ပြိုကျ သွားတတ်လေသည်။ မောင်ဘမြိုင်သည် စစ်မရောက်ခင် မြားကုန်တတ်သော စစ်သူကြီးအစားထဲက မဟုတ်၊ စစ်ပွဲသို့ ရောက်ခါမှ မြားကုန်တတ်သော စစ်သူကြီးနှင့် တူလှပေသည်။





ယင်းသို့ ဖွင့်မပြောနိုင်သော အကြောင်းကို စိစစ်သော် နှစ်ပေါင်း လ ပေါင်း များစွာက စုပုံနေ၍ ကြီးချင်တိုင်းကြီး၊ ဖွံ့ချင်တိုင်းဖွံ့၊ ဖြိုးချင်တိုင်း ဖြိုးနေသော မေတ္တာ အစိုင်အခဲကြီးတစ်ခုကို မောင်ဘမြိုင်၏ နှုတ်မှ ရုတ် တရက် ထွက်စိမ့်သောငှာ အတိုင်းအဆတို့ပင် ရှိလေမလားဟု တွေးတော ဖွယ်ရာ ရှိလေသည်။

သို့တည်းမဟုတ် မောင်ဘမြိုင်သည် မကျော့စိန်အား အပင်ပေါ်တွင် စွင့်စွင့်ကားကား ပွင့်လျက်ရှိသော နှင်းဆီပန်း၊ စံပယ်ပန်းကလေးများသဖွယ် မှတ်ထင်၍ နေပေသလော။ အပင်ပေါ်တွင် သူ့အလိုလို နဂိုစာတ်ဖြင့် လှပဆန်းကြယ်စွာ ပွင့်နေသော ထိုနှင်းဆီပန်း၊ စံပယ်ပန်းများသည် မနုဿ လူသားတို့၏ ဒုစရိုက်မှု မကင်းသောလက်ဖြင့် ချိုးဆွတ်ချွေယူခြင်းကို ခံရပြီး နောက် ဖန်ဖလား၊ ငွေဖလားသို့ ရောက်နေသော အလှပြ နှင်းဆီ၊ စံပယ် တို့ထက် ပို၍ ရှုချင်စဖွယ် ကောင်းသလို အပျိုကလေး မကျော့စိန်သည် အိမ်ထောင်သည် မကျော့စိန်ထက် ပို၍ ရှုမောဖွယ်ရာ ကောင်းလှပေသည်ဟု မောင်ဘမြိုင်စိတ်ထဲ၌ အထင်ရှိနေသလော ဟူ၍လည်း ယူဆစရာ ရှိလေ သည်။

သို့တည်းမဟုတ် ဘယ်အခါမျှ ကုန်ဆုံးပျောက်ကွယ်သွားသည် မရှိ။ နှစ်စဉ်နှစ်တိုင်း အချိန်မှန်ကန်စွာ ခါတော်မီ ပွင့်တတ်သော သဇင်ပန်း၊ ပိတောက်ပန်းများကဲ့သို့ မကျော့စိန်သည် သူ့အချိန်ကျလျှင် မုန့်ဟင်းခါး ထွက်ရောင်းလိုက်၊ သူ့အချိန်စေ့လျှင် အိမ်ပြန်လိုက်နှင့် ဤသို့ တစ်သက် တာလုံး နေမည်မှာ အမှန်ပဲဟူ၍ မောင်ဘမြိုင်သည် စိတ်ကူးကောင်းတိုင်း ကူးနေသလော။

ထိုသို့ ရွံ့၍ မဝံ့သော မောင်ဘမြိုင်၊ အချစ်ဆို့၍ အ နေသော မောင်ဘမြိုင်၊ စိတ်ကူးတွေ၊ အတွေးတွေ အားကြီးနေသော မောင်ဘမြိုင် ထိုသို့ ထိုသို့သော မောင်ဘမြိုင်သည် ဤနေ့နံနက်ခင်း၌ ခါတိုင်းကကဲ့သို့ပင် မုန့်ဟင်းခါးကို ဆ ကာ၊ ဆ ကာ စားသောက်ပြီးနောက် ပြန်တော့မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



အထတွင် 'ကိုဘမြိုင်၊ ရှင် မြို့ကို သွားတဲ့အခါ ကျွန်မ တစ်ဆိတ်လောက် သိစမ်းပါရစေ ရှင်' ဟု ခွန်းထောက်လိုက်သော မကျော့စိန်၏ အသံကို ကြားလိုက်ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ ကန့်ကလျ လှပနေသော မကျော့စိန်၏ မျက်လုံးများနှင့် မိမိ၏ မျက်လုံးတို့သည် အငေးသား ဆုံမိကြ၏။

ထိုကြည့်ခြင်းမျိုးဖြင့် ဘယ်အခါ ကာလကမှ အကြည့်မခံခဲ့ရဖူးသော မောင်ဘမြိုင်သည် မိမိ၏ ကိုယ်ကာယကို မထိန်းနိုင်၊ တိမ်းတော့မလို ညွတ်တော့မလောက် ရပ်တည်ရာ မရဘဲ ရှိရာမှ 'ဘာကိစ္စများ အထူးရှိလို့လဲ၊ မ...ကျော့...စိန်ရဲ့' ဟု အထစ်ထစ် အငေါ့ငေါ့ ပြန်မေးလိုက်လေသည်။ မကျော့စိန်သည် မုန့်ပန်းကန်ကို အနီးရှိ သံပုံးထဲသို့ နှစ်မြုပ်ဆေးကြောရင်း 'မြို့ကိုရောက်ရင် ကြယ်သီးတစ်စုံ လိုချင်လို့ ပိုက်ဆံပေးလိုက်ချင်ပါတယ်' ဟု ရေးကြီးခွင်ကျယ် မဟုတ်သော အမူအရာဖြင့် ဖြေလိုက်လေ၏။ ထိုအခါ မောင်ဘမြိုင်သည် 'ကောင်းပါပြီ၊ အကြောင်းကြားပါ့မယ်။ နို့ပေမဲ့...' ဟု စကားကို အဆုံးမသတ်နိုင်ဘဲ ဆိုင်မှ ထွက်ခွာလာပြီးလျှင် ပထမအကြိမ် သူ့ထံမှ မရစတောင်း ရခဲ့၍ တပျံ့ပျံ့ တရှားရှား မွှေးကြိုင်လှသော စကားလက်ဆောင်ကို ယူဆောင်ကာ မိမိအိမ်သို့ ပြန်လာခဲ့လေသည်။

မကျော့စိန်၏ ဆိုင်နှင့် မနီးမဝေးနေရာသို့ ရောက်သောအခါ မောင်ဘမြိုင်သည် တစ်စုံတစ်ခုကို ကြည့်၍ ပြုံးနေလေသည်။ သူ၏ ရှေ့နားဆီရှိ စိမ်းမြမြ ရွက်နုကလေးများဖြင့် လည်းကောင်း၊ နီရွှေရွှေ အပွင့်ကလေးများဖြင့် လည်းကောင်း ဝေလွင်လွင်ရှိလှသော မန်ကျည်းကိုင်းစွန်းပေါ်တွင် တစ်ကောင်သော ဆက်ရက်ငှက်သည် တစ်ကောင်သော ဆက်ရက်ငှက်ကို နှုတ်သီးဖြင့် တို့လိုက်သည်။ ထိုအခါ အကျီစယ်ခံရသော ဆက်ရက်သည် လေထဲတွင် အငြိမ့်စီးကာ ပျံတက်ပြီးမှ တစ်ဖန် ပြန်နားလေသည်။ မောင်ဘမြိုင်သည် ထိုဆက်ရက်မောင်နှံကို ငေးစိုက်ကြည့်နေမိလေသည်။ ထိုသို့ ကြည့်နေရာမှ မကျော့စိန်ရှိရာသို့ လှည့်ကြည့်လိုက်ပြန်ရာ နေအရှက်ကို





ငုံ့လင့်ကြိုက်တွင် ရတ်တရက် ရှောင်တခင် လေညင်းယူဆင်သဖြင့် ခပ်ယဉ်ယဉ် ယိမ်းနွဲ့ရှုရာသော နှင်းဆီပန်းကဲ့သို့ မကျော့စိန်၏ တိမ်းငဲ့လျက်နေသော မျက်နှာကို မြင်လိုက်ရလေ၏။ မောင်ဘမြိုင်သည် အတိုင်းမသိသော ဝမ်းသာခြင်းဖြင့် မိမိလက်ကို မြှောက်ကာ ခါကာ ပြမိမှန်းမသိ ပြမိလေသည်။ ထိုနောက်မှ သတိကို ပြန်ထိန်းလျက် လက်ကို ရုပ်သိမ်းပြီးလျှင် အိမ်ဘက်ဆီသို့ သွက်လက်စွာ လျှောက်လာခဲ့လေသည်။

ထိုနေ့ညနေ မိုးချုပ်ခါစတွင် မောင်ဘမြိုင်၏ ဆွေရိပ်မကင်း မျိုးရိပ်မကင်းသူ ဦးလေးတော်တစ်ယောက်သည် ရွာအထက်ပိုင်းမှ ပြန်လာပြီးလျှင် 'ဟေ့–မောင်ဘမြိုင်၊ ငါ အခု မြို့ကို သွားစရာရှိတယ်။ မင်း ငါနဲ့အတူ လိုက်ခဲ့ကွာ' ဟု အရေးတကြီး ပြောလိုက်လေ၏။ မောင်ဘမြိုင်သည် ပျာယီးပျာယာ အဝတ်အကျီများကို လွယ်အိတ်တစ်ခု၌ ထည့်၍၊ ထည့်ရင်း "မကျော့စိန်ကလေးဆီကို သွားရ ကောင်းမလား။ ဟာ–မသွားပါဘူး၊ တော်တော်ကြာ ပိုက်ဆံ အတင်းပေးနေဦးမယ်" ဟု တွေးကာ သမွန်ဆိပ်ဆီသို့ ဆင်းသွားလေ၏။ များမကြာမီ သမွန်သည် ရွာနှင့်တကွ မကျော့စိန်ကို လင်းတော့မလို၊ မှိန်တော့မလို သောကတွေ ဝိုင်းနေဟန် တူသော လခြမ်းအောက်တွင် ငြိမ်သက်စွာ ထားပစ်ခဲ့လေသည်။

နောက်တစ်နေ့ မြို့တွင် မောင်ဘမြိုင်၏ ဦးလေးတော်သူသည် ရုံးသို့ သွားသည်နှင့် တစ်ပြိုင်နက် မောင်ဘမြိုင်သည် သင်္ဘောဆိပ် ဈေးတန်းဘက်သို့ ခြေဦးလှည့်လေသည်။ ဈေးတန်းထဲတွင် ကြယ်သီးဆိုင်ကို လိုက်လံရှာဖွေရာ နောက်ဆုံး၌ ကုလားဆိုင်တစ်ဆိုင်ကို တွေ့လေသည်။ ကြယ်သီးများကို ကြည့်လိုက်ပြန်သောအခါ သူ သဘောကျသော ကြယ်သီးကို မတွေ့သဖြင့် ခေါင်းကုတ်ကာ တွေဝေလျက် "ဟယ်...ရှိတာပဲ ဝယ်သွားမယ်" ဟု တွေးကာ ကျောက်စိမ်းရောင်၊ ကြက်သွေးရောင်၊ စစ်စီးရောင် အပြောက်အပြောက် ခြယ်ထားသော ကြယ်သီးတစ်စုံကို ဝယ်လိုက်လေသည်။

ညနေ လေးနာရီလောက်တွင် ဦးလေးလုပ်သူသည် ရုံးမှ ပြန်လာ၍



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့–မောင်ဘမြိုင်၊ ငါ ရန်ကုန်မှာ ဝတ်လုံကြီးနဲ့ တွေ့စရာ ရှိသေးတယ်။ မင်း လိုက်ခဲ့ဦးကွာ' ဟု ပြောလိုက်သောအခါ မောင်ဘမြိုင်သည် စိတ်ပျက်သော အမူအရာဖြင့် ခေါင်းကို ဆေးလေးစွာ ညိတ်လိုက်ရလေသည်။

နောက်တစ်နေ့ ဆယ့်နှစ်နာရီလောက် အချိန်တွင် မောင်ဘမြိုင်တို့ စီးနင်းလိုက်ပါလာသော သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်လေသည်။ ထို့နောက် ပစ္စည်းများကို တည်းအိမ်တွင် ထားကြပြီးလျှင် ဆိုင်ရာသို့ ထွက်သွားကြလေသည်။ မောင်ဘမြိုင်၏ ဆိုင်ရာမှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးပင် ဖြစ်လေသည်။ မောင်ဘမြိုင်သည် ကုန်းတော်သို့ အတက်တွင် နှင်းဆီပန်းက နှစ်စည်း၊ သပြေပန်း နှစ်ခိုင်၊ ဖယောင်းတိုင်က နှစ်ထုပ် ဝယ်ပြီးလျှင် ဗဟန်းဘက်တန်ဆောင်း၊ ဓမ္မစေတီမင်းတရားကြီး တည်တော်မူသည့် ဆုတောင်းပြည့်ဘုရားတွင် ကန်တော့ဝတ်ချပြီးလျှင် တစ်နာရီကျော်ကျော်လောက် ကြည်ညိုနေလေသည်။ ထို့နောက် ရွှေတိဂုံစေတီတော်ကို လက်ယာရစ် သုံးပတ် ပတ်၍ ဘုရားဈေးဘက်မှ ဆင်းလာလေသည်။ အဆင်းတွင် (ပီလောပီနံ လိပ်ခွံဘီးအစစ် ရောင်းရန် ရှိသည်)ဟု စာလုံးကြီး ရေးသားထားသော ဆိုင်းဘုတ်တစ်ခုကို မြင်လိုက်သဖြင့် အတန်ငယ် တွေဝေကာ ရပ်ပြီးမှ ဆိုင်းဘုတ်ဆွဲထားရာ ဆိုင်သို့ လှမ်းမိလေသည်။

မှန်သေတ္တာတွင်း တည်ခင်းထားအပ်သော ပစ္စည်းအရပ်ရပ်တို့သည် မောင်ဘမြိုင်၏ စိတ်ထဲတွင် ပြုံး၍ ပြုံး၍ နေကြသလို ထင်ရလေသည်။ ဆိုင်နားသို့ ရောက်သွားသောအခါမှာလည်း မောင်ဘမြိုင်သည် မိမိနောက်က မကျော့စိန်ကလေး လိုက်ပါလာသလိုလို ထင်မှတ်ကာ အမှတ်မဲ့ နောက်သို့ လှည့်လိုက်မိလေသည်။ ပြီးမှ ရယ်ချင်သလိုလိုဖြစ်၍ ဆိုင်ဘက်သို့ ပြန်လှည့်လိုက်သည်။ ရှေးဦးစွာ မိမိမျက်စိကို ဖြားယောင်းသွေးဆောင်လိုက်သော ရူပါရုံသည် သလင်းကျောက် ကြယ်သီးများ ဖြစ်လေသည်။ မောင်ဘမြိုင်သည် စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုကြယ်သီးတစ်စုံကို မဆိုင်းမတွ မမေးဆစ်ဘဲ ဝယ်ယူလိုက်လေသည်။ အတန်ကြာသော





အခါ လိပ်ခွံဘီးတစ်စင်း၊ နောက် စိုက်ဘီးတစ်ခုနှင့် ဆံနှိပ် ဆံညှပ်ကလေးများသည် မောင်ဘမြိုင်၏ ကျေနပ်ကြည်နူးသော မျက်စိအောက် ကြင်နာယုယသော လက်တွင် ရောက်ရှိနေကြပြန်လေသည်။ ဤတွင်မျှမကသေး မှန်သေတ္တာ ထောင့်တစ်ထောင့်ရှိ စက္ကူသေတ္တာ တစ်ခုထဲတွင် အခွေလိုက်သား နေရှာသော တက်တင်း ဇာကလေးများသည်လည်း မောင်ဘမြိုင်အား မျှော်ကြည့်သကဲ့သို့ နေလေသည်။ သို့ရာတွင် မောင်ဘမြိုင်သည် မိမိ၏ အင်္ကျီအိတ်ကို စမ်းကြည့်ရာ ဓာတ်ရထားခသာ ကျန်ရှိတော့သည်၏ အဖြစ်ကို သိရ၍ ချက်ချင်းပင် ဆိုင်မှ ထွက်ခွာလာခဲ့လေသည်။

တဲအိမ်သို့ ပြန်ရောက်သောအခါ မြို့ကလေးက ဝယ်လာခဲ့သော ကြယ်သီးကတ်ကို လွယ်အိတ်တွင်းမှ ထုတ်ယူပြီးလျှင် 'ကုသလို ကျောက်အိုးကွဲ ကြယ်သီး၊ မောင်မင်းကြီးသား ကြွပေရော့ကွာ' ဟု မြည်တွန်တောက်တီးကာ ပြတင်းမှ ပစ်ချလိုက်လေသည်။ ထို့နောက် အသစ်ဝယ်လာသော ကြယ်သီးများကိုကြည့်ကာ "နက်ဖြန် ကျောင်းပိတ်လိမ့်မယ်ကွယ့်" ဟု ကျောင်းသားကြီးတို့၏ တီးတိုးစကားသံကို နားစွန်နားဖျား ကြားလိုက်ရသော ကျောင်းသားသူငယ်သည် လေမမြင် မိုးမမြင် ခုန်ပေါက်မြူးထူး၍ ဤနေ့အဖို့ရာ၌ "နက်ဖြန် ကျောင်းပိတ်တော့မည်၊ နက်ဖြန် ကျောင်းပိတ်တော့မည်" ဟု တစိမ့်စိမ့်တွေးတောကာ ပီတိသောမနဿ ဖြစ်နေသကဲ့သို့ မောင်ဘမြိုင်သည်လည်း မိမိလက်တွင်းရှိ ဤကြယ်သီး၊ ဤဘီး၊ ဤဆံနှိပ်ကလေးများသည် မိမိ၏ ချစ်ရင်းစွဲသူ၊ စုံမက်ရင်းစွဲသူ၊ မြတ်နိုးရင်းစွဲသူ ယဉ်စစ မကျော့စိန်၏ပစ္စည်း ဖြစ်ရချိမ့်တော့မည်တကား။ မိမိ၏ ရည်းစားလောင်း နုနုနယ်နယ် အချစ်သယ်၊ တီတီတာတာ မကျော့စိန်၏ စီမံရာကို ခံရချိမ့်တော့မည် တကားဟု အဖန်တလဲလဲ အောက်မေ့ကာ အပျော်ကြီး ပျော်လျက် နေရှာလေသည်။

မောင်ဘမြိုင်သည် ရန်ကုန်မြို့တွင် လေးရက်တိတိ ဆိုင်းငံ့၍ နေရလေသည်။ သို့ရာတွင် မောင်ဘမြိုင်သည် ထိုသလင်းကြယ်သီးကို ယယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် နေ့မှစ၍ ရန်ကုန်မှ ထွက်ခွာလာသည့်နေ့အထိ ထိုအပျော်လုံးသည် တိုး၍တိုး၍ မှည့်ဝင်းနေရာ ပြန်ရဖို့ရက် နီးကပ်လာလေလေ မှည့်ဝင်းလေလေ ဖြစ်လေသည်။ တစ်ဖန် မြို့ကလေးသို့ သင်္ဘောဖြင့် စီးလာလေပြန်ရာ သင်္ဘော ရွေ့တိုင်း ရွေ့တိုင်း ထိုအပျော်လုံးသည်လည်း အရှိန်ကဲ၍ ကဲ၍ မှည့်ကာ လိုက်ပါလာလေသည်။ တစ်ဖန် မြို့ကလေးမှ မကျော့စိန်ရှိရာသို့ ချောင်းရိုး တစ်လျှောက်၌ သမ္ဗန်ဖြင့် ပြန်အလာတွင်လည်း ကွမ်းသီးပင်တစ်ပင်ကို ကျော်လိုက်လျှင် ဝင်းခနဲ၊ ခရာချုံတစ်ချုံကို လွန်မိလျှင် ထိန်ခနဲ။ ယင်းသို့ အားဖြင့် ထိုအပျော်လုံးကြီး ရွှန်းရွှန်းဝေလာသည်မှာ ညဆယ့်တစ်နာရီ လောက် ရွာဆိပ်သို့အရောက်တွင် အလွန်အေးမြ၍ အနံ့အရသာဖြင့် ပြည့်စုံ သော အပျော်လုံးကြီးတစ်လုံး ဖြစ်လာလေသည်။

'အလို... ဦးလေး၊ စက်ဆိပ်က တံတားဟာ ဘယ်ရောက်သွားပါ လိမ့်။ ရေထဲ မျောပါသွားလေရော့သလား ကြည့်စမ်းပါဦး'

'ဟေ့–လာကွယ်...စကားမများစမ်းနဲ့၊ ငါ အိပ်ချင်လှပြီ'

မောင်ဘမြိုင်သည်လည်း "ဒီလိုကြီးမားတဲ့ တံတားကြီးများ ပျက် သွားမယ်ဆိုလျှင် အံ့သြစရာကြီးပဲ။ ရေစောင်းများ အလွန်ထက်တာပဲနော်" ဟု တစ်ယောက်တည်း တွေးရင်း လျှောက်လာရာ အိမ်သို့ ရောက်ကြ လေသည်။

ကောင်းကင်သည် တိမ်ကင်းစင်လှသည်။ မောင်ဘမြိုင်တို့ တုဝရိုး ရွာမှ ထွက်ခွာသွားစဉ်က အနောက်ဘက်တစ်ခွင်တွင် တစ်ဆူတည်း ကျန်ရစ် ခဲ့သော လခြမ်းသည် ထိုညတွင် ကြယ် အထိန်းအရံ ရံရွေတော်များ ခြံရံလျက် ပြည့်ပြည့်ဝန်းဝန်း ရှိနေလေပြီ။

မောင်ဘမြိုင်သည် မကျော့စိန်နှင့် တွေ့ရမည့်အရေးကို မျှော်တွေးကာ စောစော အိပ်ရာမှ ထနိုင်ရန် အိပ်ပါတော့မည်ဟု အိပ်ရန် ကြိုးစားပါသော် လည်း မအိပ်နိုင်သဖြင့် အိပ်ရာမှ ထရလေ၏။ ထို့နောက် နံဘေးရှိ လွယ်အိတ်ကို ထိုမှ ဤမှ စမ်းသပ်၍ ကြည်လင်ရွှင်ပျသော အမူအရာဖြင့်





စက္ကူသေတ္တာတစ်ခုကို ထုတ်ယူပြီးလျှင် အိမ်ရှေ့ရှိ ကွပ်ပျစ်ဆီသို့သွား၍ ထိုင်လေ၏။ "ဒီအချိန်ဆိုတော့ မကျော့စိန် အိပ်မောကျနေရှာရော့မယ်။ ဟောဒီမှာ မကျော့စိန်ဖို့ ကြယ်သီးကလေးတွေလေ" ဟု နှုတ်က ဖွင့်ဟ၍ မတမ်းတသော်လည်း တမ်းတသလို အမူအရာဖြင့် မောင်ဘမြိုင်သည် စက္ကူ သေတ္တာကိုဖွင့်၍ လရောင်ကစားနေသော သလင်းကြယ်သီးများကို လက်ဖြင့် တို့ကာတို့ကာ ကြည့်နေလေသည်။

အတန်ကြာသောအခါ 'ဆောင်လယ်ဘုံမှာလေ မောင်မယ်စုံ အတူ စက်စဉ်က ယူရက်လေ အကြံတော်ပေါ်၍ ဘယ်ရန်သူလဲ။ အမယ်မင်း... မင်းကြီးများတို့ရဲ့၊ ကြည့်နေကြတော့မလား။ ကျုပ်မိဖုရား ပျောက်ချင်းမလှ ပျောက်သွားပေါ့' ဟု ဟစ်၍ သီဆိုလိုက်သော သီချင်းသံသည် မောင်ဘမြိုင်၏ နားသို့ ရောက်လာလေသည်။ မောင်ဘမြိုင်သည် ဝင်းထရံ တံခါးဝသို့ ထသွား၍ ထိုနေရာတွင် တစ်ခဏမျှ ရပ်နေပြီးသောအခါ 'ဟေ–သန့်ကြီး၊ မင်းက တယ်လွမ်းပါကလား။ အချိန်မတော် ဘယ်က ပြန်လာသလဲ' ဟု လှမ်း၍ မေးလိုက်လေသည်။

'ဟာ–ဘမြိုင်ပါလား ဟေ့၊ ဘယ်တုံးက ရောက်ကြသလဲ။ ငါ ကက်ဝိုင်းက ပြန်လာတယ်ကွ။ မင်း မသိသေးဘူး ထင်ပါရဲ့။ ဟိုအပိုင်းမှာ ကျော့စိန်ကလေးဆုံးလို့၊ ကက်ဝိုင်းကတော့ အလွန်ကောင်းပဲ။ ငါတော့ ဖြူခါပြာခါ ကျခဲ့ပြီမောင်' ဟု ပြန်ပြောလိုက်ရာ 'ဟင်' ဟူသော စကား တစ်လုံးသာ မောင်ဘမြိုင်၏နှုတ်မှ ရုတ်တရက်ထွက်လာ၍ တိတ်သွားလေ ၏။ သန့်ကြီးသည် 'အိပ်ချင်ပြီကွာ' ဟု ညည်းညူကာ ထွက်သွားလေသည်။ မောင်ဘမြိုင်မှာ ဝင်းထရံ၏ တံခါးတိုင်ကို မှီလျက်သား ကျန်ရစ်ရှာ လေသည်။

တစ်ဖန် 'ဆောင်လယ်ဘုံမှာလေ မောင်မယ်စုံ အတူစက်စဉ်က ယူရက်လေ အကြံတော်ပေါ်၍ ဘယ်ရန်သူတော်လဲ' ဟူသော အသံသည် ငြိမ်သက်သော လေထဲတွင် ပျင်းရိဖင့်နွဲ့စွာ ပေါ်လာပြန်လေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ ဩကာသလောကကြီးသည် ထိုသီချင်းသံကို လည်ပင်းက ကိုင်ကာ ဖျစ်ညှစ်၍ သတ်လိုက်သကဲ့သို့ တစ်ရွာလုံး ငြိမ်သွားပြန်လေသည်။

မောင်ဘမြိုင်သည် တံခါးတိုင်ကို မှီလျက် မလှုပ်မယှက် နေလေသည်။ နာရီဝက်ခန့် ကြာသောအခါ မိမိ၏အရှေ့ ခပ်လှမ်းလှမ်းနေရာ ဗန်ဒါပင်ကြီးမှ မည်းနက်သော ကိုယ်ကာယရှိသော လင်းဆွဲများသည် ရုတ်တရက် အတောင်သံပေး၍ အထက်ကောင်းကင်သို့ ပျံတက်လိုက်ကြလေသည်။ မောင်ဘမြိုင်၏ မလှုပ်မယှက်နေသော ကိုယ်ကာယလည်း ဆတ်ဆတ်ခါ တုန်လှုပ်လျက် မြေပေါ်သို့ ထိုင်လျက်သား လဲကျသွားလေသည်။ ထိုအခိုက်တွင် လမင်းသည် ထူး၍ ကြည်လင်လာပြီးလျှင် မော်ဆရာကြီးပမာ မောင်ဘမြိုင်ကို ဖမ်းစားနေသကဲ့သို့ မှတ်ထင်ရလေသည်။ ဤညအဖို့ရာ၌ မောင်ဘမြိုင်သည် မထသော ထိုင်ခြင်းဖြင့် ထိုင်တော့မည်ဟု သန္နိဋ္ဌာန် ချလိုက်သည့်ပမာ ဤမဟာပထဝီ မြေကြီးပေါ်တွင် ဖွဲမြဲစွာ ထိုင်နေလေတော့သည်။

နံနက်မိုးသောက်လာသောအခါ မောင်ဘမြိုင်သည် ခြံတွင်း၌လည်း မရှိ၊ အိမ်ထဲမှာလည်း မရှိ။ ခါတိုင်း ဤအချိန်၌ မောင်ဘမြိုင်သည် မုန့်ဟင်းခါးစား ထွက်သွားတတ်သဖြင့် ဦးလေးလုပ်သူသည် အမှုမဲ့ နေလိုက်လေသည်။ သို့ရာတွင် မောင်ဘမြိုင်သည် ကွင်းသို့ဆင်းရမည့် အချိန်၌လည်း ပေါ်မလာ၊ နေ ထန်းတစ်ဖျားသို့ ရောက်နေပြီဖြစ်သော်လည်း ပေါ်မလာ။ ဦးလေးလုပ်သူသည် အိမ်နီးနားချင်းကို မေးမြန်းစ ပြုလေသည်။ အိမ်နီးနားချင်းများသည်လည်း ညက သူတို့ရောက်လာမှန်းကိုမျှ မသိကြသဖြင့် မောင်ဘမြိုင်၏ အကြောင်းကို စိုးစဉ်းမျှ မရိပ်မိကြချေ။ ထိုအခိုက်တွင် လုံချည်ကွင်းသိုင်းလျက် ခြံထဲသို့ အပြင်းအထန် ပြေးဝင်လာသော ကျွဲကျောင်းသားကလေးတစ်ယောက်သည် အိမ်ပေါ်သို့ ပြေးတက်လာ၍ 'ဦးကြီးရေ၊ ကိုဘမြိုင်တစ်ယောက် သချိုင်းဇရပ်ထဲမှာ ဘာလုပ်နေမှန်း မသိဘူး၊ လာကြပါဦး'ဟု ထိတ်လန့်သော မျက်နှာထားနှင့် ဆူညံစွာ အော်၍





ပြေးလာလေသည်။ ဦးလေးလုပ်သူသည် အိမ်နီးချင်းနှစ်ယောက်နှင့် ဇရပ်သို့ ပြေးသွားရာ ဇရပ်ထဲတွင် ကျုံ့ကျုံ့ထိုင်၍ သလင်းကျောက် ကြယ်သီးများကို ယုယစွာ ကိုင်တွယ်လျက် ခြောက်သွေ့နေသော နှုတ်ခမ်းကလေးများကလည်း ဆီမန်းမန်းသလို တိုးတိုး တိုးတိုးနှင့် တစ်ယောက်တည်း စကားပြောနေသော မောင်ဘမြိုင်ကို မြင်ကြရလေသည်။

[ ဂန္ထလောက၊ ဒီဇင်ဘာ၊ ၁၉၃၃ ]

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံဈေး

[ ၁ ]

တစ်ရံရောအခါ ပုဂံပြည်၌ တရုတ်ကုန်သည်အချို့နှင့် ပုဂံပြည်သားတို့သည် ရွှေစည်းခုံစေတီ အနီးတွင် တွေ့ကြ၍ ပုဂံသားတို့က 'နင်တို့သည် ရွှေချည်ထိုး ငွေချည်ထိုး အင်္ကျီတို့ကိုသာ ဝတ်ဆင်တတ်ကြသည်။ နွားဝန်တင်၏ ကုန်စည်ကိုသာ ရောင်းတတ်ကြသည်။ စားကောင်းသောက်ဖွယ်တို့ကိုသာ စားတတ်ကြသည်' ဟု ပြက်ရယ်ပြုကြသည်။ ထိုအခါ တရုတ်ကုန်သည်များသည် ပြင်းစွာ ရယ်၍ 'နင်တို့သည် ငါတို့ကို ဤသို့ ဆိုကြသည်။ ငါတို့ကလည်း ပြန်ဆိုရဦးမည်။ နင်တို့သည် ဖျင် ဝါဂွမ်းထည်ကိုသာ ဝတ်တတ်ကြသည်။ သူများက ရောင်းလာသော ကုန်စည်ကိုသာ ဝယ်တတ်ကြသည်။ ဟင်းညှို ကျွဲညှိုကိုသာ စားတတ်ကြသည်' ဟုဲ ပြန်၍ ဆိုလေသည်။ ထိုသို့ ဆို၍ ဆိုသောသူတို့သည် ရယ်ကြလေသည်။

ထိုအခါ ပုဂံပြည်သားတို့၏ နားရွက်၊ မျက်နှာများ နီမြန်း၍ လက်သီး လက်မောင်း တန်းလာကြသည်။ တရုတ်ကုန်သည်တို့သည် မျက်နှာချိုသွေး၍ 'နောင်တော်တို့က ပြက်ရယ်ပြုကြသောကြောင့်သာ ငါတို့က အတုံ့အပြန် ပြုကြခြင်းမျှသာ ဖြစ်သည်။ စိတ်မရှိကြကုန်လင့်၊ နောင်တော်တို့သည် ငါတို့၏ပြည်သို့ လာ၍ ကြည့်ရန် ကောင်းလှသည်' ဟု အကြည်အသာ





ပြောဆို၍ မိမိတို့၏ ဝန်ချစခန်းသို့ ပြန်ကြသည်။ ပုဂံပြည်သားတို့သည် တရုတ်ကုန်သည်တို့၏ သိမ်မွေ့ခဲ့ညားသော စကားကို ကြားရသောအခါ အမျက်ပြေ၍ အသီးသီး ပြန်ကြသည်။

ရွှေစည်းခုံစေတီအနီး၌ အချင်းများကြသော စကားသည် ရွှေနားတော် ပေါက်ကြားသဖြင့် နောက်တစ်နေ့နံနက် ကျိုးများ အာကြသောအခါ ပုဂံပြည့်ရှင်သည် တရုတ်ကုန်သည်မှူးကို ခေါ်၍ 'အသင်တို့၏ပြည် ကြီးမားသည်မှာ မှန်ပေသည်။ သို့ရာတွင် ပြည်အဝန်း ငယ်သည်၊ ကြီးသည်ကား အရေးမဟုတ်။ တွေးကြံတတ်မှု ရှိသည်၊ မရှိသည်သာ အရေးဖြစ်သည်။ ပညာချင်း ပြိုင်လို၏ တကား။ ငါ၏ အကြည်တော်ဘုရင့်ထံ ဤစာကို ဆက်လိုက်ရမည်' ဟု သဝဏ်လွှာ ပေးလိုက်သည်။

လပေါင်း အတော်ကြာသောအခါ တရုတ်ကုန်သည်တို့သည် ပုဂံသို့ တစ်ခေါက် လှည့်လာကြပြန်သည်။ ဤတစ်ခေါက်တွင် တရုတ်သံအမတ် ပါလာ၍ ပုဂံနန်းသို့ ဝင်ပြီးလျှင် တရုတ်ဘုရင်၏ သဝဏ်လွှာကို ဆက်သည်။ အလွှာတွင် 'အကြည်တော် ပညာချင်း ပြိုင်လိုသည် ကြားရသဖြင့် ဝမ်းမြောက်ပါသည်။"မရှိ၍ ရှိသူသည် အဘယ်ကဲ့သို့သော သူမျိုးနည်း။ ရှိ၍ မရှိသူသည် အဘယ်ကဲ့သို့သော သူမျိုးနည်း" ဤစကားထာကို တင်ပြလိုက်သည်။ ဤစကားထာကို ဖော်နိုင်ပါက အကြည်တော်၏ပြည်သည် အဝန်းပင် ငယ်သော်လည်း တွေးကြံတတ်မှု ရှိ၍ ရဲရင့်ပေသည် ယူဆပါမည်' ဟု ပါလေသည်။

ပုဂံပြည့်ရှင်သည် သုခမိန်တို့ကို ခေါ်၍ ပြဿနာကို ပြလေသည်။ တစ်ဦးသော သုခမိန်သည် စကားထာကို မြင်သည်နှင့် တစ်ပြိုင်နက် ပြင်းစွာ ရယ်လေသည်။ ပုဂံဘုရင်လည်း ရော၍ ရယ်လေသည်။ ထို့နောက် စကားထာကို ဖတ်ကြည့်သော သုခမိန်တိုင်း ရယ်သူချည်းသာ ဖြစ်သဖြင့် တရုတ်သံအမတ်သည် မျက်စိမျက်နှာ ပျက်နေသည်။ မေးလိုက်သော စကားထာသည် ရယ်စရာကောင်းသော လူပြက်ကဲ့သို့ ဖြစ်နေလေပြီ။ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



သံအမတ်သည် ဣန္ဒြေဆည်ပြီးလျှင် စကားထာကို ခုနစ်ရက်အတွင်း ဖော်ပါရန် လျှောက်၍ ပုဂံနန်းတော်မှ ထွက်ခဲ့သည်။

"ရယ်တော့ ရယ်ကြတာပဲ၊ အဖြေကို သိလို့လားတော့ မသိ။ ငါတို့၏ ဘုရင့်စာမေးပွဲမှာ မေးစဉ်က ဘယ်သူမှ မှန်အောင် မဖြေနိုင်ကြဘူး။ သင်းတို့ ဖြေနိုင်ရင် လူတော်တွေပဲ" ဟု တရုတ်သံအမတ်သည် တွေး၍ လမ်း၌ သွားလာနေကြသော ပုဂံပြည်သူ ပြည်သားတို့ကို စိန်းစိန်းကြည့်ကာ သံတဲသို့ ပြန်လေ၏။

[၂]

ရယ်ကြသော သုခမိန်တို့သည် အသီးသီး အိမ်သို့ပြန်၍ ပြဿနာ၏ အဖြေကို ရှာရန် ပထမနေ့တွင် မိမိတို့ ခေါင်းရင်းစင်များရှိ ပေထုပ်တို့ကို တစ်ထုပ်ပြီးတစ်ထုပ် ဖွင့်ကြသည်။ ဒုတိယနေ့၌ ပေထုပ်တို့သည် ကြမ်းပြင်များပေါ်တွင် ပရမ်းပတာ ပြန့်ကျဲလျက် ရှိကြသည်။ အဖြေကိုကား မတွေ့ကြသေးချေ။ တတိယနေ့တွင် မှောင်နေသော ချောင်များထဲ၌ သိမ်းထားသော ပေထုပ်တို့ကို ဆွဲထုတ်၍ ဖွင့်ကြပြန်သည်။ ရွှေးသာကျ၍ အဖြေကိုကား မတွေ့ကြချေ။ သုခမိန်အချို့သည် မှိုင်စ ငိုင်စ ပြုလာကြပြီ။ စတုတ္ထနေ့တွင် ပေထုပ်ရှိသမျှ အကုန် လှန်လှော၍ ဖွင့်ကြပြန်သည်။ သို့ပါသော်လည်း သုခမိန်တို့မှာ မျက်စိညောင်းခြင်း၊ မျက်ရည်ယိုခြင်းတို့မျှသာ အဖတ်တင်လေသည်။ ထိုရက်အတွင်းတွင် ပုဂံဘုရင်သည် မကြာခဏ အထောက်တော်လွှတ်၍ မေး၏။ မေးသောအခါတိုင်း သုခမိန်တို့သည် စိတ်တို၊ စိတ်ဆိုးကြလေသည်။ ငါးရက်မြောက် နေ့တွင် သုခမိန်တို့သည် ဉာဏ်ကုန် စိတ်ပန်းဖြစ်၍ သူရဿတီ နတ်သမီးကို လည်းကောင်း၊ သိကြားနတ်ကို လည်းကောင်း တစ်နေ့လုံး ပူဇော်၍ ဆုတောင်းကြသည်။ သို့ရာတွင် အဖြေ ထွက်မလာချေ၊ လေကုန်၍ လူပန်းကြရုံမျှသာ ဖြစ်သည်။

ခြောက်ရက်မြောက် နေ့သို့ ရောက်သောအခါ သုခမိန်တို့သည်





စည်းဝေး၍ တစ်ဦးသော သုခမိန်က မိမိ၏ နှစ်စထောင် ဖောင်းစကို လက်ဖြင့် အသာ အသာ သပ်ကာ 'ဘယ့်နှယ် ကြံကြမလဲ သုခမိန်တို့၊ အခက်တွေ့ပြီ။ ဘယ့်နှယ်ကြံကြမလဲ' ဟု မေး၏။ တစ်ဦးသော သုခမိန်က 'ဘာခက်ရမလဲ သုခမိန်၊ သည်စကားထာဟာ ကလေးစကားသာသာပဲ။ ရှင်ဘုရင်က ခိုင်းလို့သာ ရှာရတယ်၊ ကျုပ်တော့ သည်စကားထာအတွက် အဖြေရှာရတာ ပညာရှိဂုဏ် နိမ့်တယ်လို့ ထင်တာပဲ' ဟု မာကျောသော အသံဖြင့် မိန့်လေသည်။ ထိုအခါ အခြားတစ်ဦးက 'ကလေးစကားလို့သာ ဆိုတယ်၊ အဖြေမရတာက ခက်တယ်' ဟု ညည်းလိုက်သည်။ ထိုအခါ 'မဟုတ်ဘူး သုခမိန်... သည်စကားထာဟာ ကျမ်းဂန်နဲ့ ညီညွတ်တဲ့ စာ မဟုတ်ဘူး။ ဘယ်ကျမ်းမှာမှလဲ မပါဘူး။ ရေးမှတ်တမ်းများမှာလည်း မပါဘူး၊ ဒီတော့ ဒီစာဟာ အလကားစာပဲ။ ကျုပ်တို့ အပင်ပန်းခံမနေကြနဲ့တော့၊ ဒီအတိုင်းသာ ဘုရင်မင်းမြတ်ထံ ဝင်ပြီး လျှောက်ကြမယ်' ဟု တစ်ဦးသော သုခမိန်က ဆိုလိုက်၏။ ထိုအခါမှ သုခမိန်အားလုံး အသက်ရှူချောင်သွား၍ နန်းတော်တို့ ညီလာခံဝင်ရန် ပြင်ကြလေသည်။

ထိုခြောက်ရက်အတွင်းတွင် တရုတ်သံအမတ်သည် သုခမိန်တို့ အဖြေရှာကြပုံကို သံအထောက်တော်လွှတ်၍ အကြည့်ခိုင်းသည်။ သုခမိန်တို့ ပေခန်းထဲမှ မထွက်ဘဲ ပေထုပ်များကိုသာ အပတ်တကုတ်နှင့် ဖွင့်နေကြကြောင်း သိသောအခါ ဝမ်းသာလှ၍ ပြင်းစွာ ရယ်လေသည်။ သံအထောက်တော်အား ဆုလာဘ်များစွာ ပေးသည်။

[၃]

ခုနစ်ရက်မြောက်သောနေ့ နံနက်တွင် တစ်နန်းတော်လုံး တိတ်နေသည်။ ပုဂံပြည့်ရှင်သည် မျက်မှောင်ကုတ်နေသည်။ မျက်နှာ သုန်မှုန်နေသည်။ နန်းတော်ထဲတွင် မည်သူမျှ ပြည့်ရှင်အနီးသို့ မကပ်ဝံ့ချေ။ အတန်ကြာသော် ပုဂံမိဖုရားသည် အဆောင်တော်တွင်းသို့ ဖြည်းညင်းစွာ ဝင်လာသည်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင် ထိုင်လျက် ချိုသာသောအသံဖြင့် ပုဂံ ပြည်သူပြည်သားတို့၏ ဂုဏ်ကို အယုတ် အလတ် အမြတ် မရွေး ချီးမွမ်းပြောဆိုသည်။ နေပြည်တော်၌ မောင်းခတ်၍ စုံစမ်းတော်မူပါဟုလည်း လျှောက်တင်သည်။ ထိုအခါ ပုဂံပြည့်ရှင်၏ မျက်နှာသည် ရွှင်လန်းလာ၍ စကားထာ ဖော်နိုင်သူကိုရှာရန် ပုဂံမင်းနေပြည်တွင် အကြိုအကြားမကျန် မောင်းခတ် ကြေညာစေလေသည်။

မောင်းထမ်းတို့သည် ပုဂံဈေးအနီးသို့ ရောက်သောအခါ မောင်းကို တဒူဒူထုကာ စကားထာကို ဟစ်၍ ဖော်နိုင်သူ ရှိ မရှိ မေးကြသည်။ အချို့လည်း အံ့ဩသော အမူအရာဖြင့် နားထောင်၍ အမှတ်မဲ့ပင် နေလိုက်ကြသည်။ အချို့လည်း 'အို… နေ့စဉ် ရက်ဆက် ပေထုပ်တွေနဲ့ နေကြတဲ့ သုခမိန်များသော်မှ မဖြေနိုင်ကြရင် အခက်သားပဲ' ဟု ညည်း၍ သွားမြဲလာမြဲ သွားလာနေကြသည်။ ဈေးအနီး လှည်းတစ်စီးပေါ်တွင် ပေရွက်စုတ်တစ်ခုကို အပျင်းပြေ ဖတ်နေသော လုလင်တစ်ဦးသည် မောင်းသံကို ကြားသောအခါ ပေရွက်ကို လက်မှချ၍ စကားထာကို နားထောင်သည်။ တစ်ဖန် ပေရွက်ကို ပြန်ကောက်၍ ဖတ်မြဲတိုင်း ဖတ်နေပြန်သည်။ တစ်ဖန် ပေရွက်ကို လက်မှချ၍ ငေးသောမျက်နှာဖြင့် ဈေးဘက်သို့ ကြည့်နေသည်။

ပုဂံဈေးသည် လူအမျိုးမျိုး၊ လူအစားစားတို့ ကျက်စားရာ နေရာပေတည်း။ ရယ်သံ၊ ငိုသံ၊ ညည်းသံတို့ အုတ်အုတ်ကျက်ကျက် မြည်ဟည်းသော နေရာပေတည်း။ အသွားအလာ အပြေးအလွှားတို့ဖြင့် လှုပ်ရှားနေကြသော နေရာပေတည်း။

[ ၄ ]

လုလင်သည် မြည်ဟည်းလှုပ်ရှားလျက်နေသော ပုဂံဈေးကို ငေးမောကာ ကြည့်နေရာမှ မောင်းနောက်သို့ အမီလိုက်သည်။ ထိုနောက် နန်းတော်သို့ ဝင်သည်။ ပုဂံပြည့်ရှင်သည် လုလင်ကို အကဲခတ်၍ နန်းတွင်းပေထုပ်တို့၌ စကားထာ၏ အဖြေကိုရှာရန် အခွင့်ပေးသည်။ လုလင်သည် ပေထုပ်ကို





မတောင်း။ ပန်းချီကျော်၊ ပန်းပုကျော်၊ လက်သမားကျော်တို့ကိုသာ တောင်းသည်။ ထိုအခါ ပေထုပ်ပုံအနီး၌ ထိုင်နေကြသော သုခမိန်တို့သည် ပြုံးချင်ကြ၏။ သို့ရာတွင် မပြုံးဝံ့၊ ငြိမ်သက်စွာသာ နေကြသည်။

လုလင်သည် ပန်းချီကျော်၊ ပန်းပုကျော်၊ လက်သမားကျော်တို့ကို ခေါ်၍ ရှေးဦးစွာ လွှတ်တော်အနီးတွင် တဲကြီးကို ဆောက်စေသည်။ ပြီးသောအခါ တဲတံခါးကို လုံစွာပိတ်၍ ထိုသူတို့နှင့်အတူ တဲအတွင်း၌ တစ်နေ့လုံး နေသည်။ နေစောင်းသောအခါကျမှ ထွက်လာ၍ စကားထာကို ဖော်ပြီးကြောင်း ပုဂံပြည့်ရှင်အား လျှောက်တင်သည်။ ပုဂံပြည့်ရှင်သည် အံ့ဩ၍ တရုတ်သံအမတ်ကို ခေါ်ပြီးလျှင် တဲသို့ ထွက်တော်မူသည်။

တဲတံခါးကို ဖွင့်လိုက်သောအခါ ပျားဖယောင်းတိုင်များမှ အလင်းရောင်တို့သည် ပုဂံပြည့်ရှင်နှင့် သံအမတ်တို့၏ မျက်နှာများပေါ်သို့ ကျသဖြင့် မျက်နှာတို့သည် ဝင်းထိန်လျက် ရှိကြလေသည်။ တဲအတွင်း၌ နံရံတစ်ဖက်တွင် စင်တစ်ခု ရှိသည်။ စင်ပေါ်တွင် တင်းထိမ်နှစ်ခု ဖုံးထားသော အခန်းနှစ်ခန်း ရှိသည်။ ပထမ တင်းထိမ်ပေါ်တွင် "မရှိ၍ ရှိသူ"ဟု လည်းကောင်း၊ ဒုတိယ တင်းထိမ်ပေါ်တွင် "ရှိ၍ မရှိသူ" ဟု လည်းကောင်း ရွှေမင်ဖြင့် ရေးထားသည်။ ပုဂံပြည့်ရှင်သည် လုလင်ကိုတစ်လှည့်၊ တင်းထိမ်နှစ်ခုကို တစ်လှည့် ကြည့်လျက် အံ့ဩနေသည်။

"မရှိ၍ ရှိသူ" ဟု ရေးထားသော တင်းထိမ်ကို ဖွင့်လိုက်သောအခါ ဆင်းရဲသား လူယောကျ်ား သုံးဦးပုံ ရေးခြယ်ထားသော ပန်းချီကား သုံးခုကို မြင်ကြရသည်။ ယာဘက်ပန်းချီကားရှိ ယောကျ်ားပုံတွင် လေးနက်စွာ စဉ်းစားနေဟန်ကို လည်းကောင်း၊ လက်၌ ကညစ်နှင့် ပေရွက်တို့ ကိုင်ထားဟန်ကိုလည်းကောင်း သရုပ်ဖော်ထားသည်။ ထိုပုံ၏ နောက်ခံ၌ ဆွတ်စားမကုန်သော ပဒေသာပင်အောက်တွင် လူအများ ပျော်ရွှင်စွာ နေကြဟန်ကိုလည်း သရုပ်ဖော်ထားသည်။

အလယ်ပန်းချီကားရှိ ယောကျ်ားပုံတွင် ရဲရင့်၍ အံကြိတ်နေဟန်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ နောက်ခံ၌ ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားကြသော လူတစ်စုက စုတ်နုပ်စွာ ဝတ်ဆင်ထားကြသော လူအများကို လှည်းထမ်းပိုးတပ်ကာ မောင်းနေကြဟန်ကိုလည်းကောင်း သရုပ်ဖော်ထားသည်။

ဝဲဘက် ပန်းချီကားရှိ ယောကျ်ားပုံတွင် မျက်လွှာချနေသော ဟန်ကိုလည်းကောင်း၊ နောက်ခံ၌ စေတီတစ်ဆူကို လည်းကောင်း၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ငှက်ပျော စိုက်ပျိုးနေကြဟန်ကို လည်းကောင်း သရုပ်ဖော်ထားသည်။

တရုတ်သံအမတ်သည် လက်ပိုက်လျက် ခံ့ညားသော မျက်နှာဖြင့် ထိုပန်းချီကား သုံးကားကို တစ်ကားပြီးတစ်ကား ကြည့်၍ ခေါင်းညိတ်သည်။

"ရှိ၍ မရှိသူ" ရေးထားသော တင်းထိမ်ကို ဖွင့်လိုက်ပြန်သည်။ လှပသော တိုက်ခန်းပုံ ပန်းချီကား၏ ရှေ့တွင် ပန်းပုထုထားသော ယောကျ်ားအရုပ်တစ်ခုကို မြင်ကြရသည်။ ထိုအရုပ်ကို မိန်းမပန်းပုရုပ် ဆယ်ရုပ်ရံလျက် အလုပ်အကျွေး ပြုနေကြသည်။ ယောကျ်ားအရုပ်၏ အရှေ့၌ စားကောင်းသောက်ဖွယ် ပွဲကြီးပွဲရံ တည်ခင်းထားသည်။ ထိုယောကျ်ားအရုပ် မျက်နှာ၌ လောဘစရိုက် အမူအရာကို သရုပ်ဖော်ထားသည်။

တရုတ်သံအမတ်သည် လုလင်ဘက်သို့ လှည့်၍ အရုပ်သို့ လက်ညှိုးညွှန်၍ 'သူ ဒီလိုပဲ နေသလား' ဟု မေးသည်။ လုလင်သည် ခေါင်းညိတ်လိုက်သည်။

[၅]

နောက်တစ်နေ့ နံနက်တွင် လှည်းသမားက သုခမိန်တို့ကို မထီမဲ့မြင် ပြုလုပ်ကြောင်း၊ စကားထာကို ဖော်မည်ဟု ဆိုပြီးလျှင် ပြည့်ရှင်မင်းအား ပန်းချီ၊ ပန်းပုတို့ဖြင့်သာ ထိုးဇာတ်ခင်းပြကြောင်း၊ လှည်းမောင်း၍ မနေဘဲ ရာဇဂိုဏ်းမလွတ်သော အမှု၌ ဝင်စွက်သဖြင့် သချိုင်းကုန်း၌ ကားစင်တစ်ခု ထိုးတော့မည် ဖြစ်ကြောင်း၊ သူ့မယား မုဆိုးမ ဖြစ်ရာတော့မည် ဖြစ်ကြောင်း ပုဂံ လေးပြင် လေးရပ်၌ သတင်း ပျံ့နှံ့လျက် ရှိသည်။





နန်းတွင်း နံနက် ညီလာခံ၌ကား တရုတ်သံအမတ်သည် တရုတ်ပြည့်ရှင်၏ လက်ဆောင်ပဏ္ဏာများကို ဆက်၍ 'ပုဂံပြည်သည် အဝန်းပင်ငယ်သော်လည်း တွေးကြံတတ်မှု ရှိ၍ ရဲရင့်လှကြောင်းကို ကျွန်တော်တို့ ရွှေနန်းသခင်အား လျှောက်တင်ပါမည်' ဟု သံတော်ဦး တင်လေ၏။ ပုဂံပြည့်ရှင်သည် အံ့ဩလျက် 'သင်တို့၏ စကားထာကို ဖော်ပြီးပြီလော' ဟု မေးရာ တရုတ်သံအမတ်သည် ဖော်ပြီးကြောင်း သံတော်ဦး တင်သည်။ လုလင်ဘက်သို့ လှည့်၍လည်း ရိုသေသော အမူအရာဖြင့် ပြုံးသည်။

ထိုအခါ ပေထုပ်သုခမိန်တို့သည် အချင်းချင်း တီးတိုး တိုင်ပင်ကြပြီးလျှင် တစ်ဦးက လက်အုပ်ချီ၍ 'မေးသော စကားထာသည် စိတ်ကူးယဉ်မှုသာ ဖြစ်၍ ဖြေပုံသည် ထိုးဇာတ်ခင်းပြခြင်းမျှသာ ဖြစ်သည်။ စင်စစ်ဤစကားထာသည် ကျမ်းဟောင်းများ၌ မရှိ၊ ကိုးကားချက်လည်း မဟုတ်၊ ပညာရှိ လက္ခဏာလည်း မပါ၊ သူငယ်တို့ စကားထာဝှက်တမ်း ကစားသည်နှင့် တူလှပါသည်။ ကျမ်းဟောင်းနှင့်ကင်း၍ မစဉ်းစားချင်ထသော၊ ကျမ်းဟောင်းနှင့်ကင်း၍ စကားမဆိုချင်ထသော ကျွန်တော်တို့သည် ကျမ်းထွက်မဟုတ်သော ထိုစာသိမ် စာငယ်ကို အရေးမယူလိုပါ' ဟု လေးနက်စွာ စာသံ ပေသံပါပါ သံတော်ဦးတင်လေ၏။ ပုဂံပြည့်ရှင်သည် ဆိတ်ဆိတ်သာ နေ၍ အတန်ကြာမှ 'ဤလက်ဆောင်များကို လုလင် ယူထိုက်ပေသည်' ဟု မိန့်၍ ညီလာခံ စဲလေသည်။

[၆]

လုလင်သည် နန်းတော်မှ ထွက်ခဲ့လေသည်။ လမ်းတွင် တရုတ်သံအမတ်၏ ထမ်းစင်သည် မီလာ၍ သံအမတ်က 'လုလင်၊ သင်လှေ့လာသော ပေထုပ်ကို ငါကြည့်ချင်သည်' ဟု ဆို၏။ ထိုအခါ လုလင်က 'သံအမတ်ကြီး၊ ကျွန်တော် လေ့လာသော ပေထုပ်သည် အခြားမဟုတ်။ နေ့စဉ် သံအမတ်ကြီး၏ ထမ်းစင် ဖြတ်သွားရာဖြစ်သော ပုဂံဈေးပင် ဖြစ်တော့သည်' ဟု ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရုတ်သံအမတ်က 'လုလင်…ကောင်းလေစွ၊ ငါတို့၏ပြည်သို့ လုလင် လိုက်ခဲ့လျှင် ငါတို့ဘုရင်သည် လုလင်ကို မြတ်နိုးတော်မူလိမ့်မည်' ဟု ဆိုလေ၏။ ပုဂံဈေး လုလင်သည် ချိုပြုံးသော မျက်နှာဖြင့် ကျေးဇူး ဥပကာရ တင်ပါကြောင်း ပြန်ပြော၍ 'ကျွန်တော်သည် ပုဂံကို ပိုမို မြတ်နိုးပါသည်' ဟု ဆိုရင်း ပုဂံဈေးအနီးသို့ ရောက်လာလေသည်။

ပုဂံဈေးသည် လူအမျိုးမျိုး၊ လူအစားစားတို့ ကျက်စားရာ နေရာပေတည်း။ ရယ်သံ၊ ငိုသံ၊ ရန်ဖြစ်သံ၊ ညည်းညူသံတို့ အုတ်အုတ်ကျက်ကျက် မြည်ဟည်းသော နေရာပေတည်း။ အသွားအလာ၊ အပြေးအလွှားတို့ဖြင့် လှုပ်ရှားသော နေရာပေတည်း။

[ ဂန္ထလောက၊ ဇန်နဝါရီ၊ ၁၉၃၄]

# ဦးသောဘိတနှင့် ကိုခင်*

[ ၁ ]

ဤနေ့တွင် တစ်မနက်လုံး မိုးအုံ့၍ တစ်နေ့ခင်းလုံး မိုးစိမ့်နေသည်။ ထိုအခါမျိုးတွင် ဘယ်ကိုမှ မသွားချင်၊ မလာချင်။ နွေးသော နေရာတစ်ခု၌သာ ကုပ်၍ နေဖို့ကောင်းတော့သည်။ သို့ရာတွင် ထိုနေ့က အိမ်ခန်း ပြတင်းပေါက် တံခါးရွက်တစ်ခု ဖွင့်ထားရာဖြစ်သော နံရံအကွယ်တွင် ကျွန်တော်သည် တစောင်းထိုင်၍ တဖွဲဖွဲ ကျနေသော မိုးပေါက်တို့ကို ကြည့်နေမိသည်။

ထိုအခိုက် မိုးရေစိုရွှဲနေသော ကျီးတစ်ကောင်သည် သူ့အတောင်နှစ်ခုကို သိမ်းရုပ်ကာ ပြတင်းတံခါးရွက်ပေါ်သို့ နားလာပါသည်။ ကျွန်တော့်ကိုကား မြင်ဟန် မတူပါ။ ကျွန်တော်သည် သူ့ကိုကြည့်၍ အံ့သြမိသည်။ ကျီးကန်းဆိုသည်မှာ နေ့စဉ်နေ့တိုင်း မြင်နေရသော ငှက်မျိုး ဖြစ်သောကြောင့် ယခင်အခါများက သူတို့ကို အလေးမမူခဲ့သော်လည်း ဤတစ်ခါတွင် ပြတင်းတံခါးရွက်ပေါ်သို့ နားလာသော ထိုကျီးကလေးကို ဂရုစိုက်၍ ကြည့်နေမိသည်။

---

* –ဂန္ထလောက မဂ္ဂဇင်းတွင် "အရှင်ဦးသောဘိတနှင့် ကိုခင်"ဟု ဖော်ပြထားပါသည်။
–စာပဒေသာ၊ အောက်တိုဘာ၊ ၁၉၄၆ တွင်မူ "မပေါင်းလည်းခက်၊ ပေါင်းလည်းခက်"ဟု ဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျီးကလေးသည် တစ်ကိုယ်လုံး မိုးရေရွှဲနေသဖြင့် သူ၏ကိုယ်ကာယသည် သေးသေးသွယ်သွယ် ဖြစ်နေသည်။ နှုတ်သီးချွန်ချွန်တစ်ခုနှင့် မျက်လုံးမှိုမှို နှစ်လုံးတို့ ထင်ရှားသော သူ၏မျက်နှာသည် ငေးနေသော လက္ခဏာ ရှိသည်။ အကြောင်းတစ်ခုခုကို သူ စဉ်းစားနေမည် အမှန်ပင်။ သူ့ အဖိုလား၊ အမ လား။ သူ့မှာ အသိုက်ရှိပါ၏လား၊ အသိုက်ရှိလျှင် သူ့သားကလေး၊ သမီးကလေးများထံသို့ ပြန်သွားဖို့ ကောင်းတော့သည်။

လည်ပင်းတွင် မိုးရေစိုနေသော အမွေးနက်နက်တို့သည် ကော့လန်နေကြသည်ဖြစ်ရာ အောက်ခြေက အမွေးနုနုဖြူဖြူများသည် လည်ပင်းကို ရစ်ပတ် ဖြူဖွေးနေကြသည်။ လည်ရစ်ဖြူဖြူနှင့် လှသော ငှက်မည်းမည်းကလေးပင်။

မိုးရေရွှဲ၍ မိုးသံ တရှဲရှဲ မြည်နေသော ကမ္ဘာကြီးတွင် နှစ်ခွန်းလောက်သာ အာလိုက်သော သူ့အသံသည် ချိုအေးလှသဖြင့် စင်စစ် ကျီးသံ မဟုတ်။ ကောင်းကင်မှ ကျလာသော ကရဏာသံ တစ်မျိုးပါပေ။

[၂]

မိုးရေကလည်း ရွှဲလျက်ပင် ရှိသေး၏။ မိုးသံကလည်း ရှဲလျက်ပင် ရှိသေး၏။ လည်ရစ်ဖြူဖြူနှင့် လှသော ကျီးကလည်း ပြတင်းတံခါးရွက်ပေါ်တွင် ငေးလျက်ပင် ရှိသေး၏။ 'ဒီလိုနေလို့ မဖြစ်သေးဘူးလေ။ လုပ်စရာရှိတာ လုပ်၊ သွားစရာရှိတာ သွားဦးမှပဲ' ဟု တစ်ယောက်တည်း မြည်တမ်းကာ ကျွန်တော်သည် ကျွန်တော့်ကို မမြင်သောကြောင့်သာ စိတ်အေးလက်အေးနှင့် ငေးနေရှာသော ကျီးကလေးကို သူ့ဘာသာ နေစေ၍ စာရေးစားပွဲခုံရှိရာသို့ ထလာခဲ့သည်။

စားပွဲခုံပေါ်တွင် အသင့်ရှိနေပြီဖြစ်သော စာနှစ်အုပ်ကို မစည်းမထုပ်သေးခင် ကျွန်တော်သည် တစေ့တစောင်း လှန်လှောကြည့်မိသည်။ တစ်အုပ်





သည် မိန်းမတို့၏ အပြစ်ကို ပြသောစာအုပ် ဖြစ်သည်။ အခြား တစ်အုပ်သည်လည်း ထိုသဘောကိုပင် ပြသော အပိုင်းပါသည့် စာအုပ် ဖြစ်သည်။ "ဩော်...ဒီစာအုပ်မှာ မိန်းမတွေ မကောင်းကြောင်းချည်း ရေးထားတာပဲ။ ရေးတဲ့ ပုဂ္ဂိုလ်ဟာ မိန်းမတွေနဲ့ ခွကျခဲ့ပြီ ထင်တယ်။ သူ့အဆိုအတိုင်းသာဖြစ်ရင် မိန်းမတွေ တယ်ဆိုးပါကလား။ သို့သော်လည်း မိန်းမတွေ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဒီကျမ်း ရေးသူဟာ မိန်းမတွေ အကြောင်းကိုတော့လည်း ဂရုစိုက်ပြီး အရေးသားပဲ။ အင်း... ဒီစာအုပ်ထဲမှာလည်း ဇာတ္ထိယကထာပိုင်းဟာ လူပြော အလွန်များ။ မိန်းမတွေရဲ့ အပြစ်အကြောင်း ပြောကြတဲ့အခါမှာ ဒီအပိုင်းထဲက အကိုးအကားတွေ ခဏခဏပါ။ နောက်ပြီးတော့ မိန်းမတွေကို 'မရှိ မကောင်း၊ ရှိ မကောင်းတည့်၊ မပေါင်းလည်း ခက်၊ ပေါင်းလည်း ခက်၏' တဲ့။ ဆိုလို့ ရွတ်လို့တော့ အကောင်းသား၊ နို့ပေတဲ့ ဒီလိုသာဖြစ်ရင် ယောကျ်ားတွေ ဘယ်လိုနေကြရမလဲ၊ လူ့ဘုံမှာ မွေးမလာကြတာက ကောင်းသေးတော့။ မွေးမလာကြရင်လည်း အမေတွေ ရှိကြမှာ မဟုတ်ပေဘူးဘဲ။ ကဲ...ကဲ...မွေးလာကြပါပြီတဲ့၊ စာအဆိုအတိုင်း ယောကျ်ားတွေဟာ ဝတ်ကြောင် လောကကြီးကို ငြီးငွေ့ပြီး အားလုံး ဘုန်းကြီးလုပ်ကုန်ကြရော ဆိုပါတော့၊ ဒီတော့ အမြို့မြို့ အရွာရွာမှာ မိန်းမတွေချည်း ကျန်ရစ်ခဲ့ကြမှာပေါ့။ တော်တော်ကြာ မိစ္ဆာတွေ ဝင်လာကြရင် အခက်ပဲ။ ဘုန်းကြီးအဝတ်တွေနဲ့ ဒေါသထွက်ကြရမယ်ဆိုရင် တော်တော်အရုပ်ဆိုးပေမယ်။ ကိုင်း...တော်...တော်၊ ရှေ့ဆက်ပြီး တွေးမနေနဲ့၊ တော်တော်ကြာရင် စာတိုက် ပိတ်သွားလိမ့်မယ်။ စာအုပ် မှာသူကမှာလို့၊ ပို့သူက ပို့လိုက်ရင် ပြီးရော မဟုတ်လား"ဟု တစ်ယောက်တည်း အတွေးထဲမှာ မိမိကိုယ်ကိုမိမိ ဆုံးမလိုက်သည်။ ထို့နောက် စာအုပ်ကို သေချာစွာ စက္ကူနှင့်ပတ်၊ စာအုပ်ထုပ်၏ နံဘေးလေးဖက်တွင် ကြိုးဖြင့် ခိုင်ခိုင်ချည်။ ထို့နောက် မျက်နှာတစ်ဖက်တွင် "**အရှင်ဦးသောဘိတ၊ စကုတိုက်၊ မန္တလေး**"ဟူသော လိပ်စာစက္ကူတစ်ချပ်ကို ကော်ဖြင့် ဖိကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့နောက် ထီးတစ်လက်ကို ဆွဲဖွင့်၊ စာအုပ်ထုပ်ကို ပိုက်၊ စာတိုက်သို့ ထွက်လာခဲ့သည်။

[၃]

စာတိုက်တွင် လူရှင်းလှ၏။ အတွင်းဘက်၌ မှောင်နေသဖြင့် ဓာတ်မီးများ ဖွင့်ထားကြရာ တစ်ခန်းလုံး ဝါထိန်နေသည်။ ကျွန်တော်သည် ရေစစ္စကြိုလုပ်ရာ ဌာနဘက်သို့ လှမ်းကြည့်လိုက်သည်။ ဓာတ်မီးရောင်ကြောင့် ပါးတစ်ခြမ်းဝါလျက်၊ ဆံထုံး မမြင့်တမြင့်နှင့် ခေါင်းငုံ့ စာရေးနေသော စာရေးမ တစ်ဦးကို မြင်ရသဖြင့် အံ့ဩမိသည်။*

ဌာနသို့ ရောက်သောအခါ ကျွန်တော်သည် စာအုပ်ထုပ်ကို သံတိုင်ကြားမှ ထိုးပေးလိုက်သည်။ ထိုစာရေးမက ကောက်ယူ၍ ချိန်ခွင်ထဲ၌ ထည့်ချိန်သည်။ ထို့နောက် တံဆိပ်ခေါင်း ကပ်ရန် ပြော၍ စာအုပ်ထုပ်ကို ကျွန်တော့်အား ပြန်ပေးပါသည်။ ကျွန်တော်သည် တံဆိပ်ခေါင်းရောင်းသော ဆိုင်သို့သွား၍ ဝယ်စရာရှိသည်ကို ဝယ်၊ ကပ်စရာ ရှိသည်ကို ကပ်ပြီးလျှင် ဌာနဘက်သို့ ပြန်လာမည်ဟု လှည့်လိုက်ရာ၊ စာပို့တိုက်ဝင်း အဝင်ဝမှ ဝင်လာသော ယောက်ျားပျိုတစ်ဦးကို လည်းကောင်း၊ ထိုယောက်ျားပျိုကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အံ့အားသင့်လျက် ကြည့်နေသော စာရေးမကို လည်းကောင်း မြင်မိသည်။ ကျွန်တော်သည် မိမိကိစ္စကို အလျင်အမြန် ပြီးစေလိုသဖြင့် တံဆိပ်ခေါင်းကပ်ပြီးသော စာအုပ်ထုပ်ကို သံတိုင်ကြားမှ ထိုးပေးလိုက်ပြန်သည်။ စာရေးမသည် စာအုပ်ထုပ်ကို ကောက်ယူရင်း အပြင်ဘက်သို့ လှမ်းကြည့်ပြန်သည်။ ထိုနောက် အမိုးအောက်သို့ ရောက်လာပြီဖြစ်၍ ထီးကို တစောင်းပိတ်ကာ မိုးရေများကို ခါသွက်နေသော ယခင် ယောက်ျားပျိုအား လှမ်း၍ 'ဩော်…ကိုခင်၊ မိုးရွာကြီးထဲမှာ ဘာကိစ္စများ

* ၁၉၂၀ ကျော် ကာလက ရုံးများ၌ အမျိုးသမီး စာရေးမ ရှားသေးသောကြောင့် ဖြစ်သည်။





ထူးလာပြန်သလဲ။ အိမ်ကို ရောက်ခဲ့ပလား၊ ထမင်းစားပြီးပလား၊ ကျွန်မ ပြင်ထားခဲ့တယ်လေ။(နာရီကို ကြည့်လိုက်)ဒီနေ့မနက် ကိုခင် အလုပ်ဆင်းလာတာ စောလှချေကလား။ လုံချည်လည်း မိုးတွေစိုလို့၊ ရှင့်နှယ်ရှင် ထီးလည်း အပါသားနဲ့'

စာရေးမက တစ်မိနစ်အတွင်း၌ အထက်ပါစကားတို့ကို ရက်ရောစွာ သွန်လွှတ်နေခိုက်၊ ကျွန်တော်၏ စာအုပ်ထုပ်သည် နားရွက်မခတ်ဝံ့။ ထိုစာရေးမ ချထားသော နေရာတွင် ခပ်ကုပ်ကုပ် နေရရှာသည်။ ကျွန်တော့်မှာ ထိုယောက်ျားပျို၏ ထီးမှ တစက်စက် ကျနေကြသော ရေစက်များကို ကြည့်နေမိသည်။ ထိုရေစက်များသည် ကြမ်းပေါ်တွင် စုပုံနေပြီးနောက် ဟိုဘက် စီးရတော့မလိုလို၊ သည်ဘက် စီးရတော့မလိုလို ပြုပြီးမှ မိမိတို့၏ အပေါင်းဖော်များရှိရာ ရေမြောင်းထဲသို့ အငြိမ့်သား စီးဆင်းသွားသည်ကို လည်း ကြည့်နေမိသည်။

ထိုယောက်ျားပျိုသည် ကျွန်တော့်ဘက်သို့ တစ်ချက်လှည့်ကြည့်၍ မသိမသာ ပြုံးလျက်–

'အင်း… အင်း ဘယ်ကလာပြီး ထမင်းစားရဦးမှာလဲ။ သော့ကို ထားမပစ်ခဲ့ဘဲနဲ့'

'ဟောတော့… ဒေါ်ဒေါ်ခါကို သော့မပေးခဲ့မိဘူး။ ကြည့်ပါဦး… မေ့လိုက်တဲ့ဖြစ်ခြင်း။ ကိုခင် …အခု အိမ်ကို ရောက်လျက်သားနဲ့ တံခါးသော့ ခလောက် ခတ်ထားလို့ မဝင်ခဲ့ရဘူးပေါ့'

'အေးလေ… မင်းမှ သော့ မထားခဲ့ဘဲ၊ ငါ ဘယ့်နှယ်လုပ်ပြီး ဝင်နိုင်မှာလဲ…'

'နောက်ကို မမေ့ပါဘူးတော်' ဟု အာလုပ်သံပျော့ပျော့နှင့်ပြောပြီး နောက် ထိုစာရေးမသည် ခပ်အုပ်အုပ်ရယ်ရင်း သော့တွဲကို မိမိ၏ အင်္ကျီ အိတ်မှ ထုတ်လိုက်သည်။

သော့တွဲသည် ချွင်ခနဲမြည်လျက် အလင်းသို့ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်အုပ်အုပ်မြည်သော ထိုစာရေးမ၏ ရယ်သံသည် အလင်းသို့ ထွက်လာသော ထိုသော့တွဲကို ထိုယောကျ်ားပျို၏ လက်သို့ ရောက်အောင် အဆောတလျင် လိုက်ပို့လိုက်သည်။ ရယ်သံ တစ်ခုတည်းက လိုက်ပို့ရသည်မှာ အားမရသေး၍လား မသိ။ 'ကိုခင်…ဟင်းမလောက်ရင် ယူစားနော်၊ ကြောင်အိမ်ထဲမှာ ရှိလေရဲ့။ မိုးလုံအောင် ထီးကို ဆောင်းသွားပါ' ဟူသော စကားတို့ကလည်း စာပို့တိုက်ဝင်း အဝင်ဝအထိ မမိမကမ်း လိုက်ပို့လိုက်ပြန်သေးသည်။

[ ၄ ]

မိုးရေကလည်း ရွှဲလျက်ပင် ရှိသေး၏။ မိုးသံကလည်း ရှဲလျက်ပင် ရှိသေး၏။ ကျွန်တော်သည် လွမ်းစရာကောင်းလှသော ထိုဇာတ်ထုပ်ကလေးကို မြင်ရပြီးသည့်နောက် သံတိုင်ရှေ့တွင် ရဲဝံ့စွာ မတ်မတ်ရပ်လိုက်ပါသည်။ ထိုအခါကျမှပင် ထိုစာရေးမသည် အိပ်ရာမှ လန့်နိုးလာဘိသကဲ့သို့ ကျွန်တော့်အား မျက်လုံးပြူး မျက်ဆန်ပြူးကြည့်ပြီးလျှင် ဣန္ဒြေပြန်ဆည်၍ ကျွန်တော်၏ စာအုပ်ထုပ်ကို ကောက်ယူလိုက်သည်။ ထို့နောက် လိပ်စာကိုကြည့်ပြီးလျှင် လက်ခံစာအုပ်တွင် ရေး၍ ဖြတ်ပိုင်းတစ်ရွက်ကို ကျွန်တော့်အား မကြည့်ဘဲ ပေးလိုက်ပါသည်။ ကျွန်တော်သည် ဖြတ်ပိုင်းစာရွက်ကို လှမ်းယူ၍ ထွက်လာရင်း အမှတ်တမဲ့ ဖြတ်ပိုင်းပါ စာကို ဖတ်ကြည့်ရာ "အရှင်ဦးသောဘိတ၊ စကုတိုက်၊ မန္တလေး" ဟု ရေးရမည့် နေရာတွင် "**ကိုခင်၊ စကုတိုက်၊ မန္တလေး**" ဟု ရေးထားသည်ကို တွေ့ရသည်။ ပြုံးလည်း ပြုံးချင်လှတော့သည်။

ကျွန်တော် ချက်ချင်းပြန်လှည့်၍ တကယ် စိတ်ဆိုးလေဟန် မျက်နှာထားမျိုးနှင့် 'ဗျို့…ဗျို့…ကျုပ်ရဲ့ အရှင်ဦးသောဘိတကို ခင်ဗျားက ဘာဖြစ်လို့ ခင်ဗျာ့ ကိုခင် လုပ်လိုက်ရသလဲ' ဟု မေးပြော ပြောရင်း ဖြတ်ပိုင်းစာရွက်ကို ပြန်ပေးလိုက်ပါသည်။ ထိုအခါ စာရေးမသည် မျက်လုံးပြူး





မျက်ဆန်ပြူး ဖြစ်ပြန်၍ ကျွန်တော့်ကို ကြည့်လိုက်၊ ဖြတ်ပိုင်းစာရွက်ကို ကြည့်လိုက် အတန်ကြာ အံ့အားသင့်နေပြီးမှ ပြုံးလာပြီးလျှင် 'သည်းခံပါရှင်…သည်းခံပါ၊ ကျွန်မရဲ့ ယောကျ်ား ကိုခင် ရောက်လာတာနဲ့' ဟု ဆိုကာ ဖြတ်ပိုင်းစာရွက်၌ ပြင်၍ ရေးပါသည်။ ထို့နောက် ရှက်သွေးကြောင့် ပြုံးမဲ့မဲ့နေသော မျက်နှာဖြင့် ကျွန်တော့်ကို မရဲတရဲကြည့်ကာ ဖြတ်ပိုင်းကို ပြန်ပေးသည်။ ကျွန်တော်သည် လှမ်း၍ယူရင်း 'ဒါလောက်ပဲလားဗျာ' ဟု ဆိုကာ စာပို့တိုက်မှ ခွာခဲ့ပါသည်။ နောက်ထပ် ထိုစာရေးမ၏ ရယ်သံကို ကြားလိုက်ပါသေးသည်။

"ဦးသောဘိတကတော့ ငယ်ဖြူမို့၊ စာအုပ်နှစ်အုပ်မှာ ပါတဲ့အတိုင်း မိန်းမတွေ မကောင်းကြောင်းကို ချက်ချင်း သဘောကျပြီး အလွယ်တကူ လက်ခံလိုက်မလား မသိ။ တကယ်လို့များ ဒီအကြောင်းကို ကိုခင် ဖတ်ကြည့်ရင် သူဟာ လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်ပါ့မလား၊ ဟောဒါဟာ… စဉ်းစားစရာပဲ။ အလို …ဒါဟာ ငါ့အရေး မဟုတ်ပါဘူး။ ကိုခင့် အရေးပါ။ တော်…တော်…စိတ်ညှောင်းလှတယ်" ဟု တစ်ယောက်တည်း အတွေးထဲမှာ ဒုတိယအကြိမ် မိမိကိုယ်ကိုမိမိ ဆုံးမ၍ မိမိအိမ်သို့ ပြန်လာပါသည်။

မိုးရေကလည်း ရွှဲလျက်ပင် ရှိသေး၏။ မိုးသံကလည်း ရှဲလျက်ပင် ရှိသေး၏။ လည်ရစ်ဖြူဖြူနှင့် လှသော ကျီးကလေးသည် ပြတင်းပေါက်တံခါးရွက်ပေါ်မှာ ရှိမှ ရှိသေး၏လား။ သူ့အသိုက်ဆီသို့ ပျံသွားပြီလား… ကျီးတော့ ကျီးပဲ၊ သို့ရာတွင် နှစ်ခွန်းလောက်သာ အာလိုက်သော သူ့အသံသည် ကျီးသံ မဟုတ်။ ကောင်းကင်မှ ကျလာသော ကရုဏာသံ တစ်မျိုးပါပေ။

[ ဂန္ထလောက၊ ဖေဖော်ဝါရီ၊ ၁၉၃၄ ]

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ကြီးဘာယာ

## အခန်း (၁)

လမင်းသည် ထန်းတစ်ဖျား အမြင့်လောက်တွင် ဝိုင်းစက်ကာ စိတ်ချမ်းမြေ့စရာဖြစ်အောင် ထိန်လျက်နေပေသည်။ ထိုအခါတွင် မည်သူသည် မငေးဘဲ၊ မကြည့်ဘဲ နေနိုင်အံ့နည်း။ မည်သူသည် မချစ်ဘဲ၊ မလွမ်းဘဲ၊ မအံ့ဩဘဲ နေနိုင်အံ့နည်း။ ကျွန်ုပ်သည် လမင်းအား ငေး၍ ကြည့်၏။ လမင်းကလည်း ကျွန်ုပ်အား ငေး၍ ကြည့်နေ၏။ စကားဖြင့် မည်သူမျှ မပြောနိုင်။ အတန်ကြာသော် လေပြည်ကလေးသည် ကျွန်ုပ်ထံသို့ ညင်း၍ တိုက်လာလေသည်။

"ညီခင်...နောင်ကြီးကို ငေးစိုက်ပြီး ကြည့်နေတာ မညောင်းသေးဘူးလား၊ ငေးနေရုံနဲ့လည်း ဘယ်ပြီးဦးမလဲ၊ အချိန်ကုန်လှပါပကော။ ကျွန်ုပ်ကို ချစ်လို့ လွမ်းချည်း နေမယ်၊ အံ့ဩချည်း နေမယ်ဆိုရင်လည်း အကျိုးမထူးလှပေဘူး။ သိပ်လည်း မလွမ်းနဲ့၊ သိပ်လည်း မအံ့ဩနဲ့။ နောင်ကြီးလည်း ညီခင်တို့လိုပါပဲ၊ ညီခင်တို့က မြေပေါ်မှာ ခရီးသည်၊ နောင်ကြီးက ကောင်းကင်က ခရီးသည်၊ ခရီးသည် အချင်းချင်းပဲ၊ အချိန်တန်ရင် နားကြ၊ စခန်းချကြတာပဲ။ နောက် လမ်းသစ် ရှာကြစမြဲပဲ။ ဒီတော့ ညီခင်ဟာ နောင်ကြီးကို မငေးလွန်းနဲ့၊ မချစ်လွန်းနဲ့၊ မလွမ်းလွန်းနဲ့၊ မအံ့ဩလွန်းနဲ့။ နောင်ကြီး ပြောတာကို လိုက်နာပါ။ နောင်ကြီးဟာ စင်စစ် ကမ္ဘာဦးကတည်းက ဝိုင်းဝိုင်းစက်စက် ဖြူဖြူဖွေးဖွေးကြီး လှသော်လည်း မှန်တာကို





ပြောတတ်တယ်၊ မှန်တာကို ပြောတယ်ဆိုတော့ နားခါးစမြဲပဲ။ ကဲ...ကဲ...မငေးလွန်းနဲ့၊ ဟိုမှာ ကြည့်စမ်း...ကြည့်စမ်း"

ညင်း၍ လာသော လေပြည်ကလေးလည်း အညင်းရပ်သွားလေ၏။ ကျွန်ုပ်လည်း ဟောဟိုနေရာကို ကြည့်လိုက်လေသတည်း။

## အခန်း (၂)

ကြည့်လိုက်သော နေရာတွင် များစွာသော ပြာသာဒ်တို့သည် မှိုလိုပေါက်လျက် ရှိကြလေသည်။ ၎င်းတို့အလယ်တွင် တောင်ပို့ပမာ မားမားမတ်မတ် မြင့်လွင့်နေသော ဘုံကိုးဆင့် ပြာသာဒ်ကြီးလည်း ရှိလေသည်။ ပြာသာဒ်များ၏ ဘေးပတ်ပတ်လည်တွင် မြို့ရိုးကြီး ဝန်းရံလျက် ရှိသည်။ မြို့ရိုးကိုကျော်၍ မြင့်တက်နေကြသော ထန်းပင်များသည် နီလာရောင် ကောင်းကင်အခံတွင် ယပ်တောင်စိမ်းကလေးများသဖွယ် ထင်ကြကုန်၏။ မြို့ရိုး၏ အပြင်ဘက်တွင် ကျုံးမြောင်းကြီး ရှိ၏။ ထိုကျုံးကြီးမှာ မြို့ရိုး ပတ်ပတ်လည်ကိုသာ ဝိုင်းကြီးပတ်ပတ်လှည့်၍ စီးနေရရှာ၏။

ကျုံး၏ ကမ်းနံဘေးများတွင် ကြာပွင့်နီရဲရဲကလေးများသည် ကြာရွက်အဝိုင်းစိမ်းစိမ်းတို့အကြားမှ မြွေဟောက်ကလေးများ ပါးပျဉ်းထောင်နေသကဲ့သို့ သူ့အရိုးတံနှင့်သူ ထောင်၍ ပွင့်နေကြ၍။ ကျုံးကမ်းစပ်ရေမျက်နှာပြင်များတွင် ဟင်္သပဒါးရောင် မြို့ရိုး၊ မြို့ရိုးပေါ်ရှိ တန်ဆောင်းဝါဝါကလေးများ၊ တန်ဆောင်း၏ နံဘေးရှိ ထန်းပင်စုစုကလေးများ၏ အရိပ်တို့သည် အညီအညွှတ် စည်းဝေး၍ နေကြကုန်သတည်း။

## အခန်း (၃)

အညင်း ရပ်သွားသော လေပြည်လည်း ပြန်၍ စ လာပြန်သည်။

"ညီခင်...အဲဒါဟာ ဘာယာပြည်ကြီး ဆိုတာပေါ့၊ ကြည့်လိုက်စမ်း...မြင်းမိုရ်တောင် ခြေရင်းမှ ငေါ၍ ထွက်နေသော အငုံကလေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကလေး တင်နေလိုက်တာ၊ ဘယ့်ကလောက် အံ့သြစရာကောင်းသလဲ။ နောင်ကြီးရဲ့ စိတ်ထဲမှာဖြင့် ဒီဘာယာပြည်ဟာ ဆားဘက်ကို လိမ့်ကျသွားလိမ့်မယ်ချည်း ထင်မိတယ်၊ နို့ပေတဲ့ မကျပါဘူး၊ မကျဘူး။ ဒီလို ပက်လက်ကလေး တင်နေလျက်နဲ့ပဲ ကြီးပွားလာတာပဲ၊ ယုံပါမောင် ယုံပါ။ ဒီဘာယာပြည်နှင့်တကွ ဇမ္ဗူဒီပါ လက်ယာ တောင်ကျွန်းတို့ ဘာတို့ ညာတို့ ဆိုတာများဟာ နောင်ကြီးရဲ့ မျက်စိအောက်မှာ ကြီးပြင်းလာကြတော့ သူတို့ရဲ့အကြောင်းကို နောင်ကြီး ကောင်းကောင်းသိတာပေါ့။

"အင်း...စကားစပ်မိလို့ ပြောရဦးမယ်၊ ညီခင်တို့ ဇမ္ဗူဒီပါ လက်ယာ တောင်ကျွန်းမှာ အလွမ်းသမားတွေ တယ်ပေါသကိုး။ မောင်တို့ ကျွန်းသားများဟာ တစ်စုံတစ်ခုကို ထွင်ပြီး လုပ်ကိုင်လိုက်ပလား ဆိုရင် စကြဝဠာတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းတော့မလောက် လွမ်း လွမ်း နေကြသကိုး။

"ဒါတွေကို ကြားရ မြင်ရတော့ မောင်တို့ကျွန်း ပေါ်ကာစက ဘယ်လူမျိုးမဆို အယုတ်အလတ် အမြတ်မရွေး လိုချင်တယ်ဆိုရင် မျက်နှာမလိုက်ဘဲ ပေးတတ် ကမ်းတတ်တဲ့ ပဒေသာပင်ကြီးကို မြင်ဖူးခဲ့တဲ့ နောင်ကြီးမှာ ရယ်ချင်တာပေါ့ မောင်၊ ရယ်ချင်တာပေါ့။ မောင်တို့ ကျွန်းသားများဟာ စိတ်ကောင်းတော့ ရှိကြပါရဲ့၊ နို့ပေတဲ့ လုပ်လိုက်တဲ့ အလုပ်များဟာ တစ်ဖက်စီးနင်းတွေ များတယ်။ သူသာရင် ငါနာ၊ သူနာရင် ငါသာ နေတာချည်းပဲ။ ပဒေသာပင်လိုတော့ ဘယ်သူ့ကိုမှ အယုတ်အလတ် အမြတ်မရွေး ချမ်းမြေ့အောင် မလုပ်ပေးနိုင်ဘူး"

လေပြည်ကလေးလည်း အညင်း ရယ်သွားပြန်လေသည်။ ကျွန်ုပ်လည်း ဟောဟိုနေရာကို ကြည့်လိုက်ပြန်သတည်း။

## အခန်း (၄)

လေးထောင့်သဏ္ဌာန်ရှိသော မြို့ရိုး၏ အပြင်ဘက်တွင် အိမ်ငယ်တို့သည် အများအပြား ခြံရံလျက် ရှိကြသည်။ ဘာယာ ပြည်သူပြည်သားတို့၏





ရပ်ကွက်များတည်း။ မြို့ရိုး၏အမြင့်နှင့် နှိုင်းစာလျှင် အိမ်ငယ်တို့၏အမြင့်မှာ မပြောပလောက်ချေ။ မြို့ရိုးကြီးများမှာ အခြံအရံ ဖြစ်ကြသော အိမ်ငယ်များကို ခုန်၍ အုပ်တော့မည်ကဲ့သို့ ထင်ရ၏။ အိမ်ငယ်များကလည်း အလယ်ကောင်တွင် မားမတ်နေသော ထိုမြို့ရိုးကြီးများကို ရှိခိုးဦးတိုက် နေကြသကဲ့သို့ ထင်ရလေသည်။

## အခန်း (၅)

လေပြည်ကလေးလည်း ပေါက်လာပြန်လေသည်။

"ညီခင်ရေ...နောင်ကြီးဖြင့် အဲဒီ ပဒေသာပင်ကြီးကို လွမ်း...လွမ်းသေးတော့၊ နို့ပေတဲ့ လွမ်း လွမ်းချည်းလည်း မနေချင်တော့ဘူး။ အကျိုးလည်း မထူးဘူး၊ လွမ်းတာ အဖတ်တင်တာပဲ၊ အခုများတော့ နောင်ကြီးဟာ ကွယ်သွားတဲ့ ပဒေသာပင်ကြီးကို အားကျပြီး ကိုယ့်ကိုယ်ကို မလှ လှအောင် ဖြီးလိမ်းပြုပြင်၊ လူအများ အယုတ်အလတ် အမြတ်မရွေး၊ အဝေးက မြင်ရအောင် ကောင်းကင်ကနေပြီး ကိုယ့်အလှကို ပြနေတော့တာပဲ၊ မျက်စိအလင်းကွယ်ကြတဲ့ လူတွေကလွဲရင် နောင်ကြီးကို ကြည့်ချင်လျက်နဲ့ မမြင်နိုင်ဘူးလို့ ဘယ်သူက ပြောမလဲ။ ကိုင်း...ကိုင်း၊ နောင်ကြီးကို မငေးလွန်းနဲ့၊ မချစ်လွန်းနဲ့၊ မလွမ်းလွန်းနဲ့၊ မအံ့သြလွန်းနဲ့။ ဟိုမှာ ကြည့်စမ်း...ကြည့်စမ်း"

လေညင်းလည်း ရယ်သွားပြန်သတည်း။

## အခန်း (၆)

ဤတစ်ခါတွင် ဘာယာပြည်ရှိ မြို့ရိုးအတွင်းက နန်းပြာသာဒ်များနှင့်တကွ မြို့ရိုး အပြင်ဘက်ရှိ အိမ်ငယ်တို့မှာ မည်းနက်သောသဏ္ဌာန် ရှိကြလေသည်။ တိတ်လည်း တိတ်ဆိတ်လျက် ရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော် အချိန်မှာ သန်းခေါင်အချိန် ဖြစ်သောကြောင့်တည်း။

သို့သော် သန်းခေါင်အချိန် ရောက်နေလျှင် မိုးဖြင့် လင်းခါနီးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်းထက်ဖြင့် ညဥ့်မနက်တော့ဘူးဟု ဆိုရိုးစကား ရှိခဲ့သော်လည်း သန်းခေါင်ကျော်လျှင်မူကား နက်သောညဥ့်သည် အနက်လျော့၍ လာရမြဲတည်း။ အနက် လျော့လာလျှင် အလင်းဘက်က တဖြည်းဖြည်း အားတက်လာရပေမည်။ အလင်းဘက်က အားတက်လာလျှင် ကြက်ဖကြီးများလည်း အညောင်းဖြေကြသည့်အနေနှင့် တောင်ပံနှစ်ခုကို ရိုက်နက်လျက် လည်ပင်းများကို အစင်းသား ထား၍ တွန်မြည်တတ်သော အချိန်လည်း နီးလာပေမည်။

များမကြာမီတွင် တောတွင်းရှိ သစ်ပင်ကိုင်းများပေါ်တွင် အိပ်တန်းတက်ကြသော တောကြက်ဖကြီးများ၊ ဘာယာပြည်တွင်းရှိ အိမ်ခေါင်စွန်းများပေါ်တွင် အိပ်တန်း တက်ကြသော မြို့ကြက်ဖကြီးတို့သည် တဖြည်းဖြည်း လင်း၍လင်း၍ လာသော ရောင်နီက နှိုးဆော်သောကြောင့် အစကနဦးကပင် ပြိုင်တူ တွန်မည်ဟု စည်းဝေးဆုံးဖြတ်ထားသည့်ပမာ တစ်ပြိုင်တည်း တွန်ကြလေသည်။ ထိုအခါ တောတွင်း၊ ဘာယာပြည်တွင်းတို့မှာ ကြက်သံဖြင့် သဲသဲညံလျက် ရှိကြလေသည်။ ကြက်သံတွေ ဆူပြီးလျှင် ကျီးသံတွေ ဆူညံလာသည်။ ကျီးသံတွေ ဆူပြီးလျှင် လူသံတွေလည်း ဆူညံလာကြပေသည်။ အရှေ့ဘက်က ရောင်နီလည်း ပေါ်ထင်လာပြီးလျှင် ပြန်၍ပင် မှိန်သွားလေပြီ။

## အခန်း (၇)

သို့ရာတွင် ဘာယာပြည့်ရှင် မင်းတရားကြီးမှာ ဘုံကိုးဆင့်ရှိသော နန်းပြာသာဒ်ကြီးအောက်က အိပ်ခန်းဆောင်တွင် ဟောက်လျက်ပင် ရှိသေး၏ တကား။ ခြင်္သေ့ရုပ်၊ ခြူးရုပ်၊ ဘီလူးရုပ်၊ နတ်ရုပ်များဖြင့် တန်ဆာဆင်ထားသော တံခါးနီနီကြီး အဝ၌လည်း အိပ်ဖန်စောင့် သုံးယောက်တို့သည် နေမင်းပြူ ပေါ်လုလုနေသော အရှေ့ဘက် တစ်ခွင်သို့ မျှော်ငေး၍ နေကြလေသည်။ အဆောင်တော်ကို ဝန်းရံလျက်ရှိသော ပန်းဥယျာဉ်တွင်းမှာကား





ဗွတ်ကလုံ ငှက်ကလေးတစ်ကောင်သည် သစ်ခက်သစ်ရွက်များ အကြားတွင် ခုန်ကာ ပျံကာ တီတီတွတ်တွတ် သီကျူးလျက် နေလေသည်။

အတန်ကြာလျှင် နေဝန်းလည်း ရဲရင့်စွာ ထွန်း၍ ထွက်လာလေသည်။ အိပ်ခန်းဆောင်တော်မှ ပြည်ကြီးရှင်၏ ချောင်းဟန့်သံကို ကြားလိုက်ရလေသည်။ ထိုအခါကျမှလျှင် တံခါးနီဝတွင် စောင့်လျက် နေကြရသော အိပ်ဖန်စောင့် သုံးယောက်၏ မျက်နှာများမှာ ပြုံးသောအသွင်ကို ဆောင်ကြလေသည်။ တစ်ယောက်မှာ ပြုံး၍မဆုံးခင်ပင် သမ်းဝေလိုက်လေသည်။

တစ်ဖန် အခန်းဆောင်အတွင်းမှ တပြုန်းပြုန်း ရေချိုးသံကို မရပ်မနားကြားရပြန်သည်။ သစ်လွင်စွာ ဝတ်ဆင်ထားသော စစ်သားအသစ် သုံးယောက် နောက်ထပ် ရောက်လာသဖြင့် အိပ်ချင်နေကြသော စစ်သားများမှာ ပေါ့ပါးစွာ ထွက်ခွာသွားကြလေသည်။ စစ်သားသစ်များလည်း သင့်ရာနေရာများ၌ နေကြသည်နှင့် တစ်ပြိုင်နက် မိဖုရားငယ် သုံးပါးနှင့် ၎င်းတို့နောက်က ကိုယ်လုပ်တော် ခြောက်ယောက်တို့သည် စန္ဒကူးနံ့သာ၊ ဒေါနဆီ၊ မွှေးကြိုင်သောပန်း နီနီ ဝါဝါ ပြာပြာတို့နှင့်တကွ အချိုပွဲ အချဉ်ပွဲ အုပ်၊ အစ်၊ ခွက်၊ ဖလား၊ ကလပ်များကို ကိုယ်စီကိုင်ကာ တံခါးနီဝသို့ ရောက်လာ၍ တံခါးကို ခေါက်လေသည်။ တံခါးလည်း အတွင်းမှ ယန္တရားစက် ဆင်ထားသောကြောင့် အလိုလို ပွင့်သွားလေသည်။ မိဖုရားငယ်တို့လည်း ဝင်သွားလေသည်။

မိဖုရားငယ် သုံးပါးအနက် တစ်ပါးမှာ ဂန္ဓမာနယ်စား၏ သမီးတော် ဂန္ဓမာမင်းသမီး ဖြစ်၏။ အခြားတစ်ပါးမှာ ဝေဘူလာ နယ်စား သမီးတော် ဝေဘူလာမင်းသမီး ဖြစ်၏။ ကျန်တစ်ပါးမှာ ဝေဘာလနယ်စား၏ သမီးတော် ဝေဘာလမင်းသမီး ဖြစ်၏။ (ဘာယာပြည်တွင် နယ်ပေါင်း ရှစ်ဆယ်နီးပါးလောက် ရှိသည်။) ၎င်း မင်းသမီး သုံးပါးစလုံး အချောချည်းတည်း။ သို့ရာတွင် ဘာယာပြည်ကြီးရှင်၏ ချစ်ခြင်းမှာ ၎င်းတို့သုံးပါး အပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



မညီမျှလေ။ ဂန္ဓမာမင်းသမီးမှာ ပြည်တန်သော ပတ္တမြားဆံကျင်ကို ညက အသနားတော်မြတ် ခံရ၏။ ကျန် မင်းသမီးနှစ်ပါးမှာကား သာမည ပတ္တမြား လက်ဝတ်နှင့် သာမည ပတ္တမြားဒါလီတို့ကိုသာ အသနားတော်မြတ် ခံရသည်။ အဘယ်ကြောင့်ဆိုသော် ဂန္ဓမာမင်းသမီးမှာ ကြာမှုပါသောကြောင့်တည်း။ ဤနံနက်မှာ ၎င်းတို့သုံးပါး အလှည့်ကျသဖြင့် ပြည်ကြီးရှင်အား နံ့သာ သရန် ရောက်လာကြရလေသည်။

ပြည်ကြီးရှင်၏ အိပ်ခန်းတစ်ခုလုံးမှာ ရွှေချထားရာ နံရံအထက် ပြတင်းများမှ ထိုးဝင်လာသော နေရောင်ခြည်များကြောင့် တထိန်ထိန် ပြောင်လျက် လင်းနေ၏။ ကျောက်သံပတ္တမြားများဖြင့် မလှ လှအောင် ကြံကြံစည်စည် တန်ဆာဆင်ထားသော သလွန်ပေါ်တွင်ကား ကမ္ဗလာစောင်၊ ကတ္တီပါခေါင်းအုံး၊ မှီအုံးတို့သည် ဖရိုဖရဲဖြစ်၍ နေလေသည်။ ကြာခြည်ရုံ၏ အောက်ပိုင်းမှာလည်း သလွန်ခြေရင်းတွင် ပေါင်းစု၍ တွဲရရွဲ နေလေသည်။ နံရံကိုမှီ၍ သလွန်ငယ်များလည်း ရှိကြသည်။ သလွန်ကြီး ခြေရင်းတွင် ကိုယ်လုံးပေါ် ကြေးမုံကြီးမှာလည်း ကြည်လင်လျက် ရှိပေသည်။

## အခန်း (၈)

မိဖုရားငယ်များ ဝင်လာသောအခါ ဘာယာပြည်ကြီးရှင်မှာ သလွန်ငယ် တစ်ခုပေါ်တွင် ရာကျပုဆိုး တစ်ပတ်နွမ်းကိုဆီး၍ ကမ္ဗလာကိုခြုံကာ ကြေးမုံ ပြင်ရှေ့တွင် ဣန္ဒြေရစွာ ထိုင်လျက်သား နေသည်။ မိဖုရားများ မလာခင်က ပြည်ကြီးရှင်မှာ ကြေးမုံပြင်ဝယ် မိမိ၏မျက်နှာ ကသိုဏ်းဝန်းကို ရှုနေဟန် တူပေသည်။ မူရင်းမျက်နှာက ပြုံးပြုံးကလေးနေလျှင် ကြေးမုံ မျက်နှာလည်း ပြုံးပြုံးနေမည် မလွဲတည်း။ မူရင်းမျက်နှာ မဲ့ရွဲ့လျှင်လည်း ကြေးမုံကလိုက်၍ မဲ့ရွဲ့ပေမည်။ စင်စစ် ကြေးမုံသည် သစ္စာရှိသော ငယ်ကျွန်ကြီးတည်း။ ကြေးမုံတွင် မျက်နှာကသိုဏ်းကို ရှုသည်ဆိုခြင်းမှာ ပထဝီ ကသိုဏ်းဝန်းကို ရှုသော ယောဂီပုဂ္ဂိုလ်လိုဖြင့် နိမိတ်များထင်၍ ဈာန် သမာပတ်ကို ဝင်စား





နိုင်မည် မဟုတ်။ ထိတ်လန့်စရာ၊ အထင်ကြီးစရာ နှစ်ခုတွင် တစ်ခုခု ဖြစ်နိုင်သည်။ ထို့ကြောင့် ကြေးမုံကို အကြောင်းပြု၍ ဘာယာပြည့်ရှင်မှာ ငါလည်း လူပါပဲ ဟူ၍လည်းကောင်း၊ သို့တည်းမဟုတ် ငါဟာ အထွတ် အထိပ် လူ့အပေါ်ကနေသော ပြည့်ရှင်ဘုရင်မင်းမြတ် တစ်ဆူပဲဟူ၍ လည်းကောင်း အကြောင်းသင့်ရာ တစ်ခုခုကို ထင်မြင်လျက် နေပေမည်။

သို့ရာတွင် မိဖုရားများကို မြင်လိုက်သောအခါ ဘာယာပြည့်ရှင် ၏ မျက်နှာမှာ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားသဖြင့် ကြေးမုံပြင်က မျက်နှာမှာလည်း အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေသည်။

‘ဘယ့်နဲ့ မိဖုရားများ နောက်ကျသကိုး’

ထိုအခါ ဂန္ဓမာ မင်းသမီးလည်း ဝပ်၍ ခစားနေရာမှ ထ၍ ပြည်ကြီး ရှင်အနီးသို့ ချဉ်းကပ်ကာ ကမ္ဗလာကို ခွာယူရင်း ‘ဖျာ့…ကျွန်မတို့ အဖူး အမြော် ရောက်နေတာ အတန်ကြာသွားပါပြီ၊ ငြိမ်ဝပ်စွာ ခစားနေလို့ပါ မောင်မောင်ဘုရား’ ဟု လျှောက်ထားလိုက်လေသည်။ လျှောက်ထားပုံမှာ လည်း ပြည်ကြီးရှင်၏ နှုတ်ခမ်းမွေး ကုပ်လျက်နေသော မျက်နှာနားမှာ ရစ်ကာသီကာ တိုးတိုးကလေးနှင့် ပြုံးပြုံးကလေး ဖြစ်လေသည်။ ထိုအခါမှ ပြည့်ရှင်မင်းလည်း ပြုံးသလိုလို ဖြစ်လာ၏။ ကြေးမုံမှ မျက်နှာလည်း ပြုံး၍ လာလေသည်။

## အခန်း (၉)

ယင်းသို့ လူရော ကြေးမုံရော ပြုံးကြပြီးနောက် ဝေဘူလာမင်းသမီးနှင့် ဝေဘာလမင်းသမီးတို့လည်း ကိုယ်လုပ်တော်များထံမှ စန္ဒကူးနံ့သာနှစ်ကို ယူလျက် မင်း၏အနီးသို့ လာ၍ မင်း၏ကိုယ်ကို လိမ်းကျံပေးလေသည်။ ဂန္ဓမာမင်းသမီးကလည်း မင်းအား ဒူးတုပ်ကာ ရှိခိုးပြီးလျှင် ပြည့်ရှင်၏ ဆံပင်ကို ရှင်းသင်ကာ နေလေသည်။

ဂန္ဓမာမင်းသမီးလည်း ဆံပင်များကို ရှင်းသင်ပြီးနောက် ကိုယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တော်များက ဆက်သလာသော ဒေါနဆီမွှေးနှင့် မင်း၏ဆံပင်ကို လိမ်းသပ်ရင်း မျက်ခုံးကောင်းကောင်း၊ မျက်တောင်ကော့ကော့၊ မျက်လုံးဝန်းဝန်း၊ ပါးပြည့်ပြည့်၊ နှုတ်ခမ်းပါးပါးတို့ဖြင့် လှပသော မိမိ၏မျက်နှာကို ကြေးမုံပြင်၌ ခပ်မော့မော့နှင့် ပြုံးပြုံးကလေး အနေထားပြီးလျှင်…

'မောင်မောင်ဖျား၊ ဆံပင်ဖြူတွေကလည်း နုတ်လို့ပဲ မနိုင်ပါကလား၊ ဖျား ကျွန်မဖြင့် မောင်ဘုရားအတွက် စိတ်မကောင်းပါ မောင်မောင်'

'အို… ဆံပင်ဖြူတာကိုပဲ စိတ်မကောင်းစရာလိုက်လို့၊ ဆံပင်ဖြူတာဟာ စကြာယာဉ်ပျံများ ဆိုက်ရောက်ပြီး မောင်မောင်ရဲ့ ဘုန်းတော်ကံတော်များဟာ နောင်အခါ တိုးသည်ထက် တိုးဖို့ နိမိတ်ကွယ့် မိမိရဲ့'

'သြော်…မောင်ဖျားမှာ စကြာယာဉ်ပျံများ ရပြီး ဘုန်းတော် ကံတော်များ တိုးလာတယ်ဆိုရင် ဖျား ကျွန်မတို့မှာ အတိုင်းမသိ ဝမ်းမြောက်ဖို့ပါပဲ၊ နို့ပေတဲ့'

'နို့ပေတဲ့ ဘာဖြစ်သလဲ၊ ဆက်စမ်းပါ့။ နို့ပေတဲ့ ဘာဖြစ်သလဲ'

'မဆက်ပါရစေနဲ့တော့ ဖျား'

'အို…ဘာဖြစ်လို့ မဆက်ချင်တာလဲ၊ ဆက်လဟယ်'

'တော်တော်ကြာ မောင်ဖျားက အမျက်တော်ရှပြီး ရာဇဝတ်ရေးပေးတော်မူနေမှာ'

'အို…ခက်နေပါပြီ၊ ဘာမို့လို့ ရာဇဝတ်ရေး ပေးရမှာလဲ။ မိမိကို မောင်ဖျား ဘယ်တော့မှ ရာဇဝတ်ရေး မပေးပါဘူး၊ ဆက်သာ ဆက်ပါ၊ နို့ပေတဲ့ ဘာဖြစ်သလဲ'

'သြော်… မောင်ဖျားမှာ ဆံပင်များ ဖြူလာတော့ သံဝေဂရဖို့ သင့်ပါတယ်လို့ လျှောက်ချင်တာပါပဲ'

'အောင်မာ ဒါလား၊ လက်စသတ်တော့ မိမိက မောင်ဖျားကို တရားဟောနေတာကိုး၊ မောင်ဖျား တောထွက်သွားတာ ကြည့်ချင်တယ် ထင်တယ်'





'အို…ဒီလိုလည်း တောထွက်ဖို့ မဟုတ်သေးပါဘူး မောင်မောင်'

'အနို့ ဘယ်လိုလဲ'

'မောင်မောင်ဖျားမှာ စကြာယာဉ်ပျံတွေကလည်း ခြေတော်ရင်းကို ရောက်လာ၊ ဘုန်းတော် ကံတော်တွေကလည်း တိုးသည်ထက်တိုး။ ဒီလို အခါမျိုးများမှာ သံဝေဂ ယူတော်မမူဘဲ အတိုင်းတိုင်း အပြည့်ပြည့်တွေကို သိမ်းယူတော်မူရော။ ဒီတော့ တစ်ရာသော မင်းအပေါင်းတို့က သမီးကညာလှလှကလေးတွေကို ဆက်သလာမှာပဲ။ ဒီလို ဆက်သလာရင် မောင်မောင်ဖျား ဖျား ကျွန်မတို့ကို မေ့သွားမှာပေါ့ မောင်မောင်'

'အောင်မယ်၊ မောင်မောင့်ဆီကို စကြာရတနာတောင် မရောက်သေးချင်ဘူး ထင်တယ်'

'ဒီလိုလည်း မဟုတ်ပေါင်ပါ ဘုရား၊ အထင်လွဲတော်မမူပါနှင့်။ ဖျား ကျွန်မမှာ မောင်မောင့်ကို ဒီတစ်သက်မှာ စကြာရတနာကို ရတော်မူရုံမျှမက ဤကမ္ဘာ ကုန်ဆုံးသွားသည့်တိုင်အောင် ဘုန်းတော် သမ္ဘာတော်နဲ့ မကွေမကွဲ စံတော်မူစေချင်ပါတယ်။ မောင်ဖျား၊ ဖျား ကျွန်မတို့ကို မမေ့ဖို့သာ လျှောက်ရတာပါ မောင်မောင်'

'အေးပါဟယ် မမေ့ပါဘူး၊ ယောကျ်ားကောင်း မောင်းမတစ်ထောင် ဆိုတဲ့ စာဆို ရှိလို့ပါ'

'စာဆိုရှိတာနဲ့ ဖျားကျွန်မတို့ သမီးကညာကလေးတွေမှာ စုစုပြီး လွမ်းရ၊ မျှော်ရ၊ စိတ်ညစ်ရတော့မှာလား မောင်မောင်'

'ဟားဟား ဟားဟား၊ မိမိက သမီးကညာကလေးတွေအတွက် ကူပြောနေတာကိုး။ မိမိကသာ ကူပြောတာ၊ တချို့ မိဖုရားတွေက ပျော်တောင် ပျော်နေကြသေးတယ်၊ မိမိကော မပျော်ဘူးလား'

'ပျော်တော့ ပျော်ပါရဲ့ ဘုရား၊ စိတ်တော့ မချမ်းသာပါ မောင်မောင်'

'တော် တော် တော်၊ မနက်စောစောစီးစီး စိတ်မချမ်းသာဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို မောင်မောင် မကြားချင်ဘူး တိတ်တော့’ ပြည့်ရှင်မင်းလည်း မျက်မှောင်ကုတ်လာ၏။

## အခန်း (၁၀)

သာယာသော ဂန္ဓမာမင်းသမီး၏ အသံနှင့် အောသော ပြည့်ရှင်မင်း၏ အသံတို့လည်း ရပ်စဲသွားပြီဖြစ်သဖြင့် တစ်ခန်းလုံး တိတ်ဆိတ်သွားလေသည်။ ဝေဘူလနှင့် ဝေဘာလ မင်းသမီးတို့လည်း ပြည့်ရှင်အား နံ့သာရည် လိမ်းကျံပြီးသဖြင့် ဝတ်လဲတော်ကို ဝတ်ဆင်ပေး၏။ နောက် အသပြာ တစ်သိန်း ထိုက်သော ပုဆိုးကို ဆီးပေးပြန်၏။ နောက် ဟသ်ာခြေနင်းကို စီးပေးပြန်၏။ ဂန္ဓမာမင်းသမီးမှာလည်း မသာယာသော မျက်နှာကို ပြုံးချင် ယောင်ဆောင်ကာ ဒေါနဆီ လိမ်းသပြီးသော ပြည့်ရှင်၏ဆံပင် သျှောင်ထုံး၍ ဖောင်းတော်ပေါင်း ဆင်လျက် ပေးလေသည်။

ငင်းနောက် ပြည့်ရှင်မင်းလည်း ဆက်သလာသော အချိုအချဉ် အဖျော်တို့ကို ပွဲတော်တည်လေသည်။ ပြီးသောအခါ ‘ကိုင်း…မိဖုရားများ ကြွကြပေရော့’ဟု အောသော အသံဖြင့် ပြောလိုက်လေသည်။

## အခန်း (၁၁)

ကိုယ်လုပ်တော် ခြောက်ယောက်တို့လည်း ပွဲတော်အုပ်များကို သိမ်းယူ၍ ရှေ့က ထွက်လာကြသည်။ မိဖုရားကလေး သုံးပါးလည်း ခေါင်းများကိုငုံ့ကာ နောက်ကလိုက်၍ ထွက်လာလေသည်။ အပေါက်ဝနားသို့ ရောက်သောအခါ ‘ဂန္ဓာငဲ့’ ဟု ပြည့်ရှင်မင်းကြီး၏ ခေါ်သံကို ကြားလိုက်ရသည်။ ဂန္ဓမာ မင်းသမီးလည်း ပြုံး၍ အဆောင်တော်သို့ ပြန်ဝင်သွားလေသည်။ ဂန္ဓမာ ဝင်သွားသည်နှင့် တစ်ပြိုင်နက် ‘အို…မောင်မောင့်’ ဟူသော အောင့် သက်သက် အသံကလေးလည်း ချစ်စရာကောင်းအောင် မြည်လိုက်ပြန်လေ





သည်။ ထိုအခါ အပေါက်ဝ၌ စောင့်ကျန်ရစ်ခဲ့သော ဝေဘူလ မင်းသမီးနှင့် ဝေဘာလ မင်းသမီးတို့၏ မျက်လုံးကလေးများမှာ ရုတ်တရက် ပြူးကျယ်သွားလေသည်။ သို့သော် ကြောက်စရာမရှိ၊ အဘယ့်ကြောင့်ဆိုသော် ထို အသံမှာ ပြည့်ရှင်မင်းတရား၏ အဆောင်တော်မှ ထွက်ပေါ်လာသောအသံ ဖြစ်သောကြောင့်တည်း။

ချက်ချင်းပင်လျှင် ဂန္ဓမာမင်းသမီးလည်း ယုန်မကလေးပမာ အူရှင် ကာ ခုန်ပျံထွက်လာ၍ အဖော် မင်းသမီးနှစ်ပါးကို ဖက်ကာ ထပ်မံရယ်မော ရင်း ထွက်သွားကြလေသည်။ တံခါးဝတွင် တံခါးစောင့်လျက်နေသော တံခါးစောင့်တစ်ယောက်မှာ ရယ်ကာ မောကာ သွားကြသော မင်းသမီးများ ကို တစေ့တစောင်းကြည့်ကာ “ရှင်ဘုရင်ဖြစ်ရတာ တယ် ပျော်စရာ ကောင်းတာပဲ” ဟု စိတ်ထဲက မခန့်မညား မရိုမသေစွာ တွေးတောကာ နေလေ၏။ ပြည့်ရှင်မင်းများ ၎င်း၏အတွေးကို သိတော်မူလိုက်လျှင် ဒီတံခါးစောင့်ဟာ ဒီနေရာမှာပင် လက်စွဲတော် သံလျက်နှင့် အပိုင်းခံရတော့ မည် အမှန်တည်း။ သို့ရာတွင် စိတ်ထဲက တွေးကြံခြင်းမှာ တွေးကြံသူတစ်ဦး သာလျှင် သိစွမ်းနိုင်သဖြင့် ရှင်ဘုရင်မှာ ဘယ်နည်းနှင့်မျှ ဓားနှင့် မပိုင်းနိုင်။ ထိုတံခါးစောင့်သည် မိမိ၏ နံခန္ဓာ၏ တန်ခိုးသတ္တိကို များစွာ ကျေးဇူးတင်ဖို့ ကောင်းလေသည်။

## အခန်း (၁၂)

အခန်းတွင်းတွင် ပြည့်ရှင်မင်းလည်း လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ စကြံလျှောက်လျက် ကျန်ရစ်ခဲ့လေသည်။ လျှောက်နေရာမှ ကြေးမုံပြင်ရှေ့ တွင် ရပ်ပြန်ကာ ဖောင်းတော်စကိုပြင်၍ “ခေါင်းပေါင်းကလည်း ကျပ် လိုက်တာ၊ ဒီမင်းသမီးဟာ ငါ့ကို မုန်းမုန်းရှိတာနဲ့ ကျပ်နေအောင် ပေါင်းသွား တယ် ထင်တယ်၊ ဒီမင်းသမီးဟာ ဖွတ်ချည်းပဲ” ဟု တွေးလျက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ကြေးမုံအနီးသို့ တိုး၍ ကပ်ကာ တွန့်လုလုနေသော မိမိ၏ပါးရေကို စမ်းသပ်ရင်း ကြေးမုံကို ကြည့်ပြန်၏။ ကြေးမုံမှခွာ၍ စင်္ကြံလျှောက်ပြန်၏။ လျှောက်ရင်း "အင်း စကြာရတနာတော့ ငါ့ဆီကို လာမှာ မဟုတ်ပါဘူး၊ စာထဲမှာက လာတတ်တယ် ဆိုလို့သာ ငါ့မှာ အတွေးနဲ့ လွမ်း လွမ်း နေရတာပဲ၊ လာမှာတော့ ဟုတ်မယ် မထင်ပါဘူး။ အင်း...ဆံလည်း ဖြူချင်လာပြီ၊ ပါးရေလည်း တွန့်ချင်လာပြီ၊ ဒါဟာ သေဘက်ကို နီးနီးလာတဲ့ နိမိတ်ပဲ။ သေတယ် ဆိုတာကတော့ အမှန်ပဲ၊ တစ်နေ့နေ့မှာ သေမင်းကတော့ ငါ့ဆီ လာမှာပဲ၊ နေမှာ မဟုတ်ဘူး။ ငါ့မှာ အခု မသေခင် ရှင်ဘုရင် ဖြစ်နေလို့သာ အများက ဒူးတုပ်ကြ၊ ဝပ်ကြ၊ ရှိခိုးကြ၊ ကြောက်ကြတာပဲ။ ငါ သေသွားတဲ့ အခါမှာလည်း ခဏတစ်ဖြုတ်သာ ငိုကြ ယိုကြ၊ ပူဆွေးကြမှာပဲ၊ တော်တော် ကြာရင် ငါ့ကို သတိတောင် ရမှာ မဟုတ်ဘူး။ ဂန္ထမာကတော့ 'မောင်မောင့်ကို ဤကမ္ဘာ ကုန်ဆုံးသွားသည့်တိုင်အောင် ဘုန်းတော် သမ္ဘာတော် ကြီးစေချင်တယ်တဲ့'။ အတော်ပလီပြောတဲ့ ဂန္ထမာပဲ။ တကယ်ဆိုတော့ ဘာမှ မလုပ်ဘဲနေရင် မိုးကျရွှေကိုယ်လို ဘယ်က ဘုန်းတော်ကြီးက ရောက်လာမှာလဲ၊ အင်း... တစ်ခုခုကိုတော့ လုပ်ဦးမှာပဲ၊ နံနက် ညီလာခံမှာ မှူးမတ်တွေနဲ့ စီမံမယ်"ဟု တွေးလျက် နေလေသည်။

ယင်းသို့လျှင် ပြည်ကြီးရှင်သည် တွေးရင်း စင်္ကြံလျှောက်၊ လျှောက်ရင်း တွေးကာနေရာ အတန်ကြာလျှင် ဗဟိုရ်စည်တော်ကြီးလည်း ပြည်လုံးသိမ့်သွားအောင် မြည်ဟိန်းလိုက်လေ၏။ ဘာယာပြည့်ရှင်လည်း အဆောင်တော်မှ ထွက်ခွာရန် ပြင်ဆင်လေသတည်း။

## အခန်း (၁၃)

နန်းတော်ဆောင်ဝယ် မင်းသမီးများက ဘာယာပြည့်ရှင်အား အမွှေးနံ့သာ သ နေကြသောအချိန်တွင် ဘာယာရွှေပြည်တော်တွင်းရှိ အမတ်ချုပ်ကြီး သိရိကျော်ခေါင်၏ အိမ်ခန်းတွင် ဝန်ကတော်ကြီးသည် ဝန်ကြီးချုပ် စားသုံး





ရန် ဇမ္ဗူ့သပြေသီးမှည့်များကို အခွံနွှာ၍ နေသည်။ နွှာပြီးသော အသီးများကိုလည်း ဝန်ကြီးက ဝါးစားလျက် နေလေသည်။

'ဘယ့်နဲ့ မောင်မောင်ရဲ့၊ စားမှာ ဖြောင့်ဖြောင့်စားစမ်းပါ၊ အစဉ်းစားက တယ်ကြီးတာကိုး။ ဟော...ရော့ရော့၊ ဒီအလုံးကလေးကို စားတော်မူလိုက်ပါဦး'

သိရိကျော်ခေါင်လည်း သစ်သီးကို လှမ်းယူကာ ပါးစပ်ထဲသို့ထည့်၍ တဖြည်းဖြည်း စားရင်း မျိုရင်း–

'ဒီကနေ့ ရက်ရာဇာလား၊ ပြဿဒါးလား မိမိငဲ့'

'ဒီနေ့လား၊ အို...စားမှာသာ စားတော်မူပါဦး'

'မဟုတ်ဘူး မိမိရေ့၊ ညက အိပ်မက်ကလည်း တယ် မကောင်းဘူး၊ ဒီမနက် မျက်ခုံးများလည်း တယ်လှုပ်တယ်။ မင်းခစား ဆိုတာမျိုးဟာ တယ်ခက်တာပဲ၊ ကမ်းနားသစ်ပင်တဲ့ကွယ့်'

'အို...မောင်မောင်ကလည်းပဲ အိပ်မက်တို့၊ မျက်ခုံးလှုပ်တာတို့ကိုသာ အမှုထားနေတာပဲ။ မောင်မောင့်မှာ ဒီတစ်ခါလည်း မဟုတ်၊ ခဏခဏ အိပ်မက်မက်၊ ခဏခဏ မျက်ခုံးလှုပ်နေတာပဲ။ နောက်ပြီးတော့ ဘာမှ ထူးခြားတာလည်း မဟုတ်ဘူး၊ သူ့ဟာသူ ဖြစ်ချင်ရာ ဖြစ်လိမ့်မပေါ့။ အလကား အတွေးတွေနဲ့ ပူပန်နေတာကိုး၊ ပူပန်စရာတွေ ရှားလို့လား'

'ဒီလမှာ ဗေဒင်လည်း မမေးရသေးဘူး'

'လာပြန်ပါပြီ၊ ဗေဒင်မေးလည်း ဗေဒင်ဆရာက အကောင်းချည်း ဟောတာပဲ မဟုတ်လား၊ ညဲ့တဲ့အခါများမှာလည်း ယတြာ အပြုခိုင်းတာပဲ မဟုတ်လား။ စင်စစ်မှာတော့ ရှင်ဘုရင်ကိုသာ မြှောက်ပင့်ပြီး ပြောပါ၊ ဘာမှ ဘေးမဖြစ်နိုင်ပါဘူး။ အခု ကြီးပွားနေတာဟာ ရှင်ဘုရင်ကို မြှောက်ပင့်ပြီး ပြောနေလို့ မဟုတ်လား မောင်မောင်ငဲ့'

'အမယ်လေး... ရှင်ဘုရင်ကပေတဲ့ အပါးအနုပ်။ ကြည့်မြောက်ရတယ် မိမိငဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော် ...မောင်မောင့်နှယ်၊ ရှင်ဘုရင် အကြိုက်ကို လိုက်ပြောရတာဟာ လွယ်တာမှ မဟုတ်ဘဲ။ အနို့ ...ရှင်ဘုရင်ကို မြှောက်ပင့်ပြောဖို့ ငယ်ငယ်ကတည်းက ပညာတွေ သင်လာခဲ့တယ် မဟုတ်လား၊ တော်ရုံတန်ရုံ ပညာနဲ့လည်း ရှင်ဘုရင်ကို ဘာ မြှောက်တတ်ပါ့မလဲ မောင်မောင်ငဲ့'

'အင်း ...ငါ ပညာသင်လာတာတွေဟာ နောက်ဆုံးကျတော့ ရှင်ဘုရင်ကို မြှောက်ပြောဖို့ ဖြစ်နေပါပေါ့လား'

'အို ... မောင်မောင့်မှာ အခုမှ တွေးမိသလား၊ အနို့ ...ရှင်ဘုရင်ကိုက အမြှောက်ကြိုက်နေတော့ ဘယ့်နဲ့လုပ်မလဲ၊ သူ မကြိုက်အောင် လုပ်ရင်လည်း သူက သတ်ပစ်မှာ။ အသက်တစ်ချောင်းဆိုတာ ရနိုင်ခဲဘိခြင်း၊ သူ့အကြိုက်ကိုသာ မြှောက်ပြောပါ၊ နောက်တော့မှ ကိုယ်လုပ်ချင်တာကို လုပ်တာပေါ့၊ ဒါမှ လူလိမ္မာလို့ ခေါ်တယ်။ ကဲ ကဲ ...ဒါကလေးကို စားလိုက်ပါဦး၊ ဝမ်းယောင်ကလေး၊ တယ် ချိုမယ်'

သီရိကျော်ခေါင်လည်း တဖြည်းဖြည်း ဝါးစားရင်း ခေါင်းကုတ်၏။ ၎င်းနောက် ထိုင်ရာမှ ထ ပြီးလျှင် ဖွင့်ထားသော ပြတင်းပေါက်ဝဆီသို့သွား၍ ငေးမျှော်ကာနေသည်။

## အခန်း (၁၄)

အိမ်အပြင် ဝင်းတော်အတွင်း၌ သစ်ပင်ကြီးငယ် များစွာရှိသည်။ အချို့ ပင်စည်ကြီးများတွင် နွယ်ပင်တို့သည် လိမ်ခွေ၍ နေကြသည်။ နွယ်ရွက်နှင့်တကွ နွယ်ပွင့် နီဖန့်ဖန့်ကလေးများမှာလည်း နံနက် နှင်းရည်ကို ဝလင်စွာ သောက်ပြီးသဖြင့် ငြိမ်သက်စွာ စိမ်းစိမ်းစိုစိုနှင့်ပင် နေကြသည်။ နေရောင်ခြည်လည်း ပွင့်လင်းလာပြီ ဖြစ်သဖြင့် အရွက်ဖုံးကွယ်လျက်နေသော သစ်ကိုင်းများပေါ်တွင် ကြက်တူရွေးများသည် ကျီကျီကျာကျာ အော်မြည်လျက် နေကြသည်။ မြေပေါ်တွင် ပိုးပုရွက် အတန်းကလေးများလည်း လှုပ်လှုပ်ရွရွ ဖြစ်စ ပြုလေပြီ။





## အခန်း (၁၅)

ပြတင်းအနားတွင် ထွက်မျှော်နေသော သီရိကျော်ခေါင်လည်း ဇမ္ဗူ့ သပြေသီးကို ဝါးနေရင်း အစေ့နှင့် အမျှင်တို့ကို ထွေးထုတ်လိုက်ပြီးနောက် ဝန်ကတော်ရှိရာသို့ ပြန်လာလေသည်။

'လှည်းယာဉ်တော် ပြင်ပြီးပြီလား'

'ပြင်ပြီးပါပြီ မောင်မောင်၊ အစဉ်းစားတွေ နက်မနေပါနဲ့လေ၊ စိတ်ပျော်ပျော် ထားပါ၊ ကိုယ်လွတ်လပ် ကိုယ်ချမ်းသာဖို့ဟာ အရေးအကြီးဆုံးပဲ မောင်မောင်။ ဒီရှင်ဘုရင်ရဲ့ လက်ထက်တော်မှာ ဘာပင်ပန်းလို့လဲ၊ အလိုက်သင့် မြှောက်ပင့်ပြီး ပြောရရုံပဲ မဟုတ်လား'

အမတ်ကြီးလည်း ငြိမ်သက်စွာ ငေး၍ နေလေသည်။ ဝန်ကတော်လည်း ဆက်လက်၍ စကားလက်စသတ်လိုက်သည်မှာ–

'မောင်မောင်ရယ် ... လောကမှာ လက်ကနည်းပေမယ့် နှုတ်များများနဲ့ စခန်းသွားတတ်ရင် တွင်ကျယ်တာပဲ မောင်မောင်ရဲ့'

အမတ်ကြီးလည်း မချိမဆံ့သော အမူအရာနှင့် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်လေ၏။ တစ်ဖန် ဘာယာပြည်ကြီးရှင် စံတော်မူရာ ဘုံကိုးဆင့်နှင့် တင့်တယ်သော ပြာသာဒ်ကို တစ်ချက်မျှော်ကြည့်၍ ခန်းပြင်သို့ ထွက်လာခဲ့လေသတည်း။

## အခန်း (၁၆)

အမတ်ကြီး စီးသွားသော နွားလားဥသဘလေးကောင် က သော ခြောက်စထောင် လှည်းကြီးလည်း မင်းလမ်းမ တစ်လျှောက်တွင် ခြူ ဆည်းလည်းသံတို့ဖြင့် သဲသဲညံကာ လိမ့်သွားလေသည်။ လမ်းတစ်လျှောက်တွင် ၎င်းလှည်းသည် သူတောင်းစား၊ ဒွန်းစဏ္ဍား၊ ဗျပ်ထိုး ခေါင်းရွက် ဈေးသည်များ၊ အကျိုးအကန်းများ၊ ပွဲလမ်းသဘင်မှ ပြန်လာကြသူများ၊ ဆွမ်းခံထွက်လာသော ရဟန်းများ၊ ကျွန်ုပ်ကို ရောင်းစားခဲ့သော ပြည့်တန်ဆာမများ၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



စေတီများတို့သို့ အဖူးအမြော် သွားကြသူများ၊ အိမ်မရှိ၊ သခင်မရှိသော ခွေးများတို့ကို ဂရုမပြုသောအနေဖြင့် ကျော်လွန်သွားပြီးနောက် နောက်ဆုံး၌ လှွတ်တော်တံခါးဝသို့ ချဉ်းကပ်လာလေသတည်း။

## အခန်း (၁၇)

လွှတ်တော်၏ အပြင်ဆောင်တွင် ဝန်ကြီးနှင့် ဝန် မပျို့တပျို တစ်စုတို့သည် ရောက်နေနှင့်ကြလေပြီ။ အချို့သည် ညဉ့်က အိပ်ပျက်လာခဲ့၍လား မသိ၊ ငိုင်တိုင်တိုင် ဖြစ်နေကြ၏။ အချို့သည် ဘာသိဘာသာ ဣန္ဒြေရရ နေကြ၏။ အချို့သည် ညက ခင်းကျင်းကပြသော ပွဲသဘင်အကြောင်းကို ပြောနေကြ၏။ အချို့သည် အနောက်ဆောင်က အပျိုတော်များ အကြောင်းကို တီးတိုးပြော၍ ရယ်မောနေကြ၏။ အချို့သည် ဘောဂဗလ သူဌေးအိမ်၌ ညက တိုက်ကျွေးလိုက်သော အသုရာတို့သာ မူးလေ့ရှိကြသော သေရည်၏ အရသာကို ဆန်းစစ်ဝေဖန် နေကြ၏။ အားလုံး တစ်ယောက်တစ်ပေါက် ပြောနေကြသည်မှာ တစ်ဆောင်လုံး ကျွက်စီကျွက်စီညံလျက် ရှိလေသည်။

## အခန်း (၁၈)

ထိုသို့ ကျွက်စီကျွက်စီ ညံနေသော အဆောင်ထဲတွင် ဝန်ပျိုတစ်ဦးနှင့် ဝန်ကြီးတစ်ဦးတို့သည် မျက်နှာချင်း ဆိုင်မိတိုင်း ပြုံးလည်း ပြုံးကြ၍ မသင်္ကာသော အမူအရာကိုလည်း ပြကြ၏။ နောက်တစ်ခါ မျက်နှာချင်း ဆိုင်မိကြသောအခါ ဝန်ကြီးဖြစ်သူသည် ရှုံးတိုးရှုံ့တန့် မျက်နှာထားဖြင့် ဝန်ပျို အနီးသို့ သွား၍ 'ပုစွန် ခပ်နေတဲ့လူကို ငါးမျှားရာက နေပြီး မြင်သလိုဆိုတဲ့ စကားဥပမာဟာ ဘာဆိုလိုတာတုံး၊ စာဆိုမင်းကလေးရဲ့' ဟု မေးလိုက်လေ၏။

ဝန်ပျိုစာဆိုကလေးသည် အနည်းငယ် တွေဝေနေပြီးမှ နှစ်ခါ သုံးခါ ချောင်းဟန့်၍–





'ဝန်မင်းနဲ့ ကျွန်တော်ပေါ့။ ညကဟာ မဟုတ်လား၊ ဝန်မင်းက အခုတော့ ဣန္ဒြေလုပ်နေလိုက်တာ။ လား လား...ဒါမျိုးဆိုတာ မျက်နှာ မချိုမချဉ်ထားရတယ် ဝန်မင်းရဲ့'

'အေးဗျာ၊ ညက တွေ့ခဲ့ကြတဲ့ မြောက်ကျွန်းသူဟာ ဘယ်တုန်းက ရောက်လာတာလဲဗျ။ တကယ့်ကို ရက်ရက်စက်စက် ချောတာ လှတာကိုးဗျ၊ ကျုပ်ဗျာ ဒီအရွယ် ရောက်လာပြီ၊ ဒီတစ်ခါကျမှပဲ မြောက်ကျွန်းသူရဲ့ လှဟန် ကြော့ဟန်ကို မြင်ဖူးတယ်။ ကျုပ်ကလည်း ကျုပ်ပါပဲ၊ ဒီဘက်မှာတော့ ကျုပ်က တယ်မစွမ်းလှဘူးဗျ။ ဒီတော့ အပြော အရေးမှာ ဖွေးဖွေးဖြူသွားအောင် ပြောတတ် ရေးတတ်တဲ့ စာဆို မင်းကလေးကို ကပ်ရတော့မှာပဲ'

'ကပ်နိုင်ပါတယ်၊ ကပ်နိုင်ပါတယ်။ ကျွန်တော်တို့မှာတော့ စိတ်ထဲက ဘယ်လိုမှ မပါပေမယ့်၊ ဘယ်စေတနာမှ မရှိပေမယ့် အကြောင်းဆိုက်ရာ အဖြာဖြာတို့ကို မဟာကဗျာ၊ ကဝိလက္ခဏာပါပါ၊ ဘယ်ညာ ဘယ်သို့၊ အနို့လို သို့လို စသည်ဖြင့် အကြောင်းအားလျော်စွာ ပြောတတ် ရေးတတ် သကိုးဗျ'

'ဒါမှ ထူးခြားတဲ့လူ ဖြစ်မှာပေါ့။ ဒီလို ထူးခြားမှလည်း စာဆိုပညာရှိ ကဝိမည်တာပေါ့။ ဟိုနား သွားရအောင်၊ လာဗျာ'

ဝန်ကြီးသည် ဝန်ပျိုစာဆိုကလေးကို လက်ကုတ်၍ အဆောင်၏ တစ်ထောင့်သို့ ခေါ်သွားလေ၏။

## အခန်း (၁၉)

တစ်ထောင့်သို့ ရောက်သောအခါ ဝန်ကြီးနှင့် ဝန်ပျိုစာဆိုတို့သည် ချမ်း၍ ကုပ်နေကြသော ကြောင်ငယ်နှစ်ကောင်ကဲ့သို့ ခေါင်းချင်းဆိုင် ထိုင်မိကြလေသည်။ ထိုအခါ စာဆိုကလေးက ပြောလိုက်သည်မှာ...

'ဟိုညက ဝန်မင်းမြင်တဲ့ မြောက်ကျွန်းသူကလေးဟာ ရက်ရက် စက်စက် လှပါပေတယ် ဝန်မင်း။ ဆံပင်က ပိတုန်းရောင်၊ ဆံပင်အဖျားက



www.burmeseclassic.com

သားလိုးစား၊ မျက်လုံးက သမင်မယဉ်ရဲ့ မျက်လုံး၊ နှုတ်ခမ်းက ပတ္တမြားသွေး၊ လည်တိုင်က ဖော့ဖယောင်း၊ လက်ချောင်းက သွယ်ပျောင်း၊ ကိုယ်ဟန်က နွဲ့နှောင်း၊ မကောင်းဆိုတာ နတ္ထိ၊ ပကတိအသစ်၊ ဘာယာပြည်ကြီးရဲ့ အနှစ်ပေါ့။ နို့ပေမဲ့ ဒီလိုရှိတယ် ဝန်မင်းရဲ့၊ ကိုယ်က ချစ်ခင် မြတ်နိုးလို့ လှတယ် ချောတယ် ထင်နေပေမယ့် သျှတ္တရကျမ်းနဲ့ညီမှ လှတယ်၊ ချော တယ်လို့ ယူဆရတယ်။ ဟော…ဟိုမှာ ကြည့်စမ်း၊ တိုင်မှာကပ်နေတဲ့ အကောင် နှစ်ကောင်ဟာ ပက်ကျိ မဟုတ်လား၊ အင်း… ဟုတ်တာပေါ့၊ သူတို့ဟာ လင်မယားပဲ၊ လင်လုပ်တဲ့ ပက်ကျိဟာ သူ့မျက်စိထဲမှာ မယား ပက်ကျိကို ဒေဝစ္ဆရာ နတ်သမီးထက် လှတယ်လို့ သူထင်နေမှာပဲ၊ သူ့အထင် ဟာ မှန်တာပဲ။ နို့ပေတဲ့ မှားတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ပက်ကျိရဲ့ လှပဟန် ကြော့ဟန်ဟာ သျှတ္တရကျမ်းအဆိုနဲ့ မညီဘူးဗျ။ ကျမ်းဆိုနဲ့ မညီလျှင် မှားတယ်လို့ ယူဆရမယ်။ ဝန်မင်း မြင်ခဲ့တဲ့ မြောက်ကျွန်းသူလေးဟာ လှတော့ လှတယ်လို့ ကျွန်တော်လည်း အထင်သားပဲ၊ နို့ပေတဲ့ သူ့မျက်နှာက မြောက်ကျွန်းသူပီပီ လေးထောင့်ဖြစ်နေတော့ ခက်တယ်ဗျာ၊ သျှတ္တရကျမ်း ဆိုနဲ့ မညီဘူးဗျာ၊ မညီလျှင် မလှရဘူးဗျာ’

‘ဟာ… စာဆိုတော်မင်းနှယ်၊ မျက်နှာ လေးထောင့်ဖြစ်နေကော ဘာဖြစ်သလဲဗျ၊ ကိုယ့်စိတ်ထဲက လှတယ်ထင်လျှင် ပြီးတာပဲ မဟုတ်လား။ သျှတ္တရကျမ်းရဲ့ အဆိုအမိန့်နဲ့ ညီနေဖို့ လိုသေးသလားဗျ’

‘ကျွန်တော့်အဖို့မှာ လိုသဗျာ ဝန်မင်းရ၊ ကျွန်တော့်စိတ်ထဲမှာ ဒီမြောက်ကျွန်းသူကလေးဟာ တကယ်ပဲ လှတယ်လို့ အောက်မေ့နေပေတဲ့ သျှတ္တရကျမ်းနဲ့ မညီတဲ့အတွက် လှတယ်လို့ မပြောဝံ့ဘူးဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ဟာ သျှတ္တရကျမ်းတောထဲမှာသာ ကြီးပြင်းပြီး အနေ ကြာခဲ့ရတော့ ကိုယ့်စိတ်ကို ကိုယ် အစိုးမရဝံ့တော့ဘူး၊ ဘာမဆို သျှတ္တရ ကျမ်းနဲ့ ညီရမှ စိတ်ချမ်းသာတယ်ဗျ၊ သျှတ္တရကျမ်းနဲ့ မညီရလျှင် ကျွန်တော် နေမကောင်းဘူးဗျ’





‘အို…စာဆိုကလေးနှယ်၊ မြောက်ကျွန်းသူရဲ့ အလှကို မျက်ဝါး ထင်ထင် မြင်နေရတော့ ကိုယ့်မှာ စေတနာဖြစ်လာတဲ့အတိုင်း ကိုယ့်စေတနာ ကို ဘာ မပြောရဲစရာ ရှိသလဲ၊ ရဲရမှာပေါ့’

‘နှစ်ပေါင်းများစွာ ကတည်းက ရဲမလာရလို့ မရဲနိုင်တော့ဘူးဗျ။ ရှေးရှေးက ရေးခဲ့တဲ့ သျှတ္တရကျမ်း အဆိုတိုင်းဟာ မှန်တာချည်းပဲလို့သာ အသင် အကြား ခံလာရတော့ ကိုယ့်ဉာဏ်ကို သုံးရမှန်း မသိဘဲ အမှတ်မဲ့ နေလာတဲ့ ကျွန်တော်ရဲ့စိတ်ကို အခုချက်ချင်း ကျွန်တော် မပြောင်းနိုင်ဘူးဗျ၊ မပြောင်းပါရစေနဲ့ဗျ’

‘ကဲ…ကဲ…မငိုပါနဲ့ဗျာ၊ ငိုစရာလည်း မဟုတ်ပါဘူး၊ မပြောင်းနိုင် သေးလျှင်လည်း နေသေးတာပေါ့။ ကိုင်း…ကိုင်း၊ အဲဒီညက တွေ့ခဲ့တဲ့ မြောက်ကျွန်းသူကလေး လှကြောင်း ချောကြောင်းကို နွဲ့ဖွဲ့ပြီး တေးတစ်ပုဒ် ရေးပေးစမ်းပါ၊ စာဆိုမင်းကို ကျုပ် ကန်တော့ရမှာပေါ့’

‘ဟော..အကျပ်တွေ့ပြန်ပြီ၊ ကျွန်တော့် စိတ်ထဲမှာ ဒီ မြောက်ကျွန်း သူကို တကယ်ပဲ လှတယ်လို့ ထင်မိပါရဲ့။ နို့ပေတဲ့ သျှတ္တရကျမ်းကို ကြည့်မိ လေတော့ ကျမ်းဆိုနဲ့ မညီတာကို တွေ့နေရတယ်။ ကျမ်းဆိုနဲ့ မညီလို့ အရုပ်ဆိုးတယ်လို့ အောက်မေ့ပြီးမှ အခု လှကြောင်း ချောကြောင်း ချီးမွမ်း ရဦးမယ် ဆိုလျှင် ခက်တာပဲ ဝန်မင်းရဲ့’

‘အို…မခက်ပါဘူးလေ၊ စာဆိုမင်းကလေးဟာ ကိုယ့်စိတ်ကိုမှ ကိုယ် အစိုးမရဝံ့ဘဲပဲ။ ရေးသာ ရေးပါ၊ ရပါတယ်’

‘ဟုတ်တယ်…ဟုတ်တယ်၊ စိတ် မပါပေမယ့် ကျွန်တော် ရေးတတ် ပါတယ်၊ ဒါဟာ ကျွန်တော်ရဲ့ ဂုဏ်ထူးတစ်ရပ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က စာဖတ်လျှင် စကားလှလှကလေးတွေကို ရွေးရွေးပြီး ကျက် မှတ်ထားတယ်၊ ဒီတော့ စာရေးတဲ့အခါမှာ ဆိုလိုချင်တဲ့ အဓိပ္ပာယ် ပါပါ မပါပါ၊ စကားလှတွေကိုတော့ ပါအောင် ရေးတတ်တာပဲ။ ဒီတော့ ကိုယ့် စိတ်က တကယ်မပါပေတဲ့လည်း ရေးနိုင်ပါတယ်လေ၊ ရေးနိုင်ပါတယ်၊ ရေးရတာပေါ့’

www.burmeseclassic.com



'ဒါမှပေါ့ စာဆိုမင်းရဲ့၊ ဟော…ကျုပ်ရဲ့ အပေါ်ရုံအင်္ကျီကို ကြည့်စမ်း၊ ဘယ့်ကလော်က် လှသလဲ။ နို့ပေတဲ့ ဒီမှာကြည့်ပါဦး၊ အတွင်းကအင်္ကျီဟာ ညစ်ထေးနေတာပဲ။ ဒါပေမဲ့ အပေါ်ယံကောင်းတော့ အကြောင်းလှရတာပေါ့'

'ဝမ်းသာလိုက်တာ ဝန်မင်းရယ်၊ ကျွန်တော်က ဒါမျိုးမှ သဘောကျတယ်။ ကာရန် နဘောကို ရေးတဲ့အခါမှာလည်း အနက်အဓိပ္ပာယ် ပါပါ မပါပါ၊ ကာရန် နဘောအထပ် များနိုင်သလောက် များအောင် ကျွန်တော်က ရေးတတ်တယ်။ ဒီတော့မှ ကိုယ်ဆိုလိုချင်တဲ့ အနက်အဓိပ္ပာယ် မပါပေတဲ့ နဘောသံတွေနဲ့ ရောထွေးပြီး ကဗျာကောင်း ဖြစ်သွားတာပဲ၊ နားထောင်လို့လည်း အင်မတန် ကောင်းသွားတာပဲ၊ ပါဠိလို ပြောရမယ် ဆိုလျှင် ကဏ္ဍသုခ ဖြစ်သွားတယ် ဆိုပါတော့'

'စာဆိုမင်းကလေးလို ကဗျာ ရေးတဘ်လိုက်ချင်စမ်းပါဘိနော်'

'အို…ဘာခက်သလဲ၊ ကျွန်တော် သင်ပေးမယ်။ ကဗျာဖွဲ့ဆိုတဲ့အခါမှာ လောကနဲ့ ပတ်သက်ပြီး ကိုယ့် အထင်၊ ကိုယ့်အတွေး၊ ကိုယ့်စေတနာတွေကို မရေးလေနဲ့၊ ဒါတွေက ခက်တယ်။ အလွယ်ဆုံး နည်းကတော့ … အင်း…ကိုယ့်အကြောင်းကို ကိုယ်ထုတ်ပြောရမှာမို့ ရှက်တော့လည်း အရှက်သားပဲ'

'အို…ကျုပ်ကို မရှက်ပါနဲ့လေ။ စာဆိုမင်းဟာ ကိုယ့်စိတ်ကို ကိုယ် အစိုးမရဝံ့မှန်းကို ကျုပ် အသိသားပဲ'

'အလွယ်ဆုံး နည်းကတော့ မိန်းမလှလှတစ်ယောက်ကိုမြင်လျှင် ဖမ်းကြိုက်လိုက်။ နောက်ပြီးတော့ တော်လေးဝ မိန်းမတွေထက် သာတယ်၊ ဥမ္မာဒန္တီ၊ မယ်ပပဝတီတို့ထက် လှတယ်လို့ ရေး။ မျက်လုံး၊ မျက်ခုံး၊ ခါး၊ ရင်၊ တင်၊ ခြေ၊ လက်၊ ဆံပင်၊ ဆံထုံး၊ ကိုယ်နေ အလုံးအဖန်တို့ကို ချီးမွမ်း၊ လမင်းနှင့် နှိုင်း၊ ပန်းကလေးနဲ့ နှိုင်း။ အဲဒီလိုရေးလျှင် စာဆိုဉာဏ် မရှိပေတဲ့ ကဗျာကောင်းတစ်ပုဒ်တော့ ဖြစ်လာတာပဲ။ မြှောက်ပင့်ရေးတဲ့လူက စိတ်ထဲက တကယ်မပါဘဲ မြှောက်ပင့်ရေးလို့၊ အမြှောက်အပင့် ခံရသူက စိတ်ထဲက





တကယ် မယုံသော်လည်း ကဗျာကတော့ အထင်အရှား ဖြစ်ပေါ်လာရတာပဲဗျာ့။ လောကမှာ မိန်းမချောချောတစ်ယောက်ကို မြှောက်ပင့်ပြီး ပြောရတာရယ်၊ ရှင်ဘုရင်ကို မြှောက်ပင့်ပြီး ပြောရတာရယ်၊ ဒီနှစ်ခုဟာ အင်မတန် ပျော်စရာကောင်းတယ်။ ဘာယာပြည့်ရှင် ဘုရင်မင်းတရားကြီး ထွက်တော်မူလာမှ ကျွန်တော် သိပ်ပျော်ပြလိုက်ဦးမယ်'

'အေးကွယ်၊ တစ်တိုင်းတစ်ပြည်လုံးဟာ စာဆိုမင်းကလေးတို့လိုသာ ကဗျာရေးတတ်ကြမယ်ဆိုလျှင် တို့ ဘာယာပြည်ကြီးဟာ တယ် ပျော်စရာကောင်းမှာပဲကွယ့်'

'ဒါကြောင့်မို့သာ ကျွန်တော်တို့ တိုင်းပြည်က စာဆိုပညာရှိတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှုတ်က တတွတ်တွတ် ရွတ်ဖတ်နေကြသော်လည်း မင်္ဂလာဆောင်တဲ့ ပွဲကျတော့ မင်္ဂလာဆောင် ကဗျာတွေကို ရေးကြတာပေါ့။ သူတို့ရဲ့ နှုတ်ဖျားတွေကသာ ပညာရှိပီပီ လောကီကို ငြင်းနေကြတာပါ။ တကယ်ဆိုတော့ လောကီမှာ အနေတတ်လျှင်လည်း ပျော်စရာကောင်းတယ်ဆိုတာကို သူတို့ အသိကြသားပဲ'

'အေးလကွယ်၊ သူတို့က ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ ဆိုတဲ့ စကားနှင့် လိုက်လျောညီအောင် ပြောကြတာ ထင်ပါရဲ့။ လောကီကို တကယ် ငြင်းချင်လျှင် တောထွက်သွားကြမှာပေါ့ကွယ့်။ လောကီကို သူတို့ ငြင်းတာက သူတို့ စာတတ်ကြောင်း ပြချင်ကြတာ ထင်ပါရဲ့'

'ဟုတ်တယ်၊ ဟုတ်တယ်။ ကဗျာရေးတဲ့ အခါမှာလည်း ကျမ်းဂန် ကောက်နုတ်ချက်တွေကို မပါလျှင် ပါအောင် ဆွဲထည့်ရတယ်၊ ဒါမှ ခန့်တယ်၊ ပညာရှိ ပီတယ်။ ကျွန်တော်ဟာ ကျမ်းခေါင်းစဉ် နာမည်တွေကို စာရင်းလုပ်ပြီး အလွတ် ကျက်ထားတယ်လေ။ ကိုယ်ကိုယ်တိုင်က တကယ် မသိပေတဲ့ ဘယ်ကျမ်းက ဘယ်လို၊ ဘယ်ဂန်က ဘယ်လိုလို့ ပြောပြနိုင်လျှင် ပရိသတ် သဘောကျသွားကြတာပဲ။ ဘာယာပြည်ကြီးမှာ ရှိတဲ့ စာဆိုတွေဟာ သူတစ်ပါးတိုင်းပြည်က စာဆိုတွေနဲ့ မတူဘူးဗျ။ လမ်းပေါ်က လူတွေ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်အောင် သူတို့ စာရေးတတ်ကြသဗျာ။ ဒီလို စာရေးတတ်တာဟာ စာဆိုတွေရဲ့အပြစ် မဟုတ်ဘူး။ မသိနားမလည်တဲ့ လူပြိန်းတွေရဲ့ အပြစ်ဗျ။ တကယ်ဆိုတော့ ဒီလူပြိန်းတွေက စာဆိုပညာရှိတွေကို အတင်းလိုက်ပြီး နားလည်ဖို့ ကောင်းပါတယ်ဗျာ'

'ဟာ...ဒီလိုလည်း မဟုတ်ဘူးလေ၊ လူပြိန်းတွေ ပညာတတ်ကုန်လျှင် ပညာ အပေါစား ဖြစ်သွားမှာပေါ့ စာဆိုမင်းရဲ့'

'အင်း ...အဟုတ်သားပဲ၊ ပညာဟာ အဖိုးတန်တယ်။ စာတစ်လုံး ဘုရားတစ်ဆူတဲ့၊ လူပြိန်းတွေဟာ ပညာမတတ်တာဘဲ ကောင်းတယ်။ ဒါမှ ပညာရှိ ဈေးတက်လာမယ်၊ အရိုအသေ ခံရမယ်'

'ဒီတော့ စာဆိုမင်းတို့လို ပညာရှိသုခမိန်တွေဟာ စာရေးတဲ့အခါမှာ မခက်လျှင် ခက်အောင် ကြံဖန်ပြီး ရေးကြရမယ်၊ စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေကို ရေးထည့်ကြရမယ်။ နောက်ပြီးတော့ မရှည်လျှင် ရှည်အောင် ဆွဲဆွဲငင်ငင် ပညာရှိသံပါပါ ရေးကြရမယ်'

'ဒါပေါ့။ လောကမှာ ပညာရှိ နည်းလေလေ၊ ပညာရှိတွေ အဖိုးတန်လေလေပေါ့။ နောက်ပြီးတော့ ပညာရှိတွေဟာ သူတို့ ထင်သလို လုပ်နိုင်ကြတာပေါ့။ လူပြိန်းတွေက နားကြည်းလာလို့ အာခံလာလျှင် စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေနဲ့ ခြောက်လှန့်လိုက်တာပေါ့။ ကျွန်တော်တို့ ဘာယာပြည်သားတွေဟာ လိမ္မာပါတယ်။ စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေကို ထုတ်ပြလိုက်လျှင် ပြားပြားဝပ်သွားတတ်ကြတာပဲ၊ ခေါင်းမဖော်ဝံ့ကြပါဘူး။ အရိုအသေတရား အင်မတန်များပါတယ် ဝန်မင်း'

'အရိုအသေတရားဟာ မြတ်တာပေါ့ကွယ်'

'ဒါပေါ့၊ ကျွန်တော်ဟာ ကဗျာရေးတာတောင် အရိုအသေတရားကို ထားတယ်။ ကဗျာရေးခါနီးပြီဆိုလျှင် စိတ်ကူးထုတ်မယ့်အစား ကျမ်းကြီးကျမ်းငယ်တွေကို အနားမှာ ထားတယ်။ ကျမ်းကိုဖွင့်၊ ဘယ်ဂုဏ်၊ ဘယ်'





ရသပါလျှင် ကောင်းမှာပဲလို့ တွေးတယ်။ ဒီလို တွေးပြီးမှ ရေးတယ်။ ဒီသဘောကို နားလည်ထားလျှင် စာဆိုဖြစ်နိုင်တာပဲ။ ဝန်မင်းလည်း ပညာရှိပဲ၊ စာဆိုဖြစ်ဖို့ အလွယ်ကလေးပေါ့'

'အေး ... စာဆိုမင်းကလေး ပြောရုံနဲ့ပဲ ကျုပ်အတော်တတ်သွားပြီ။ ဒီအတိုင်း ကြိုးစားလိုက်ရလျှင် ကျုပ်လည်း စာဆိုကြီးများ ဖြစ်နေဦးမှာလား မသိပါဘူးဗျာ။ သို့ပေတဲ့ ဟိုညက တွေ့ခဲ့ကြတဲ့ မြောက်ကျွန်းသူ မြောက်ပင့်ဘွဲ့ တစ်ပုဒ်ကိုတော့ ရေးပေးဦးဗျာ'

'အို...ဝန်မင်းဟာ ဘာ့ကြောင့် စာဆိုကြီး မဖြစ်နိုင်ရမှာလဲ။ စကားလှတွေကိုသာ ကျက်ထား၊ နောက်ပြီးတော့ ကိုယ် ဆိုလိုချင်တဲ့ အဓိပ္ပာယ်တွေ ပါပါ၊ မပါပါ။ ဒီစကားလှတွေကိုသာ ဖောဖောသီသီ ရေးပစ်လိုက်။ ကာရန်နဘောတွေကိုသာ ထပ်နိုင်သမျှ ထပ်ပစ်လိုက်။ နောက်ပြီးတော့ စိတ်ထဲမှာ တကယ် မထင်၊ တကယ် မမြင်ပေတဲ့ ကောက်နုတ်ချက်တွေနဲ့သာ တန်ဆာဆင်လိုက် ၊ ရသတို့ ဂုဏ်တို့ကိုသာ မပါလျှင် ပါအောင် ကြံဖန်ပြီး ဆွဲထည့်လိုက်။ ဟား... စာဆိုကြီးပေါ့၊ ကဝိကြီးပေါ့၊ ဘာယာပြည်မှာ တင်မက စကြဝဠာ တစ်ခုလုံးမှာတောင် ကျော်စောနိုင်တဲ့ ပညာရှိကဝိကြီးပေါ့။ အေးပါလေ စိတ်ထဲက မပါပေတဲ့ ဒီတစ်ပုဒ်ကိုတော့ ရေးပေးရတာပေါ့'

ထိုသို့ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ဒေါမာန်ပါပါ ပြောနေကြစဉ်တွင် အမတ်ကြီးသီရိကျော်ခေါင်၏ လှည်းယဉ်သည် ချူ ဆည်းလည်းသံများကို ပေးကာ လွှတ်တော်တံခါးဝသို့ ရောက်လာလေ၏။ ထို့နောက် ပြုံးနေကြ၊ ငိုင်နေကြ၊ ကျွက်စီ ကျွက်စီ ညံအောင် ပြောနေကြကုန်သော ဝန်တို့သည် လှေကားမှ တက်လာသော သီရိကျော်ခေါင်ကို အညီအညွတ် လက်အုပ်ချီ ရှိခိုးကြလေသည်။ ထိုးထိုးထောင်ထောင် ကြွားဝါနေကြသော သစ်ပင်ငယ်တို့သည် လေပြင်းတစ်ချက် ဝင်မွှေ့လိုက်သဖြင့် ပြားပြားဝပ်သွားသည်နှင့် တူလှပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

သီရိကျော်ခေါင်မှာ လက်အုပ်ချီလျက် နေကြသော ဝန်တစ်စု၏ အလယ်တွင် ခန့်ညားလှပါ၏။ ဇာတ်ဟန်ပါစွာ ပတ်လည်ကို ပိုက်သိုင်း၍ သိမ်းငှက်တို့၏ မျက်စိကဲ့သို့သော မျက်စိဖြင့် ကြည့်လိုက်၏။ နှစ်သက်သော အမူအရာကို လည်း ပြသည်။ သီရိကျော်ခေါင်မှာ အမတ်ချုပ်ကြီး ဖြစ်သည့်နေ့မှစ၍ နံနက်တိုင်း နံနက်တိုင်း ဝန်တစ်စု၏ လက်အုပ်ချီခြင်းကို ခံခဲ့ရသဖြင့် မည် သည့်အခါမျှ ငြီးငွေ့သည် မရှိ။ နိဗ္ဗာန်ကို ချက်ချင်း မလိုချင်သေးဘဲ လူ့ဘဝ၌ အသက်ရှည်ရှည် နေချင်လှသေးသော စိတ်တို့သည် တဖွားဖွား ပွားများခဲ့ပေ သည်။ ထို့ကြောင့်ပင် အများက လက်အုပ်ချီ၍ နေကြသည်ကို မြင်တိုင်း နှစ်သက်သော အမူအရာကို ပြလေသည်။ "သင်းတို့တစ်တွေ ဒီလို ရိုသေမြတ် နိုးကြလို့လည်း ငါ သင်းတို့ကို ချစ်ခင်တာပဲ။ ဒါကြောင့်မို့လို့လည်း ဘုယာ ပြည်ကြီးဟာ ကြီးပွားတာပဲ၊ ဒီလိုသာ အစဉ်အတိုင်း ရိုသေနေကြလျှင် ဘာယာပြည်ဟာ ရှေ့လျှောက်ပြီး အတိုင်းမသိ ကြီးပွားဦးတော့မှာပဲ၊ ဘာယာ ပြည်ကြီး ကြီးပွားပါစေ၊ ကြီးပွားပါစေ"ဟု မဆီမဆိုင် တွေးမိလေ၏။ ယင်းသို့ မဆီမဆိုင် တွေးကြံခြင်းမှာလည်း အခြားမဟုတ်၊ မိမိကိုယ်ကို မိမိ စေတနာကောင်း၊ စေတနာမြတ်၊ စေတနာဥက္ကဋ္ဌတို့နှင့် ပြည့်စုံလှသော ငါပါ တကားဟု တွေး၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုခြင်းကြောင့် ဖြစ်လေသည်။

သီရိကျော်ခေါင်သည် ယင်းကဲ့သို့ ဝမ်းထဲကသာ တွေးတော၍ စေတနာ ကောင်းလိုက်သဖြင့် မှားလေစွ၊ အဘယ်ကြောင့်ဆိုသော် မိမိ၌ ပီတိသောမနဿဖြစ်၍ ထိုပီတိကို ဝမ်းထဲမှာသာ ကြိတ်နှိပ်၍ မထားဘဲ အံထုတ်သကဲ့သို့ ဖော်ပြလိုက်လျှင် သူခပ်သိမ်းတို့လည်း ရောနှော၍ ဝမ်းသာ ခြင်း မဖြစ်ရပါလော။ ပတ္တိ ဒါန၊ ပတ္တာ နုမောဒနာဆိုတဲ့ တရားကိုမှ အမတ်မင်း နှလုံးမသွင်းလိုက်လေသလော။ အကယ်၍ အမတ်မင်းသည် မိမိ၏ဝမ်းထဲမှာ တွေးကြံလိုက်သော "ဒီလိုသာ လက်အုပ်ချီချီပြီး ရိုသေနေ ကြရင်ဖြင့် ဘာယာပြည်ကြီးဟာ ကြီးပွားတော့မှာပဲ။ ကြီးပွားပါစေ၊ ကြီးပွား





ပါစေ" ဟူသော စေတနာ အဓိပတိကြီးကို လေထဲမှာ အသံဖြစ်လာအောင် ဖန်ဆင်းလိုက်ပါမူ နားကြားသူ အပေါင်းတို့လည်း ပီတိဖြစ်စရာကြီး ဧကန် ပင်တည်း။ ဝန်ကတော်ကြီး ကြားလျှင် ဝန်ကတော်ကြီးလည်း ဝမ်းသာစရာပဲ၊ ပတ်ဝန်းကျင်ရှိ ဝန်ငယ်တစ်စုတို့ ကြားလျှင် သူတို့လည်း ဝမ်းသာစရာပဲ၊ ဘာယာတစ်ပြည်လုံး ကြားလျှင် ဘာယာတစ်ပြည်လုံးလည်း ဝမ်းသာစရာပဲ၊ လွှတ်တော်ပတ်ဝန်းကျင်ရှိ သစ်ပင်တို့ ကြားလျှင် သူတို့လည်း ဝမ်းသာ ကြမှာပဲ။

ဝမ်းထဲမှာ ရှိထားသော စေတနာကောင်းများသည် အဖိုးတန်လှ၏။ နှုတ်ဖြင့် ထုတ်ဖော်လိုက်ပါမူကား သာ၍ အဖိုးတန်လှပါသည်။ တကယ်တမ်း ကိုယ်ထိ လက်ရောက် ဆောင်ရွက်လိုက်ပါမူကား အဘယ် ပြောဖွယ်ရာ ရှိတော့အံ့နည်း။

သို့ရာတွင် မတ်ကြီးကျော်ခေါင်မှာ မိမိ၏ စေတနာမြတ်ကို ဝမ်းထဲ မှာသာ သိုဝှက်ထားပြီးလျှင် တစ်ကိုယ်တည်း နှစ်သက်ပြီးနောက် 'ဘယ့်နဲ့ အမတ်မင်းတို့၊ ညီလာခံဝင်ဖို့ တော်ပြီ ထင်တယ်' ဟု ခန့်ညားစွာ မိန့် ထုတ်လိုက်လေသည်။ ထိုအခါ ဝန်တစ်စုတို့လည်း အမတ်ကြီးကျော်ခေါင် အား ရိုသေ မြတ်နိုးလွန်းသဖြင့် ဘာမျှမပြော၊ တိတ်ဆိတ်စွာ နေကြရာလေ သည်။ စာဆိုမင်းကလေးမှာကား ဆိတ်ဆိတ် မနေနိုင်ဘဲ လျှောက်ထားလိုက် သည်မှာ–

'(အရုဏ်လည်း တက်၊ နေဝန်း ထွက်၍၊ ကျီး ကြက် အာတွန်၊ ညီလာခံ၍)ဟူသော ကဗျာဝစန အလိုဖြင့် လည်းကောင်း၊ ၎င်းနောက် (မိုးမင်း လင်းသောက်၊ နေရောင် တောက်က၊ ဖွင့်မြှောက် ဥကင်၊ ညီလာဝင်) ဟူသော ကဗျာဝစန အလိုဖြင့် လည်းကောင်း၊ ၎င်းနောက် (ဥဒေဘယံ၊ ညီလာခံ)ဟူ၍ လည်းကောင်း၊ ၎င်းနောက် (မဟာသမ္မတ၊ ရှေးမဆွကပေါ်ထ နေဝန်း၊ ပြဗ္ဗကျွန်းမှ၊ ထွန်းလင်းအရောင်၊ ကျွန်းလုံးပြောင်သော်၊ အဆောင် အဆောင်၊ မှူးခေါင် မတ်ဖျား၊ ခမ်းနား သဘင်၊ ညီလာဝင်၍)



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကဗျာဝစန အလိုဖြင့် လည်းကောင်း၊ ဤကဲ့သို့သော ကဗျာဝစန အကိုးအကားများကို ထောက်ထားပါသဖြင့် ယခုအခါ အမတ်ချုပ်ကြီး ညီလာခံဝင်ရန် တော်ပြီဟု ထင်တော်မူသည့်အတိုင်း လျှောက်ကန်သင့်မြတ်ပါကြောင်း လျှောက်တင်ပါတယ်'

'တော်ပေတယ်ဗျာ– တော်ပေတယ်၊ စာဆိုကလေးမှာ အခွင့်သင့်ရာ သင့်ရာ ကဗျာကဝိ ယုတ္တိအာဂမ၊ နှုတ်ငုံရှုရှု၊ တဖွဖွနှင့် မလှ လှအောင် ဆောင်ပြတတ်ပါပေတယ် စာဆိုကလေး'

'မှန်လှပါ၊ ကဝိအာဇာနည် ပီသည်ထက် ပီအောင် အဆီအနှစ် ကဗျာဖြစ် စာဖြစ်တို့ကို အထစ်အငေါ့မရှိ ယုတ္တိသင့်ရာ အဖြာဖြာတို့ကို လိုရာတိုက်ရိုက် အကြောင်းဆိုက်က တစ်ပိုဒ်မပါ တစ်ပိုဒ်ပါအောင် ခန့်စွာ ညားစွာ တင်လျှောက်ချင်သည်ကလည်း တစ်ကြောင်း၊ ၎င်းနောက် အမတ်ချုပ်ကြီး၊ ချုပ်စီးကဝိ၊ အဓိပတိပုံ့မွေး၊ ထိုသို့သော ပဂေးအား ယဉ်ကျေးသိမ်မွေ့၊ ခမ်းပေ့နားပေ့၊ ဆိုသရွေ့ကို၊ စေ့စေ့စိတ်စော၊ ပြောလို ရွတ်လိုဇောကြောင့်၊ ရိုးရိုး မပြော၊ ချောမော မဆို၊ တိုတို မကြိုက်၊ မင်းထိုက် စိုးထိုက်၊ ကဝိထိုက်အောင် ပြောလိုသည်ကလည်း တစ်ချက်။ ဤအကြောင်းအချက်များကြောင့် ကျမ်းထွက်ကဗျာ ဝစနာ လင်္ကာဖြင့် လျှောက်တင်ရပါတယ်'

'အင်း...တော်ပေ့ကွယ်၊ စာဆိုကလေးအတွက် ယခုညီလာခံမှာ ဘုန်းတော်ကြီးဘုရားထံမှ ဘွဲ့ထူး ဂုဏ်ထူးများ တောင်းပေးရမှာပေါ့၊ ကိုင်း... ညီလာခံ ဝင်မယ်'

## အခန်း (၂၁)

[ ၁ ]

မတ်ကြီးကျော်ခေါင်ကြီး ယင်းကဲ့သို့ ကုန္နြေရစွာနှင့် မိန့်တော်မူပြီးနောက် ပြည်ကြီးရှင်၏ နန်းတော်ပလ္လင်ရှိရာသို့ ရှေးရှု ကြွသွားတော်မူလေသည်။





စည်တော်သားများလည်း မင်္ဂလာစည်တော်ကြီးကို ပြည်လုံးသိမ့်သွားအောင် တီးခတ်ကြလေသည်။ ဝန်တစ်စုတို့လည်း အမတ်ကြီး၏နောက်မှ ဖဝါးခြေထပ် ကပ်၍ လိုက်သွားကြလေသတည်း။ သွားကြစဉ်တွင် မြောက်ကျွန်းသူကလေးအား မျက်စိကျခဲ့သော ဝန်လည်း စာဆိုကလေးရှိရာသို့ တိုးဝင်လာ၍ စာဆိုကလေး၏ ပခုံးကိုဖက်ရင်း တိုးတိုးပြောပြန်သည်မှာ...

'ဝမ်းသာလိုက်တာဗျာ။ ကျုပ်ဖြင့် အံ့သြလို့ မဆုံးဘူး၊ စာဆိုကလေး တယ်တော်သကိုး'

'သြော်...ကိုယ်နဲ့ဆိုင်လာတဲ့ ဇာတ်ဆိုတော့ နိုင်အောင် ခင်းလိုက်ရတာပေါ့၊ ပညာရှိ ကဝိပီပီ စာသံပေသံပါပါ၊ ဝါစာသိလိဋ္ဌ ချိုချိုမြမြ ပြောရမယ်ဆိုရင် စွမ်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်မှာ ငယ်စဉ်အခါ ဘာမှန်းမှ မသိသေးတဲ့ အရွယ်ကတည်းက စာတွေကို အလွတ်ကျက်ထားခဲ့တာ အများကြီး ရှိသပေါ့။ အလွတ်ကျက်ထားပြီး လူရှေ့သူရှေ့မှာ ရွတ်ဖတ် သရဇ္ဈာယ်ပြနိုင်တာဟာ ပညာရှိတို့ရဲ့ လက္ခဏာထဲမှာ လက္ခဏာပဂေးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကြားနာတဲ့ လူတွေကလည်း ဒီလို အလွတ်ကျက်ပြီး ပြောနိုင်မှ သဘောနှစ်ခြိုက်ကြတယ်၊ တယ် ကျမ်းဂန်မိတဲ့ လူပဲလို့ ချီးမွမ်းကြတယ်။ ဒီတော့ သူတို့က အလွတ်အာဂုံသမားများကို ရိုသေကြတယ်။ ပူဇော်သက္ကာယ ပြုကြတယ်ဗျ။ ဝန်မင်း ...ပညာရှိဆိုတာဟာ အတ္တနောမတိ မိမိ၏ လေးလေးနက်နက် ထင်မြင်ချက်ကို မပြောဝံ့ဘဲ အများသဘော နှစ်ခြိုက်လာအောင် အာဂုံယုတ္တိတွေနဲ့ ဆောင်ပြီး ပြောတတ်တဲ့ လူစားမျိုးဗျ၊ မှတ်ဗျ'

'မှတ်ပါမယ်ဗျာ မှတ်ပါမယ်၊ အနို့ ကျုပ် မြောက်ကျွန်းသူကလေး'

'အို...ရပါစေမယ်၊ တစ်ခါတည်း ဝန်မင်းဆီကို ငိုက်လာအောင် ရေးပေးပါ့မယ်'

'အေးဗျာ...လုပ်စမ်းပါဦး၊ ဒီတစ်သက် မမေ့ပါဘူး'

မတ်ကြီးကျော်ခေါင်လည်း ပလ္လင်၏ လက်ယာဘက် ကွမ်းကလပ်၊



www.burmeseclassic.com

www.burmeseclassic.com



ထွေးအင်၊ လက်ဖက်တော်အုပ်များ ဝန်းရံလျက်ရှိသော ကတ္တီပါကော်ဇောပေါ်၌ လက်ယှက်ကာ ထိုင်မိလေသတည်း။ ဝန်တစ်စုတို့လည်း ဆိုင်ရာနေရာများ၌ အသီးသီး လက်ယှက်ကာ ထိုင်ကြလေသည်။ စာဆိုကလေးလည်း စကားလက်စဖြတ်ကာ မတ်ကြီးကျော်ခေါင်၏ နောက်နားရှိ နန်းတော်တိုင်ကိုမှီ၍ လက်ယှက်ကာ ထိုင်လေသတည်း။

[ ၂ ]

လွှတ်တော်တံခါးဝမှ ရပ်၍ ကြည့်ပါသော် ပလ္လင်နှင့် ဥကင်သည် ရွှေရောင်ဖြင့် ဝင်း၍ အထင်းသား ရှိနေသည်။ ဘေးနှစ်ဖက်တွင် ထီးဖြူနှစ်ခုလည်း ထောင်လျက် ရှိနေသည်။ အနီးသို့ တိုးကပ်၍ ကြည့်ခဲ့ပါလျှင် ဥကင်အထက်ဝယ် ဗြဟ္မာရုပ်တို့သည် လက်အုပ်ချီလျက် စီတန်းကာ ရှိကြ၏။ ပလ္လင်၏ ခြေရင်းဝယ် ပဋ္ဌရုပရုပ် နှစ်ခုလည်း ရှိသည်။ ရှုမြင်သူ အပေါင်းတို့၏စိတ်တွင် ထိုပလ္လင်တော်သည် ကြောက်ရွံ့ ရိုသေစရာပင် ဖြစ်တော့သည်။ ပလ္လင်၏ ခြေရင်းတွင် ဝန်တစ်စုတို့သည် ဝပ်လျက် နေကြလေသည်။

အတန်ကြာလျှင် မောက်တိုဆောင်း စစ်သားနှစ်ယောက်လည်း ဘေးတံခါး နှစ်ခုမှ လှံကိုထမ်း၍ ခန့်ညားစွာ ဝင်လာပြီးလျှင် 'တိတ်စေ'ဟု တစ်ခဲနက်သောအသံဖြင့် နန်းရင်ပြင်တစ်ခုလုံး ပဲ့တင်ထပ်မျှ သံတော်ဆင့်လိုက်လေသည်။ တိတ်ဆိတ်လျက်နေသော အဆောင်တစ်ခုလုံးလည်း အသံဖြင့် ပဲ့တင်ထပ်သွားပြီးလျှင် တစ်ဖန် တိတ်ဆိတ်သွားပြန်လေသည်။ ဤအခါမျိုး၊ ဤကဲ့သို့သော အခမ်းအနားမျိုးသည် အသည်းနှလုံး ယားစရာပင် ကောင်းလေစွ။ ကိုယ့်ဝမ်းထဲမှ အဟုတ်အမှန် ပြောချင်သော စကားကိုပင် မပြောဝံ့အောင် ဖြစ်လေစွ။ သို့ကလောက် ခမ်းနားသော ထိုအဆောင်၊ ထိုပလ္လင်၊ ထိုဥကင်တို့ကား ဘာယာပြည်ကြီး၏ ကံကြမ္မာကို စီမံချယ်လှယ်လျက် ရှိနေပါတကား။ ဤနေရာများ၌ လူ လေးငါးဆယ်ယောက်စုပြီး ပြောကြသော စကားများသည် ဘာယာ တစ်ပြည်လုံးအတွက် ပြောကြသော





စကားများပင် တကား။ ဤနေရာများ၌ လူ လေးငါးဆယ်ယောက် စုပြီး စီမံကြသော လုပ်ငန်းသည် ဘာယာ တစ်ပြည်လုံးအတွက် စီမံသော လုပ်ငန်းပင် ဖြစ်စွတကား။ ဤလူလေးငါးဆယ်ယောက်တို့မှာသာ ကျယ်ဝန်းသော အမြင်ဉာဏ်နှင့် ကရုဏာတရား ရှိကြပါမူ ဘာယာ တစ်ပြည်လုံး ကောင်းစားရခြိမ့်မည်။ သူတို့ ပြောင်းပြန်ဖြစ်ကြလျှင် ဘာယာ တစ်ပြည်လုံးလည်း ပြောင်းပြန် ဖြစ်မည်ပင်တည်း။

သူတို့မှာ ကျယ်ဝန်းစွာ ကြည့်တတ်သော အမြင်ဉာဏ်မှ ရှိပါ့မလား၊ ကရုဏာတရားမှ ရှိပါ့မလား၊ နှစ်ခုစလုံးမှ ရှိပါ့မလား။ အမြင်ဉာဏ် ကျယ်ရုံနှင့်လည်း မပြီးနိုင်သေး၊ ကရုဏာတရားလည်း ရှိမှ ဖြစ်မည်။ ကရုဏာကင်းသော အမြင်ကျယ်ခြင်းမှာ တိုင်းပြည်၌ ဘာမျှ အကျိုးမထူး။ တိုင်းပြည်အတွက် လုပ်ငန်းမရှိ ပါးစပ်ပြောသာ အဖတ်တင်တတ်သည်။ ပြောပြီးလျှင် ပြီးသွားတတ်လေသည်။ ထိပ်ဖျား အမြင့်ဆုံး ချောင်ကြို ချောင်ကြား၌ သီးနေသော၊ အနံ့အရသာနှင့် ပြည့်စုံသော ဇမ္ဗူသပြေသီးသည် လူမသိဘဲ သူ့အလိုလို ပုပ်အဲ့၍ သွားသကဲ့သို့ပင်တည်း။ ကျယ်သော၊ အမြင်ဉာဏ်ကင်းသော ကရုဏာတရားသည်လည်း တိုင်းပြည်၌ ဘာမျှ အကျိုးမထူး။ လုပ်ငန်းပင် စင်စစ် ရှိသော်လည်း တိုင်းပြည်ကို နှစ်ရာ ရောက်လေသည်။ လမ်းလွဲကို ဆောင်ပို့တတ်လေသည်။ အမေသည် သားငယ်ကို ချစ်လွန်းအားကြီးသဖြင့် ကျောင်းသို့မပို့ဘဲ ထားသကဲ့သို့ပင်တည်း။

ဘာယာပြည်က မှူးမတ်များမှာ ကျယ်ဝန်းသော အမြင်ဉာဏ်ရော၊ ကရုဏာတရားရော ဒွန်တွဲ၍ ရှိကြပါ့မလား။

[ ၃ ]

ဘာယာပြည်ကြီးရှင် ထွက်တော်မူလာလေပြီ။ ၎င်းနောက် ပြားပြားဝပ်ကာ ခ စားနေကြသော မှူးမတ်အပေါင်းတို့အား ရှုစားတော်မူလိုက်လေသည်။ မှူးမတ်တို့လည်း မော်မဖူးရဲဘဲ ခေါင်းငုံ့၍ ခ စားနေကြစဉ် စာဆို မင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကား ခေါင်းကိုမော်၍ ခ စားလျက် နေလေသည်။ အကြောင်းမှာ စာဆိုဖြစ်သည့်အတိုင်း ဘုန်းတော်ဘွဲ့များကို ဖွဲ့ဆိုလျှောက်တင်သည့်အခါ ရှင်ဘုရင်အား နေမင်း၊ လမင်း၊ သိကြားမင်း၊ စကြဝတေး မန္ဓာတ်မင်းများတို့ တစ်ပုံတည်း တူညီဟန်တို့ကို အသားပါပါ ချီးမွမ်းဖွဲ့ဆိုနိုင်ရန် အခွင့်တော် ပေးထားသောကြောင့် ပင်တည်း။

စာဆိုမင်းလည်း ဘာယာပြည့်ရှင်အား မော်ဖူးလိုက်လေသည်။ ဘာယာပြည့်ရှင်မှာ ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်နေတော်မူသည်။ ရင်ဘတ်ဝယ် စိန် ကျောက် ပတ္တမြားများ စီခြယ်ထားသော မင်းမြောက်တန်ဆာကို တပ်ဆင်ထားသဖြင့် ဝင်းဝင်းလျှပ်လျှပ် ရှိလှသည်။ ဝတ်လဲတော်ပုဆိုးမှာ ရွှေသား ပကတိပင် ဖြစ်သည်။ လက်ချောင်းများဝယ် မြလက်စွပ်များဖြင့် ထိန်လျက် နေသည်။ နားဝယ် တောက်ပသော နားဒွေါင်းဖြင့် တင့်တယ်လှပေသည်။ ဤဝတ်စားတန်ဆာများသာလျှင် မရှိပါမူ ဘာယာပြည့်ရှင်မှာ ပလ္လင်ပေါ်တွင် စက်ဆုပ်ဖွယ်ရာ ဖြစ်ရချိမ့်မည်။ သို့ရာတွင် ဘာယာပြည့်ရှင်သည် ဘာယာပြည်၏ ဘုရင်ဖြစ်သည်။ ဘုရင်ဆိုသည်မှာ ရှေးဦးစွာ ရှင်ဘုရင် တစ်ပါးပါး၏ သားတော်ဖြစ်ရမည်ဟု တွေးလျှင် မှန်ပေသည်။ ဒီထက်မှန်သော မှန်ခြင်းကား ဘုရင်လည်း လူပဲ ဟူသော စကားပင်တည်း။ အကြောင်းကို ဆိုသော် ရှင်ဘုရင်၏ ခမည်းတော်များကို စစ်ဆေးရှာဖွေ လိုက်ပါအံ့။ ဘာယာပြည့်ရှင်၏အဖေသည် မည်သူလဲ၊ ရှင်ဘုရင်။ ၎င်းရှင်ဘုရင်၏ မွေးဖအေကား မည်သူလဲ၊ သူလည်း ရှင်ဘုရင်ပဲ။ ယင်းသို့ ရှာဖွေလာရင်း ရှင်ဘုရင် တသီးတတန်းကြီးရှိသော တန်းအဆုံးတွင် ဧကန္တ လူတစ်ယောက်ကို တွေ့ရပေမည်။ ထိုအခါ ထိုသူသည် မည်သူလဲ၊ လူပဲ။ ဩော်...လူဆိုတာဟာလည်း ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့နှင့် အတူတူပါပဲကလား၊ အနို့ အဘယ်ကြောင့် ဒီလူဟာ လူအပေါင်းတို့၏ ထိပ်ဖျားတွင် ဩဇာအာဏာနှင့် နေနိုင်ရသနည်း။ အကြောင်းရှိရမည်။ ဒီလူမှာ သူတကာတို့ထက် ထူးခြားသော လူ့သတ္တိများ ရှိပေမည်။ သူတကာ





လိုက်နာ ဆောင်ရွက်ချင်လာအောင် ဉာဏ်နှင့်တကွ သိမ်မွေ့သော သဘောထား၊ တည်ကြည်ရဲရင့်သော စိတ်တို့သည် ရှိရမည်။ သူတကာ ရိုသေလာအောင် လူတို့၏ စီးပွားကို ကြီးမားစေတတ်သော လုပ်ရည်ကြံရည်လည်း ရှိရမည်။ ထိုကြောင့်ပင်တည်း။ ထိုအခါ ရှင်ဘုရင်၏သား ဆိုသည်မှာ အလကား၊ မင်းမြောက်တန်ဆာ ငါးပါးဆိုသည်မှာ အလကား။ ထိုသတ္တိထူးများ ရှိလာမှသာလျှင် ရှင်ဘုရင် ဖြစ်ထိုက်သည်။ လူတို့၏ ထိပ်ဖျားတွင် နေသင့်သည်။ ထိုသတ္တိထူးများနှင့် ပြည့်စုံပါလျှင် မည်သူမဆို ရှင်ဘုရင် ဖြစ်ထိုက်သည်။ ထီးနှင့် နန်းနှင့် မစံစားရသော်လည်း ရှင်ဘုရင်ဟု ခေါ်ဆိုထိုက်လှသည်။ ထိုသတ္တိထူးများ မရှိပါလျှင် ထီးနှင့် နန်းနှင့်ပင် စံစားသော်လည်း ထိုရှင်ဘုရင်မျိုးမှာ ဘုရင် ပညတ်များသာလျှင် တကား။

ယခု ဘာယာပြည့်ရှင်မှာ ဆိုခဲ့ပြီးသော သတ္တိထူးများ ရှိ မရှိကိုကား မသိ။ သို့ရာတွင် ဘိုး ဘေး ဘီ ဘင်က ဆင်းသက်လာသော ရှင်ဘုရင်ကား မှန်ပေ၏။

ကြည့်ကြဦးစို့...။ အကယ်၍ သတ္တိထူး မရှိဘဲ ရှင်ဘုရင် ဖြစ်နေရင်ကော ဘယ်သူ့အပြစ်ဟု ဆိုမည်လဲ။ ထိုရှင်ဘုရင်၏ အပြစ် မဟုတ်။ တိုင်းသူပြည်သား အ တတ၊ အသုံးမကျ၊ ကိုယ့်အခွင့်အရေးကို ကိုယ်မသိဘဲ၊ ယဉ်ကျေးသိမ်မွေ့ အရိုအသေတရားများ ကြဲသောကြောင့်ပင် ဖြစ်စွတကား။

ဘာယာပြည့်ရှင်လည်း မှူးမတ်များအား အတန်ကြာ ရှုစားတော်မူလေသည်။ ထိုအခိုက်တွင် စာဆိုကလေးလည်း ဘာယာပြည့်ရှင်၏ ဘုန်းတော်ဘွဲ့ကို ရတ်ခြည်းဖွဲ့ဆို၍ တင်လျှောက်လိုက်သည်မှာ–

'မင်္ဂလာ ရွှန်းစို၊ ရတု ဆိုသား၊ မြင်းမိုရ် တောင်မင်း၊ လေးရောင်ဝင်း၏၊ ခြေရင်း ရန်လုံ၊ သန်လျက် စုံဝယ်၊ ဂုဏ် အသိန်း သောင်း၊ မွေးပျံ့လှောင်း၍၊ ရုံးပေါင်း ကျက်သရေ၊ အထွေထွေလည်း၊ မရေတွက်သာ၊ အနန္တာဝတီ၊ သချာမဆုံး၊ တိုင်းအလုံးလည်း၊ ကုန်းကုန်းကွကွ၊ ပြားဝပ်ရှ၍၊ တေဇတေဇော်၊ တန်ခိုးကျော်လျက်၊ မော်သည်ဘာယာ၊ ပြိုင်လာဘက်ကင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဤပြည်တွင်းဝယ်၊ သတင်းကျော်ဟုန်၊ လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာဘုံက၊ ရွှေဘုံနိဗ္ဗာန်၊ ထက်သို့လျှံသား၊ နာမ်ကြီးခြင်း၊ ဂုဏ်ကြီးခြင်းဖြင့်၊ ဝင်းဝင်း လျှပ်ကြဲ သူရဲ သူခက်၊ ဆင်တက် မြင်းစီး၊ လေးကြီး ငင်ပစ်၊ ရဲစစ်ဗျူဟာ၊ သေနင်္ဂါလည်း၊ သချာသချေ၊ မရေတွက်နိုင်၊ မြေဆုံးတိုင်၏၊ အနိုင်နိုင်ငံ၊ လက်အောက်ခံနှင့်၊ ဘယ်ရန်သူမင်း၊ ကပ်လာချဉ်း၍၊ ရန်တင်း မာန်ပြု၊ အံ မတုဝံ့၊ သူ့ဘာသာသူ၊ ကြောက်သွေးပူ၍၊ ရွှေဂူလိုဏ်မွေ့၊ ရွှေခြံသော့လျှင်၊ တစေ့တစောင်း၊ ကြည့်တုံ ရှောင်းက၊ ထောင်လောင်း တိရစ္ဆာန်၊ ပက်လက် လန်၍၊ မရဏ် မရဏ်၊ သေမင်းထံသို့၊ မပြန်သောလမ်း၊ သေစခန်းသို့၊ လှမ်းကြွပမာ၊ သို့သည် သာတည့်၊ ဘာယာ တန်ခိုး၊ သို့လောက် ဖြိုး၏၊ အမျိုးဘာသာ၊ သာသနာနှင့်၊ ပညာဉာဏ်စက်၊ သည်အတွက်လည်း၊ ရက်ရက်စက်စက်၊ ဆောင်ရွက်သည်တွင်၊ ဘယ်သူ ယှဉ်အံ့၊ ရင်နှစ်ခြမ်းကွဲ၊ ဖြန်းဖြန်းကွဲ၏၊ အနည်းနည်းစုံ၊ ရာဇာဂုဏ်အား၊ ဝသုန္ဒရာ၊ အာဏာတမျှ၊ ချီးမွမ်းကလည်း၊ နှုတ်က ပင်ပန်း၊ ချီးမွမ်းသူသာ၊ သေဖွယ်ရာရှင့်၊ ဘာယာပြည်တော်၊ ဤပြည်မော်သည်။ ။တေဖော် တေဖော့် တေဖော်တည်း။'

ဘာယာပြည့်ရှင်လည်း ဘုန်းတော်ဘွဲ့ကို နားတော်တင်ရင်း စာဆိုကလေးအား အလွန်တရာ မြတ်နိုးတော်မူလာပြီးလျှင် စိန်ကောင်ကျော်ခေါင်ဘွဲ့ကို ထိုင်ရာမထ သနားတော်မူလိုက်လေသတည်း။ မတ်ကြီးကျော်ခေါင်ကလည်း စာဆိုကလေးအား လှည့်ကြည့်၍ ပြုံးလိုက်လေသတည်း။

[ ၄ ]

ညီလာခံကိစ္စတစ်ခု ပြီးသွားလေပြီ။ ၎င်းနောက် ဘာယာပြည့်ရှင်လည်း မိမိ၏ ဘုန်းတော်၊ တန်ခိုးတော် ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေအောင် စီမံရန်ကိစ္စကို စ ချင်၏။ သို့ရာတွင် မိမိ၏ လောဘကို မှူးမတ်များ ရိပ်မိသွားမည် စိုးသောကြောင့် တိုင်းရေးပြည်မှုကိစ္စကို စိတ်ထဲက မပါသော်လည်း ပါလေဟန်နှင့် မေးမြန်းလေသည်။





သီရိကျော်ခေါင်လည်း လုံးဝ တာဝန်ခံ အမတ်ချုပ်ကြီး ဖြစ်သောကြောင့် ဆိုင်ရာ ဝန်အသီးသီးတို့၏ အစီရင်ခံစာများကို စစ်ဆေးပြီးသဖြင့် ဘာယာပြည်သည် ယခုထက်တိုင် စည်ပင်ဝပြောလျက် ရှိနေသေးကြောင်းကို လျှောက်တင်လေသည်။ တိုင်းသူပြည်သားများမှာလည်း "ရွှေဘုန်းတော်ကြောင့် တို့တစ်တွေ ရေချမ်းကြီး" ဖြစ်နေကြကြောင်းကိုလည်း လျှောက်တင်လေသည်။

လျှောက်တင်ချက် လိုရင်းမှာ ဘာယာပြည်တွင် ဆင်းရဲသားများသည် ဆင်းရဲသားဘာဝ လုပ်ကိုင် စားသောက်နေကြသဖြင့် များစွာဝမ်းမြောက် အားတက်ဖွယ်ရာ ဖြစ်ကြောင်း၊ ၎င်းတို့ ဆင်းရဲပင်ပန်းကြသည်မှာ ကံ ကံ၏အကျိုးသာ ဖြစ်ကြောင်း၊ ကံတရားကို မည်သူမျှ မလွန်ဆန်နိုင်ကြောင်း၊ ကံပစ်ချသောနေရာတွင် ဘာမှ မကြံမစည် နားရွက်မခတ်ဘဲ နေအပ်ကြောင်း၊ ကံတရားကိုက ဆင်းရဲစေဟု အမိန့်ပေးထားသဖြင့် တိုင်းပြည်ရှင်က လက်ပိုက်၍ ကြည့်နေအပ်သည် ဖြစ်ကြောင်း၊ ကံတရားကြောင့် ဆင်းရဲကြသဖြင့် ၎င်းတို့၌ မချမ်းသာခြင်း၊ ပညာ မပြည့်စုံခြင်း၊ ဆင်းရဲသားဘဝမှ မလူနိုင်ခြင်းများသည် အံ့သြဖွယ်ရာ မဟုတ်ကြောင်း၊ ထို့ကြောင့် ဘာယာပြည်ရှိ ဆင်းရဲသားများသည် ဆင်းရဲသားပီပီ ဆင်းဆင်းရဲရဲနှင့်ပင် လုပ်ကိုင် စားသောက်နေကြသည်မှာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ကြောင်း၊ ရွှေဘုန်းတော်ကြောင့် အထူး ဝမ်းသာအားရဖွယ်သာ ဖြစ်ပါကြောင်း၊ ၎င်းတို့ ဆင်းရဲစွာ နေထိုင်ခြင်းကို ပြည့်ရှင်က အနှောင့်အယှက် မပြုသင့်ကြောင်း။

သာသနာတော်ရေးနှင့် စပ်လျဉ်း၍ ဘာယာပြည်တွင် စေတီပုထိုးများစွာ ပေါများသည်ကို တောက်ထားသဖြင့် ပြည်တွင်း၌ မည်မျှပင် အခိုးအတိုက်၊ အလုအယက်၊ အလိမ်အကောက် ပေါများနေသော်လည်း သာသနာတော်သည် ယခုထက်တိုင် ထွန်းကားလျက်ပင် ရှိနေကြောင်း၊ ရွှေဘုန်းတော်ကြောင့် ဘာယာပြည်၏ မြေမျက်နှာပြင်သည် ဝါဝင်းသော



www.burmeseclassic.com

www.burmeseclassic.com



စေတီပုထိုးတို့ဖြင့် လှပတင့်တယ် ရှုစချင်ဖွယ် ရှိနေကြောင်း၊ အကုသိုလ်မှုပေါ်များနေခြင်းမှာ အဝီစိငရဲသို့ သွားရောက်ချင်ကြသောသူများ ပေါ်များနေသောကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့၏ အဝီစိငရဲသို့ သွားရောက်ချင်သော အလိုဆန္ဒကို ပြည့်ရှင်က အနှောင့်အယှက် မပြုသင့်ကြောင်း။

ရောင်းရေးဝယ်တာကိစ္စနှင့် စပ်လျဉ်း၍ ဘာယာပြည်သားတို့သည် အာဒိစ္စနေမျိုးမှ ဆင်းသက်လာသော မင်းတို့ အုပ်စိုးရာဖြစ်သော ဘာယာပြည်သား ပီသစွာ မိမိတို့၏ တိုင်းပြည်၌ လိုအပ်သောပစ္စည်း အရပ်ရပ်များကိုပင် ကိုယ်တိုင် မလုပ်ကိုင်ဘဲ အနီးအနားရှိ အလုပ်သမား ကျေးတော်မျိုး ကျွန်တော်မျိုး တိုင်းပြည်များမှ အာဏာသံ၊ မာနသံတို့ဖြင့် ငွေကြေးပေး၍ ဝယ်ယူဆောင်လျက် နေသေးသဖြင့် များစွာ အားတက်ဂုဏ်ယူဖွယ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာယာပြည်သားတို့မှာ ဝင်ငွေမရှိ၍ ထွက်ငွေသာ ရှိသော်လည်း ရွှေဘုန်းတော်ကြောင့် သခင်မျိုးပီသလျက် ရှိပါကြောင်း၊ ပြည့်ရှင်မင်းက နေမျိုးအာဒိစ္စဂုဏ်ကို ချီးမြှောက်လျက်နေသော ဘာယာပြည်သားတို့အား အနှောင့်အယှက် မပေးသင့်ပါကြောင်း၊ အမျိုး၏ဂုဏ်ကို ဤမျှစောင့်ရှောက်သဖြင့် ၎င်းတို့အား ချီးမွမ်းသင့်ပါကြောင်း။

ပညာရေး အခြေအနေနှင့် စပ်လျဉ်း၍ ယခုအခါ ဘာယာပြည်တွင် လေ့လာလျက် နေကြသော ပညာအရပ်ရပ်များမှာ ရှေးရှေးပညာရှိများက စုံစမ်းရှာဖွေ၍ ထားပစ်ခဲ့သော ပညာအတိုင်းသာ ဖြစ်နေသောကြောင့် ရှေးနည်းအတိုင်းပင်ဟု ခေါ်ဆိုရမည် ဖြစ်ပါကြောင်း၊ ထိုကြောင့် ဝမ်းမြောက်ဝမ်းသာစရာတစ်ရပ် ဖြစ်ပါကြောင်း။ ရက်ကို လ စား၊ လ ကို နှစ် စားလာသဖြင့် နိုင်ငံတော်၏အခြေ ပြောင်းလဲလာပါသော်လည်း ယခုခေတ် ဘာယာပြည်သားတို့၏ ထင်မြင်ပုံသည် ရှေးခေတ် ဘာယာပြည်သားတို့၏ ထင်မြင်ပုံနှင့် အတူတူပင် ဖြစ်ပါကြောင်း။ ထို့ကြောင့် ဘာယာပြည်သားတို့မှာ အံ့သြဖွယ်ရာ ကောင်းပါကြောင်း။ ဘာယာပြည်သားတို့သည် မိမိတို့အမျိုး၏ စာပေ၌ အလွန်တရာ စိတ်အားထက်သန်စွာ လေ့လာကြသဖြင့် လက်တွေ့





မျက်တွေ့ လောကသဘာဝကို စုံစမ်း၍ သိအပ်သော ပညာရပ်များ၊ သူတစ်ပါးနိုင်ငံမှ အဆင်သင့် ရောက်ရှိလာသော ပညာရပ်များ၌ ဝါသနာမပါ မလိုက်စားဘဲ နေကြပါကြောင်း။ ရွှေဘုန်းတော်ကြောင့် ဘာယာပြည်သားတို့သည် ဤမျှပင် ကိုယ့်အမျိုးသားစာပေများ၌ ဂုဏ်ယူကြပါကြောင်း။ ဂုဏ်ယူကြရုံမျှမက လောက သဘာဝကိုမှီ၍ ဟောပြောရေးသားသူများ၊ နိုင်ငံခြား ပညာရပ်များကို ယူဆောင်လာသူများကိုပင် သေးနုပ်သိမ်ဖျင်း မြင်ပြင်းကပ်စရာ ကောင်းသည်ဟု ပြောဆိုလေ့ ရှိကြပါကြောင်း။ ရွှေဘုန်းတော်ကြောင့် ဘာယာပြည်သားတို့သည် ဤမျှပင် ကိုယ့်အမျိုး၏စာပေကို စောင့်ရှောက်ကြပါကြောင်း။

ယင်းကဲ့သို့ သီရိကျော်ခေါင်က ခန့်ညားသောအသံဖြင့် ဘာယာပြည်၏ အခြေအနေ၊ နေပုံထိုင်ပုံကို လျှောက်တင်လိုက်ရာ ဘာယာပြည့်ရှင်လည်း အလွန်တရာ နှစ်ထောင်းအားရတော်မူ၍ တစ်ဖန် အောသော အသံကြီးဖြင့် ပလ္လင်ထက်မှ မိန့်တော်မူလိုက်ပြန်သည်မှာ–

'သာဓု–အမတ်မင်း၊ သာဓု–သာဓု။ ငါကိုယ်တော်မြတ်သည် ပြည်သူပြည်သားတို့အား မဟာကရုဏာတော် ရှေ့ထား၍ ၎င်းတို့၏ ကျင့်ပုံ ကြံပုံတို့ကို တစ်စုံတစ်ရာမျှ အနှောင့်အယှက် မပြုလို၊ လွတ်လပ်ခွင့် ပေးချင်တယ် အမတ်မင်း။ များစွာလည်း ဝမ်းမြောက်တော်မူတယ်၊ မင်းတို့မည်သည် မင်း ပီရပေမည်၊ ပညာရှိတို့မည်သည် ပညာရှိ ပီရပေမည်၊ ထို့အတူ ဆင်းရဲသားတို့မည်သည် ဆင်းရဲသား ပီအပ်လှပေသည်။ ၎င်းတို့သည် ဘယ်သော အခါမျှ မကြီးပွားအပ် မချမ်းသာအပ်၊ ကံတရားအတိုင်း ဆင်းရဲစွာ နေကြပေစေ။ ၎င်းနောက် ပြည်တွင်း၌ အကုသိုလ်မှု ပေါ်များလင့်ကစား စေတီပုထိုး စည်ကားစွာ သာသနာတော် ထွန်းကားလျှင် အပြစ်မဆိုသာချေ။ အဘယ်ကြောင့်ဆိုသော် သာသနာတော် ထွန်းကားသည် ဆိုသည်မှာ ဘယ်သူ ဘာပဲဖြစ်ဖြစ် ထွန်းကားသည်သာ ပမာနဖြစ်သည်။ ၎င်းနောက် ရောင်းရေး ဝယ်ရေး ကိစ္စတွင် ဘာယာပြည်သားတို့သည် ဝယ်ယူသူသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ ကိုယ့်အမျိုး၏ မြတ်သောဂုဏ်ကို ချီးမြှောက်ကြပါစေ၊ ထို့အပြင် ရောင်းစားသည်ဆိုသည်မှာ သူတစ်ပါး၏ ငွေကြေးကို လိုချင်သောကြောင့် ဖြစ်သည်။ သို့ လိုချင်ခြင်းသည်လည်း လောဘကြောင့်ဟု ဆိုရမည်။ ထို့ကြောင့် ငါ၏ တိုင်းသူပြည်သားတို့သည် ထိုလောဘကြောင့် အပါယ် မလားသင့်ချေ။ နတ်ပြည်သို့ ရောက်နိုင်အောင် ပေးသူများသာ ဖြစ်ကြစေ၊ စာပေအတွက် ဆိုသည်မှာလည်း ဘာယာပြည်သားတို့သည် ကိုယ့်စာပေ ကိုသာ အရေးတယူပြု၍ သူတစ်ပါးဆီက ရောက်လာသော စာပေပညာ အရပ်ရပ်များကို မလိုက်စား၊ ဝါသနာ မပါ၊ မရှာဖွေ မစုံစမ်းကြသည်ကို သိရသဖြင့် ငါဘုရင် ဝမ်းမြောက်တော်မူတယ်။ အသစ် အသစ်သော ပညာ ရပ်များ၊ သူတစ်ပါး၏ ပညာရပ်များကို ချစ်ခင်သွားလျှင် မိမိ၏ စာပေ အဟောင်း၌ အချစ်ပေါ့သွားကြပေမည်။ ထို့ကြောင့် ဘာယာပြည်သားတို့ သည် ကိုယ့်စာပေ ပညာတစ်ခုကိုသာ မျက်စိစုံမှိတ်၍ အကောင်းဆုံး၊ အမြတ်ဆုံးဟု ထင်၍ အခြားစာပေ၊ အသစ်အသစ်သော စာပေတို့ကို အလကား စာပေ၊ သေးနုပ် သိမ်ဖျင်းသော စာပေများသာဟု တစ်ထစ်ချ မှတ်ယူပေစေ– အမတ်မင်း’

ထိုအခါ ဝန်တစ်စုတို့လည်း အလွန် ဝမ်းမြောက်ကြလေသည်။ သီရိကျော်ခေါင်လည်း ကျေကျေနပ်နပ်နှင့် လျှောက်တင်လိုက်ပြန်သည်မှာ–

‘မှန်လှပါ၊ ဘာယာပြည်ကြီးသည် ယခုအခါ ဘယ်ဘက်ကနေ ကြည့်ကြည့်၊ သူတစ်ပါး တိုင်းပြည်ထက်မက တာဝတိံသာ နတ်ပြည်ထက် ပင်လျှင် သာလွန်၍ ထူးကဲနေသဖြင့် ကမ္ဘာပင် ကြေသော်လည်း ဥဒါန်းမကြေ ဖြစ်နိုင်ပါကြောင်း ဘုရား’

‘ကောင်းပြီ အမတ်မင်း၊ သင်တို့ လျှောက်ထားချက်ကိုဖြင့် ငါ သိရပေပြီ။ သို့ရာတွင် ငါသည် လျှောက်ထားချက်ဖြင့် တင်းမတိမ်နိုင်၊ ငါကိုယ်တိုင် သိချင်လှသည်။ ဤယနေ့မှစ၍ ငါဘုရင်သည် ရုပ်ဖျက်၍ မြို့တွင်း၌ စနည်းနာတော်မူမည်’





ယင်းသို့ မိန့်တော်မူပြီးနောက် ဘာယာပြည့်ရှင်လည်း အတွင်းဆောင် သို့ ဝင်သွားလေသတည်း။ ညီလာခံလည်း အလိုလို ရုပ်စဲလေသတည်း။

## အခန်း (၂၂)

မဟာ ညီလာခံသဘင် ပြီးသည့်နောက် နှစ်ရက်မြောက်သော ညတစ်ည...။

[ ၁ ]

ဆင်းရဲသားများသည် ရှေ့သို့ တိုးတက်ခွင့်ကို မကြံစည်ဘဲ ဆင်းရဲသားပီသစွာ ကံတရားအတိုင်းသာ နေထိုင်ကြသော ဘာယာပြည်၊ ညစ်ညမ်းသော ဒုစရိုက်မှုတွေ ပုံးပေါလအောနှင့် စေတီပုထိုး၊ ကျောင်း ဇရပ်များ ဝါဝင်းလျက် နေသော ဘာယာပြည်၊ ရောင်းချခြင်း နည်းပါး၍ ဝယ်ယူခြင်းများသော သခင်မျိုး၊ အာဒိစ္စမျိုး ပီသကုန်သော ဘာယာပြည်၊ သဘာဝဓမ္မနှင့်တကွ လက်တွေ့မျက်တွေ့ စမ်းသပ်ဆင်ခြင်မှုတို့ကို သေးသိမ် ညံ့ဖျင်းသည်ဟု ထင်မှတ်စွဲယူလျက် ရှေးပဝေသဏီ လက်သုံးကျမ်းတို့မှသာ အကိုးအကား ပြု၍ ပညာကြီးကာနေသော ဘာယာပြည်။ ထိုသို့ ထိုသို့သော ဘာယာပြည် ကြီး၏ သခင်သည် မဟာညီလာခံ၌ ‘ဤယနေ့မှ စ၍ ငါဘုရင်သည် ရုပ်ဖျက်၍ မြို့တွင်း၌ စနည်းနာတော်မူမည်’ ဟု အမိန့်တော်မြွက် မှတ်တော် မူပြီးနောက် မိန့်တော်မူရင်းအတိုင်း စနည်းနာ ထွက်တော်မူခဲ့လေသည်။

ပထမည၌ အကြောင်းမထူး၊ ဖုန်အလိမ်းလိမ်း ပေကျံ၍ ချဉ်စော် နံကာ နန်းတော်သို့ ရွှေစကြာ ဖြန့်ခဲ့ရလေသတည်း။ အမွှေးနံ့သာ ခြေဆုံး ခေါင်းဆုံး လိမ်းကာ ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် အေးချမ်း သာယာစွာနေကြသော ဒေဝီကလေးများမှာ မင်းကြီးအား အလွန်တရာ သနားကြသဖြင့် ယုယကြလေသည်။

အချို့က ‘မောင်တော်ဖျာ၊ ဘာဖြစ်လို့ နွံ့နှောင်းလှသော ကိုယ်တော် ကို အပင်ပန်း ခံတော်မူပါသလဲ ဘုရား၊ ကိုယ့်ဘုန်းကိုယ့်ကံနှင့် အေးအေး



www.burmeseclassic.com

www.burmeseclassic.com



စံနေတော်မူနိုင်သားပဲ မဟုတ်လား။ ဘုရားကျွန်မတို့မှာ ကိုယ်တော်မြတ်နှင့် တစ်ဗီဇနာမျှ ခွဲခွာပြီး နေရသည်ကိုပင် အတိုင်းမသိ လွမ်းဆွတ်မိပါသည် ဘုရား' ဟု သံတော်ဦးတင်ကြသည်။

အချို့ကလည်း 'ကိုယ်တော်မြတ် တိုင်းပြည်အတွက် ကြိုးစားတော်မူရှာတယ်' ဟု မြည်တမ်းကြ၏။

အချို့ကလည်း 'ကိုယ်တော်မြတ် ပင်ပန်းလှပေပြီ၊ ဘယ်ဝင့်တော်များ ဆိုက်တော်မူနေပါလိမ့်' ဟု တီးတိုးကြလေသည်။

ယင်းသို့ လှပနွဲ့နှောင်းကြသော ဒေဝီတစ်ပြုံတစ်ခေါင်းကြီး၏ သနားချစ်ခင်ကြင်နာသော စကားများကို နားတော်တင်ရသော ပြည်ကြီးရှင်မှာ မိမိ ဘာမျှမပင်ပန်း၊ သိရိကျော်ခေါင်အမတ်သာ အပင်ပန်း ခံခဲ့သည်ကို သိတော်မူသော်လည်း မိမိကိုယ်ကို အလွန်တရာ သနားလာလေသည်။

"သြော်...ဒီ ဒေဝီကလေးတွေဟာ တယ် လှပချောမွေ့ကြတာပဲ၊ ဒီရတနာကလေးတွေနဲ့ တစ်ညတာမျှ ခွဲခွာ၍ တိုင်းပြည်၏ အခြေအနေကို စနည်းနာခဲ့သည်မှာ မှားလေခြင်း၊ ဝဏ္ဏပဒုံ မင်းသမီးကလေးဟာ မျက်ရည်ကျတော်မူရှာတယ်။ ဂန္ဓမာမင်းသမီးဟာဖြင့် ငါကိုယ်တော် နန်းတော်သို့ ရောက်လာ ရောက်လာချင်းပဲ ဖက်ပွေ့ပြီး ငိုပွဲတော်ကြီး ဆင်ယင်ရှာတယ်။ ခင်လေး၊ ခင်ပု၊ စုစု၊ စွာစွာတို့ကဖြင့် ငါကိုယ်တော်၏ ပုဆိုး ခါးပုံစကို ဆွဲကြရှာတယ်။ ဟယ်... ငါကိုယ်တော် နောင်ကို စနည်းနာ မထွက်တော့ပါဘူး၊ ဒေဝီတွေနဲ့ပဲ ကိုယ့်ဘုန်းကိုယ့်ကံအလျောက် စံစားပြီး နေတော့မယ်" ဟု တွေးတောပြီးနောက် ဘာယာပြည်ကြီးရှင်မှာ အပူကြီးပူ၊ အဆွေးကြီး ဆွေးကြရှာသော ဒေဝီကလေးများကို နှစ်သိမ့်စေပြန်သည်။ ဒေဝီကလေးများလည်း ရွှင်ပျ အားရကြပြန်၍ ကောင်းမွန်သော အာဟာရ ကျွေးမွေးခြင်း၊ နှံ့သာပန်းမန် လိမ်းကျံပေးခြင်း၊ ချိုသာသော စကားများကို ပြောကြားခြင်းတို့ဖြင့် မင်းကြီးအား ယုယကြသဖြင့် မင်းကြီးမှာ မဟာဧကရာဇ်မင်းတို့





ခံစားကြသော စည်းစိမ် ပင်လယ်ကြောဝယ် ပေါလော ပေါလောနှင့် မျောနေတော်မူပြန်သတည်း။

[ ၂ ]

ဒုတိယနေ့မှာ တစ်နေ့လုံး လိုလိုပင် စက်တော်ခေါ်ရာမှ ဘာယာပြည့်ရှင်မှာ လန့်၍ နိုးလာ၏။ တစ်ဖန် ထိုင်တော်မူကာ တွေဝေလျက်နေ၏။ ခေါင်းထဲ၌ ဝေမှုန်မှုံမော်လှ၏။ သို့ရာတွင် စက်တော်ပျော်နေစဉ်က မက်ခဲ့သော အိပ်မက်ကို စဉ်းစားလျက်နေသည်။ စဉ်းစား၍ 'ဒီလို ပျော်ပါးနေလို့လည်း မဖြစ်သေးဘူး၊ ရှင်ဘုရင်ဆိုသည်မှာ တိုင်းပြည်၏ ကြီးပွားရာ ကောင်းရာ မှန်ရာကို ဆောင်ရွက်ရမယ် တဲ့၊ အပင်ပန်းခံရမယ် တဲ့၊ တိုင်းသူပြည်သားတို့ကို သနားကရုဏာ ရှိရမယ် တဲ့၊ အပျော်အပါး မင်းစည်းစိမ် သက်သက်နဲ့သာ နေခြင်းသည် မိုက်မဲသတဲ့' ဟု တိုးတိုး မြည်တမ်း၍ မြင်းမိုရ်တောင်စွယ်၌ နေစွယ် ကျိုးကျသွားသည်နှင့် တစ်ပြိုင်နက် ဒေဝီများအား အသိမပေးဘဲ နန်းတော်မှ ရုပ်ဖျက်၍ ဆင်းသွားပြန်လေသတည်း။

[ ၃ ]

ဤတစ်ကြိမ်တွင် ဘာယာပြည်ကြီးရှင်သည် တစ်ကိုယ်တော်တည်း လှည့်လည်လာရာ ဘာယာမြို့၏ အစွန်းအနား ဘန်းနားဆားစုရပ်ကွက်ရှိ ထမင်းဆိုင်တစ်ခုသို့ ဆိုက်ရောက်လာရာ မောပန်းသေးသဖြင့် ဆိုင်ခုံပြင်ရှေ့တွင် ခေတ္တ နားနေတော်မူသည်။ အချိန်မှာ သူငယ်တို့အိပ်ချိန်သာသာပင် ရှိသေး၏။ ဘန်းနားဆားစုအရပ်ဖြစ်သဖြင့် လူအသွားအလာလည်း နည်းပါး၏။ တိတ်ဆိတ်ခြင်းသာလျှင် မင်းတစ်ဆူ မှုလျက် ရှိလေသည်။ ရုပ်ဖျက်လာသော ဘာယာသခင်လည်း နားနေရင်း ဆိုင်အတွင်းသို့ ကြည့်လိုက်လေသည်။

ဆိုင်တွင်း၌ ဆိုင်ရှင် အဘိုးအိုတစ်ယောက်အပြင် လူသုံးယောက် ရှိလေသည်။ ဆိုင်ရှင်မှာ ထမင်းအိုး ဟင်းအိုးများ အနီးတွင် ဆေးပေါ့လိပ်



www.burmeseclassic.com

www.burmeseclassic.com



အငွေ့ တခြောင်းခြောင်းဖြင့် ငြိမ်သက်စွာ နေသည်။ ဧည့်သည်တစ်ယောက်မှာ ကွမ်းဝါးလျက် ကြမ်းပေါက်တွင်းသို့ ကွမ်းတံတွေးကို ထွေးချလိုက်လေသည်။ ကွမ်းတံတွေးမှာ ကြမ်းပေါက်တွင်းသို့ ချောမောစွာ မကျဘဲ ကြမ်းတစ်ဖက်တွင် နီရဲပေကျံ သွားလေသည်။ သို့ရာတွင် ညဖြစ်သဖြင့် ကွမ်းတံတွေး ပေကျံသွားသည်ကို မည်သူမျှ ချက်ချင်း မသိကြပေ။ အခြားတစ်ယောက်မှာ ကွမ်းကို ယာလျက် ပါးစပ်ထဲသို့ သွင်းလိုက်၍ လက်ညှိုးများ၌ ကျန်ရစ်ခဲ့သောထုံးကို ခါးပန်းတွင် ပွတ်သပ်လိုက်ရာ ခါးပန်းတွင် ဖြူဖွေးသွားလေသည်။ သို့ရာတွင် ညဖြစ်သဖြင့် ထုံး ပေကျံသွားသည်ကို မည်သူမျှ ချက်ချင်း မသိကြပေ။ ၎င်းတို့ နှစ်ယောက်ကား ထမင်း စားသောက်ပြီးဟန် လက္ခဏာ တူပေသည်။ ကျန်တစ်ယောက်မှာ တင်ပျဉ်ခွေ၍ ထမင်းများကို စားလျက် နေသေးသည်။ စားရင်း နောက်ဆုံးတစ်လုတ်ကို မျိုချလိုက်ပြီးနောက်–

'ကိုင်း–အဘိုး၊ ဘယ်လောက် ပေးရမှာလဲ' ဟု ဆိုင်ရှင်အား လှမ်းမေးလိုက်လေ၏။ အဘိုးအိုလည်း တွက်ချက်၍ တန်ရာတန်ဖိုးကို ပြောလိုက်သောအခါ ထိုဧည့်သည်မှာ 'အလိုလေးလေး၊ ဈေးကြီးလှချည့်လား အဘိုးရဲ့' ဟု အလန့်တကြား ဆိုလိုက်ပြန်၏။

'ဟုတ်တယ် မောင်ရေ့၊ ဒီနှစ်တော့ မိုးခေါင်ရေရှားတော့ သစ်သီးဝလံများ မဖွံ့ဖြိုးကြဘူး၊ ဒီတော့ အဝယ် ရှားရှားပါးပါး ဝယ်ရပါတယ်'

'ဟုတ်ကဲ့၊ အဘိုးပြောတာလည်း မှန်ပါရဲ့၊ ဒီနှစ်တော့ အတော်ရှားပါးတာပဲ။ မင်းကလည်း ကျွန်တော်တို့ ဆင်းရဲသားများကို ချောင်လည်အောင် လုပ်ပေးဖို့ဖြင့် စိတ်မကူးပေဘူး၊ ဆင်းရဲသားများရဲ့ ကံကြမ္မာအတိုင်းထားတာပဲ။ မိုးခေါင်ရင် ရေကန်ဆည်မြောင်းများ ဖောက်ပေးဖို့ ကောင်းတယ်မဟုတ်လား။ ဩော်…ဆန်စပါးသာ ရှားပါးတယ်၊ သူတောင်းစားကတော့ဖြင့် ပေါလျက်ပဲ မဟုတ်လား အဘိုးရဲ့' ဆိုကာ ရုပ်ဖျက်ထားသော ပြည်ကြီးရှင်အား လက်ညှိုးညွှန်၍ ပြလိုက်လေ၏။ ထိုအခါ ပြည်ကြီးရှင်မှာ အတော်





တုန်လှုပ်သွား၏။ ဒေဝီကလေးတွေကို ပြေး၍ သတိရတော်မူလိုက်သေး၏။

တစ်ဖန် အဘိုးအိုက…'ကံပေါ့ မောင်ရာ၊ အဘိုးတို့လည်း အဘိုးတို့ကံအတိုင်းပါ၊ သူတောင်းစားလည်း သူတောင်းစားရဲ့ ကံအတိုင်းပေါ့။ သူတို့ရှိလို့လည်း အဘိုးတို့မှာ တစ်ဆုပ်တစ်ခဲ နည်းများမဆို ပေးရကမ်းရ လှူဒါန်းရသပေါ့။ ဟဲ့–ရော့ ရော့၊ လာယူလှည့်' ဟု ဆိုကာ သူတောင်းစားဟု အမှတ်ခံရသော ပြည့်ရှင်အား ခေါ်လေ၏။ ပြည့်ရှင်လည်း ထမင်းဆိုင်မှ စကားကို ကြားလိုသေးသဖြင့် ပေးကမ်းသော ထမင်းကိုယူကာ မနီးမဝေး၌ နေပြန်၏။

တစ်ဖန် ထိုလူလည်း ပြုံးလျက် 'အဘိုး အခု ထမင်းဆိုင်အလုပ်နှင့် အသက်မွေးလာတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးပြန်၏။

'အဘိုးရဲ့ ဘိုးဘေးက ဆင်းသက်ပြီး ဒီအလုပ်နဲ့ပဲ အသက်မွေးလာပါတယ်'

'ဩော်–ဒါဖြင့် နှစ်ပေါင်း ပရိစ္ဆေဒ ကြာပါပကောလား၊ အဘိုးတို့ရဲ့ ဆွေမျိုးရဲ့ကံနှယ် သိမ်လှချည်လား။ အဘိုးဟာ အခုထက် ချမ်းသာလာပြီး အခု သူတောင်းစားကို လှူဒါန်းရတာထက် ပိုပြီး မလှူဒါန်းချင်ဘူးလား'

'လှူဒါန်းချင်ပေါ့ မောင်ရာ'

'အဲ…အဲ… ဒီလိုဆိုရင်ဖြင့် ပစ်ချရာ ဘဝကံ တစ်ခုတည်းမှာသာ ယုံပြီး ဝပ်နေလို့ ဘယ်ပြီးမလဲ၊ ကြံရဖန်ရ အားထုတ်ရဦးမှာပေါ့ ဘိုးရဲ့'

'ဒါတော့ အသိသားပေါ့ မောင်ရ၊ ဆင်းရဲသားဟာ အစဉ်တစေ ဆင်းရဲနေမယ်ဆိုတာဟာ ဘယ်တရားတော့မှာလဲ။ သို့သော်လည်း တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်တဲ့သူတွေက ဖွင့်ပေးသင့် ကူညီသင့်တဲ့ လမ်းတွေကို ဖွင့်မပေးဘဲ ဒီဆင်းရဲသားတွေဟာ ဘယ့်နဲ့လုပ် တိုးတက်လာမှာလဲ'

'မှန်လိုက်တာ အဘိုးရေ့၊ သူတို့ကတော့ စည်းစိမ်ချမ်းသာကြီးနဲ့ နေကြပြီး ကျွန်တော်တို့ ဆင်းရဲသားတွေကိုတော့ ဘာမျှ ပြန်မကြည့်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ လူလူချင်း အတူတူပါပဲ၊ နို့ပေတဲ့ အခုနေအတိုင်းသာဆိုရင် ကျွန်တော်တို့ ဆင်းရဲသားများမှာလည်း ဆင်းရဲလို့မဆုံး ဖြစ်တော့မှာပဲ။ သူတို့ ထီးနန်းရှင်များမှာလည်း ထီးတွေနန်းတွေနှင့် ချမ်းသာလို့မဆုံး ဖြစ်တော့မှာပဲ၊ ဘယ့်နှဲ့သဘောရသလဲ မိတ်ဆွေတို့' ဟု ဧည့်သည်နှစ်ယောက်အား လှမ်းမေးလိုက်ပြန်၏။

ထိုအခါ ကောင်းကင်မှ လမင်းသည် ခါတိုင်းထက် ထွန်းလင်း၍ လာလေသည်။

အမေးခံရသူ နှစ်ဦးလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မကြားဝံ့သော လက္ခဏာဖြင့် သုတ်သီးသုတ်ပျာ ဆင်းပြေးကြလေ၏။

ထိုအခါ ထွန်းလင်းလျက်နေသော လမင်းလည်း တိမ်ပုပ်များ အအုပ်ခံရသဖြင့် တိမ်အကွယ်တွင် ပျောက်သွားပြန်သတည်း။

ပြည့်ရှင်မင်းလည်း ထိုကဲ့သို့ အပြန်အလှန် ပြောကြသော စကားကို ကြားတော်မူသောအခါ စိတ်မသာမယာဖြစ်၍ တိုင်းသူပြည်သားများအား သနားတော်မူလာလေသည်။ သနားတော်မူပုံမှာ "သြော်...ငါ၏ တိုင်းသူပြည်သားများဟာ အလိမ္မာချင်သားနှင့် မိုက်ကြတယ်၊ တစ်နှစ်လောက်ပင် မိုးခေါင်ရေရှားသဖြင့် ခေါင်သော မိုး၊ ရှားသော ရေကိုတော့ အပြစ်မတင်၊ အာဒိစ္စနေမျိုး ပီသစွာ တာဝတိံသာ ယာမာ တုသိတာပြည်များကပင် ငါ့အား ခန့်ညားရှိသေအောင် တင့်တယ်ယဉ်ကျေးခြင်း အမျိုးမျိုး၊ ထီးနန်းအဆောင်ဆောင်၊ မိဖုရားများစွာ၊ ဘွဲ့ရသောစာဆို ပညာရှိပေါင်းများစွာ၊ ရွှေဖြင့်ဝါဝင်းသော စေတီပုထိုးပေါင်း များစွာတို့နှင့် သိုက်မြိုက်စွာ ခံစားခဲ့သော ငါ ပြည့်ရှင်ဘုရင်ကိုသာ အပြစ်တင်ကြတာပဲ။ သြော်...ငါ၏ တိုင်းသူပြည်သားများဟာ အထင်လွဲကုန်ကြပြီ။ အထင်လွဲတဲ့အတိုင်း သင်းတို့ထင်ရာ လျှောက်လုပ်နေရသဖြင့် ငါ သင်းတို့ကို မသတ်ချင်ဘဲနဲ့ သတ်ဖြတ်ညှဉ်းဆဲရတော့မယ်။ သြော်...သနားစရာ သနားစရာ"





ဤသို့လျှင် ဘာယာပြည့်ရှင်သည် တိုင်းသူပြည်သားများ အပေါ်၌ မဟာကရုဏာတော် ဖြစ်ဘိ၏။ သို့ဖြစ်ပြီး၍ ထိုလေးလံသော မဟာကရုဏာတော်ကြီးကို သာမည ဘုရင်များ မခံစားကြသော ပင်ပန်းခြင်းမျိုးဖြင့် ဆောင်ရွက်၍ နန်းတော်သို့ ပြန်ကြွလာလေသတည်း။

[ ၄ ]

ပြည့်ရှင်မင်းလည်း ရွှေမြို့တော်အနီးသို့ ချဉ်းကပ်လာသဖြင့် လှမ်းမျှော်၍ ရှုစားတော်မူလိုက်ရာ နန်းဘုံအဆောင်ဆောင်မှ အလင်းတို့ကို မြင်ရလေ၏။ ထိုဘုံအဆောင်ဆောင်တို့ကား ဒေဝီကလျာကလေးများ၏ ဘုံအဆောင်ဆောင်များပင်တည်း။ ပြည့်ရှင်မင်းလည်း တစ်စုံတစ်ခုကို သတိရသည့် လက္ခဏာဖြင့်–

"အင်း ...ငါကိုယ်တော် ဤဘာယာနန်းကို သိမ်းမြန်းစဉ် အခါကလည်း ငါ့အား မနာလို ဝန်တိုကြသော တိုင်းသူပြည်သားအချို့ ပေါ်လာခဲ့ပေတယ်။ ငါကိုယ်တော်မြတ်ကို လက်အောက်ခံ စော်ဘွား၊ မြို့စား၊ ပဒေသရာဇ်မင်းများ၏ သမီးတော်များကို အများအပြားယူ သိမ်းပိုက်ရမလားလို့ အပြစ်တင်ကြတယ်။ ငါကိုယ်တော်ကတော့ လက်အောက်ခံ နယ်ပယ်များ သူပုန်မထကြွနိုင်အောင်၊ ဘာယာနန်းကို ဦးခိုက်နေကြရအောင်၊ လက်အောက်ခံ နယ်စားများရဲ့ သွေးသား သမီးတော်၊ နှမတော်များကို မယားဒေဝီအဖြစ်ဖြင့် ချီးမြှင့်ထားတာကိုတော့ သင်းတို့ မသိဘူး။ သင်းတို့ကတော့ ငါဘုရင်ကို တိုင်းပြည်နယ်ပယ် ငြိမ်ဝပ်ပိပြားအောင် အခြား ကောင်းသော နည်းသစ်၊ စနစ်သစ်များကို ရှာတော်မူပါလား တဲ့။ တယ်... သင်းတို့ တတ်ကြတယ်၊ ငါဘုရင် ပြည့်ရှင်ကိုပင် မနာလိုကြတာပဲ။ ဒီ မနာလိုသူတွေအတွက်တော့ အဆုံးစီရင်ပြီးလို့ အေးချမ်းပါပြီ။ ဟော... အခု မနာလိုတဲ့ လူတစ်ဦးကတော့ ထမင်းဆိုင်မှာ တွေ့ခဲ့ပြန်ပြီ။ ငါဟာ သင်းကိုလည်း သတ်မထချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်ရင် သူတစ်ယောက်အတွက် အခွန်ဘဏ္ဍာ လျော့သွားပေဦးမယ်။ ငါကိုယ်တော် သင့်အပေါ်မှာ ကရုဏာလည်း ရှိတယ်။ အင်း... တစ်နည်းနည်းတော့ ကြံဦးမှပဲ” ဟု ညည်းညူတော်မူရာ၍ နန်းတော်သို့ ဝင်သွားလေသတည်း။

[ ၅ ]

နောက်တစ်နေ့နံနက် ညီလာခံတွင် ဘုရင်မင်းမြတ်လည်း ကိုယ့်ဘုန်း ကိုယ့်ကံအလျောက် စားသောက်ပြီးနောက် သီရိကျော်ခေါင်အမတ်ကြီး တစ်ပါးနှင့်သာ တိုင်ပင်ပြောဆိုလေသည်။

သီရိကျော်ခေါင်လည်း အလုံးစုံကို ကြားသိရသောအခါ–

‘မှန်ပါ ... ဒီ သူတစ်ယောက် အတွက်နဲ့ စိုးရိမ်တော်မမူပါနှင့် ဘုရား။ ယခုအခါ ဆင်းရဲသားများ ရတ်ခြည်း အလိုရှိကြသော ရေမြောင်း၊ ဆည်ကန်တို့ကို ဖောက်ပေးတာပေါ့ ဘုရား။ ဘာယာပြည်သူ ဆင်းရဲသားတို့၏ သဘောမှာ ရာဇဂိုဏ်းကို အလွန်တရာ ကြောက်တတ်၍ ၎င်းတို့ဘာသာ တစ်ဝမ်းတစ်ခါး စားရသောက်ရလျှင် အေးအေးဆေးဆေး နေတတ်လေ့ရှိကြပါသည်။ ဆည်မြောင်း ချောင်းကန်များကို ဖောက်ပေး၍ ၎င်းတို့ ရှင်လန်းနေလျှင် ၎င်းတို့၏ တိုးတက်ရေးကို အိပ်မက်မျှ မက်ကြမည် မဟုတ်ပါ။ ဤအခိုက်တွင် ကိုယ်တော်မြတ်၏ ဘုန်းကံ၌ ပိုမို၍ သက်ဝင်ယုံကြည်လာအောင်၊ ၎င်းတို့ကိုယ်ကို ၎င်းတို့ အထင်အမြင် သေးသိမ်လာအောင် စီမံရတာပေါ့ ဘုရား’ ဟု သံတော်ဦး တင်လိုက်လေ၏။

‘ဘယ်လို စီမံမလဲ မောင်မင်း’

‘မှန်လှပါ၊ လူသတ္တဝါတို့၏ သဘောတစ်ခုမှာ ၎င်းတို့သည် အယုံအကြည်တရားကို အမှီပြု၍ ကိုယ် နှုတ် နှလုံးကို ကျင့်သုံးတတ်ကြောင်းပါ ဘုရား။ ထို့ကြောင့် အယုံအကြည်တရားကို ထပ်မံ၍ ပြုပြင်ပေးဖို့ လိုပါကြောင်း ဘုရား’





‘ဘယ်လို ပြုပြင်မလဲ မောင်မင့်’

‘မှန်လှပါ၊ ဘာယာပြည်သားတို့သည် စာပေပရိယတ်ကို လွန်စွာမြတ်နိုးကြပါသည်။ ၎င်းတို့သည် စာပေ အရေးအသား ဟူသမျှ အကုန်အမှန်ချည်း ဖြစ်ရမည်၊ ရေးဟောင်းဟူသမျှ အကုန် လိုက်နာအပ်သည်ဟု ထင်ကြပါသဖြင့် ပြည့်ရှင်မင်း၏ ဂုဏ်ကို မိုးထိအောင် မြှောက်မြှင့်၍ ဘာယာပြည်၏ အတ္ထုပ္ပတ္တိကို ရေးသားလျှင် ဘာယာပြည်သားတို့၏ စိတ်၌ ကိုယ်တော်မြတ်အပေါ်တွင် ထပ်မံကာ ယုံကြည်ကိုးစားလာ၍ မိမိတို့ကိုယ်ကို မိမိတို့ အားမကိုးချင်ဘဲ ဖြစ်လာပါလိမ့်မည် ဘုရား’

‘မှန်ပေတယ်–မောင်မင့်၊ သူတစ်ပါးကို အားကိုး၍ နေသမျှဖြင့် အကြံတုံး ဉာဏ်တုံး ဖြစ်ပြီး ၎င်းတို့၏ တိုးတက်ရေးကို အိပ်မက်မျှ မက်နိုင်ကြမည် မဟုတ်ပေဘူး မောင်မင့်’

‘မှန်လှပါ၊ ဘာယာပြည်၏ အတ္ထုပ္ပတ္တိ ရေးသားရာတွင် (၁) ဘာယာပြည့်ရှင်မင်းများသည် မိုးပေါ်က ကျလာသူများ၊ နေမျိုးအာဒိစ္စများ၊ သို့မဟုတ် နဂါးက မွေးဖွားလာကြောင်း၊ ဥက ပေါက်လာကြောင်းများကို အရေးတကြီး ရေးသားရမည်။(၂) ၎င်းတို့သည် တိုင်းသူပြည်သားကို မစစ်ဆေးဘဲ သတ်ပိုင်သည်၊ ထင်ရာပြုနိုင်သည် ဟူ၍ ရေးရမည်။ (၃)ပြည်သူ ဆင်းရဲသား အကြောင်းများကို အရိပ်အငွေ့မျှ မထည့်သွင်းရ။ (၄)နောက်ဆုံး အချက်တစ်ခုမှာ ငါ့မင်းသာလျှင် တန်ခိုးကြီးသည်၊ ငါ့အမျိုးသာလျှင် မြတ်သည်၊ ငါ့စာပေသာ ပညာပါသည် ဟူသော (ငါ)တည်းဟူသော ဝံသာနု တရားသဘော ပါအောင် ရေးရပါမည် ဘုရား’

‘ကောင်းလှပြီ မောင်မင့်၊ နက်ဖြန် နံနက်ကစ၍ ပညာရှိများနှင့် တိုင်ပင်၍ ရေးသားရမည်’

ဘာယာပြည့်ရှင်လည်း ယင်းကဲ့သို့ လေးနက်သော အမိန့်တော် ထုတ်ပြန်၍ ညီလာခံ စဲလိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)
## နိုးကျွေးကိုယ်ပေါ်လာခြင်း

[ ၁ ]

ဘာယာပြည်၏ အတ္တုပ္ပတ္တိကို ရှင်ရှင်လူလူ ပညာရှိတို့ စီမံရေးသားကြသည်မှာ ခြောက်လမျှ ကြာခဲ့ပေပြီတကား။ ဘယ်ကဲ့သို့သော စာအုပ်မျိုးဖြစ်မည်မသိ။ ထိုခြောက်လ အတွင်းတွင် ဘာယာပြည့်ရှင်နှင့်တကွ မင်းမှူးမတ် ပညာရှိ သုခမိန်အပေါင်းတို့သည် နန်းတွင်းနန်းပြင်ဝယ် ပျားပန်းခပ်သကဲ့သို့ ရှုပ်ထွေးသွားလာလျက် နေခဲ့ကြ၏။ ပိုးပုရွက်များကဲ့သို့လည်း မနားမနေ အလုပ်လုပ်ခဲ့ကြ၏။ အချို့တို့မှာ စာဟောင်းပေဟောင်းများကို လှန်လှောရှာဖွေ၍ အမှတ်အသားများကို စုံစမ်းကြလေသည်။ အချို့တို့မှာ စာအုပ်၏ ရည်ရွယ်ချက်ကို အထမြောက်အောင် စဉ်းစားခန်း ဝင်ကြလေသည်။ အချို့တို့ကား ပေကညစ် အစုံဖြင့် ရေးသားကြလေသည်။ အားလုံးအလုပ်နှင့်လက် မပြတ် ဖြစ်ခဲ့ကြသတည်း။

ယခုအခါတွင် ခြောက်လလည်း ကုန်ဆုံး၍ စာအုပ်လည်း ပြီးစီးသဖြင့် ဘာယာပြည်တွင်း၌ ပြည့်ရှင် ဘုရင်ကိုယ်တော်တိုင် ကြီးကြပ် ပြင်ဆင်သော ထိုစာအုပ်ကို ကြော်ငြာလေသတည်း။ ကြော်ငြာသော နေ့၌ကား ဘာယာပြည်၌ မဖြစ်စဖူး တဆန်းတထူး ဖြစ်လေသည်။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ဘာယာစည်တော်ကြီးကို အချက်ပေါင်းများစွာ တီးခတ်သဖြင့် ဘာယာတစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဆူညံလေသတည်း။ ဘာယာပြည် အတ္တုပ္ပတ္တိစာအုပ်၏ တစ်ခဲနက်သော အသံကြီးပင် တကား၊ ဘာယာပြည်သူပြည်သားတို့၌ စိတ်နှလုံး တုန်လှုပ်ချောက်ချားစရာပင် တကား။ အတန်ကြာလျှင် နန်းတော်တံခါးဝမှ လက်နက် လေးမြား၊ လှံ၊ ဓား၊ ကာလွှား၊ ဒိုင်းတို့ကို ကိုယ်စီ ကိုင်ဆောင်လျက် ခြေလျင်စစ်သည်တော်တို့ ထွက်လာကြကုန်၏။ ၎င်းတို့၏ နောက်မှ တံခွန်





ကုက္ကားတို့ကို တလူလူလွင့်လျက် မြင်းသည်တော်များလည်း ထွက်လာပြန်သည်။ ၎င်းနောက် ပြာသာဒ်များဖြင့် တင့်တယ်ကြသော ဆင်တပ်လည်း ခမ်းနားစွာ၊ လေးကန်စွာ တလှုပ်လှုပ်နှင့် ထွက်လာပြန်သတည်း။ ထိုဆင်တပ်၏နောက်မှ ဘာယာပြည် အတ္တုပ္ပတ္တိ ပေထုပ်ကြီးသည် ရတနာအမျိုးမျိုးဖြင့် ထိန်လျှံဝင်းပလျက် ကနက္ကဒါန်ထီးအောက် ဆင်ဖြူတစ်စီး၏ ကျောပေါ်တွင် တင်ကာ လိုက်ပါလာလေသတည်း။ ထိုဆင်ဖြူ၏ ဘေးပတ်ရံတွင် သုခမိန်တို့ကား ဝတ်ဖြူစင်ကြယ်များကို ဝတ်ဆင်၍ ယပ်များကို ကိုင်ဆောင်လျက် လိုက်ကြလေသည်။

[ ၂ ]

ယင်းသို့ ခမ်းနားသိုက်မြိုက်စွာ ပေထုပ်ကြီး လှည့်သွားရာ လမ်းတစ်လျှောက်တွင် ဘာယာပြည်သားတို့သည် ဦးညွှတ်၍မဆုံး၊ ဦးခိုက်၍မဆုံး ရှိကြလေသည်။ ပေထုပ်ကို မြင်လျှင် မရှိသေသူ မရှိ။ ခမ်းနားသော အခြွေအရံ၊ မြင်း ဆင် လှံ ဓား ကာလွှားတို့ အခြွေအရံဖြင့် လှည့်လည်၍လာသည်ကို အံ့အားသင့်၍ ငေးမောနေသော ကလေးသူငယ်များကိုပင် ၎င်းတို့၏ မိခင်ဖခင်တို့က ဦးနှိမ်ကြစေသည်။ ဝပ်တွားကြစေသည်။ ကလေးတို့လည်း လက်ဦးတွင် ဘုမသိ ဘမသိ ဦးနှိမ်ကြလေသည်။ သို့ရာတွင် နောင်အခါ၌ လူကြီး ဖြစ်လာကြဦးမည့် ထိုကလေးတို့သည် ထိုဘာယာပြည် အတ္တုပ္ပတ္တိ ပေထုပ်ကို မြင်တိုင်း ဦးနှိမ်ကြတော့မည်တည်း။ ပေထုပ်ကိုမြင်လျှင် လက်ယှက်ချင်သောစိတ်များ ပေါ်ပေါက်ချင်ကြတော့မည်တည်း။

[ ၃ ]

ထိုပေထုပ်လည်း အစဉ်အတိုင်း မြို့ပြင်လေးရပ်၌ လှည့်လည်ရင်း အများပြည်သူတို့၏ ဝပ်တွားဦးနှိမ်ကြသော ဦးခေါင်းများကို ခန့်ညားစွာ ရှုစား လျက် နန်းတော်သို့ ဝင်လေသတည်း။ နန်းတော်သို့ ဝင်သည်နှင့် တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



ဘာယာပြည် ရာဇဝင်၌ အနှုန်းတွင်လောက်အောင် အကြုံကြီးတစ်ခု ကြုံလေတော့သည်။

ငှင်းကား ငလျင်ကြီး သည်းစွာ တုန်လှုပ်လေသည်။ အနောက်ဘက်တစ်ခွင်တွင် တိမ်နီတို့သည် ပျံသန်းလေသည်။ နေမင်းလည်း လင်းတစ်ခါ မှိန်တစ်လှည့်နှင့် မျက်တောင်ခတ်လေသည်။ ကြယ်တာရာတို့လည်း ကောင်းကင် အလုံးဝယ် ဗရုန်းသုန်းကား ဖြစ်ကြလေသည်။ ပန်းနီနီတို့သည် မိမိတို့ဘာသာ မပွင့်ဘဲ ဘာယာထီးပြာသာဒ်ဘက်သို့ တညီတညွတ်တည်း ဦးခိုက်၍ ပွင့်ကြသည်။ ပန်း ပြာပြာ၊ ဝါဝါ၊ ဖြူဖြူ၊ စိမ်းစိမ်း တို့ကလည်း ထိုနည်းအတူပင် ပွင့်ကြလေသည်။

ယင်းကဲ့သို့ တောတောင်ရေမြေတည်းဟူသော သြကာသ လောက တစ်ခုလုံး ချောက်ချားနေစဉ် သတ္တလောကကြီးကလည်း အငြိမ်မနေ၊ ကျွမ်းထိုး မှောက်ခုန်ဖြစ်လျက် နေသည်။ ဘာယာနန်းတော်ကြီးမှတစ်ပါး အခြား အိမ်အပေါင်းတို့သည် သွက်သွက်ခါ တုန်လှုပ်ကြလျက် ဘာယာနန်းတော်ဘက် တူရှုသို့ ယိုင်၍ နေကြသည်။ မည်သည့်အိမ်မျှ မိမိ၏ တိုင်များပေါ်တွင် မတ်မတ်မားမား မတည်ကြတော့ချေ။ ဘာယာပြည်သားတို့သည်လည်း လက်ဦး၌ အထိတ်တလန့် ဖြစ်ကြသည်။ သို့ရာတွင် ချက်ချင်းပင် လန့်ဖျပ်သော စိတ်တို့သည် ရွှင်လန်းဝမ်းမြောက်သော ဘဝကို ကူးကြလေသည်။ အချို့တို့သည် လက်ပန်းပေါက်ခတ်၍ 'ငါတို့၏ပြည်သည် တန်ခိုးကြီးတော့မည့် တကား။ ငါတို့ပြည်ကို ဘယ်ပြည်သည် လက်ဖျားနှင့် တို့နိုင်တော့အံ့နည်း' ဟု ကြုံးဝါးကြွေးကြော် ကြလေသည်။ မြေကြီး တုန်လှုပ်သောကြောင့် အိမ်တို့လည်း တုန်လှုပ်ကြသဖြင့် ထမင်းအိုး ဟင်းအိုးများ ပြိုကွဲ ပျက်ပြားကုန်ကြသော်လည်း ဘာယာပြည်သားတို့သည် ဘာယာပြည်ကြီး တန်ခိုးကြီးတော့မည်၊ ဘာယာပြည့်ရှင်မင်း ဘုန်းကြီးတော့မည်၊ ဘာယာပြည်ကြီး အတုမရှိ စသော အမြော်အခေါ် အတွေးအလွမ်းများကို မြော်ခေါ် တွေးလွမ်း၍ အလိုလို စိတ်ထဲ၌ အရသာ ရှိကြလေသည်။ အိမ်တစ်အိမ်တွင်





ပေထုပ် အခမ်းအနားကို ကြိုဆိုရန် လေထဲ၌ လွင့်တင်ထားသော တံခွန်တိုင်သည် ယိုင်လဲပြိုကျ၍ အနားက လူသုံးလေးယောက်၏ ဦးခေါင်းများကို ရိုက်ခွဲလိုက်သော်လည်း ထိုလူသုံးလေးယောက်သည် ပြုံးပြုံးကလေး သေလိုက်ကြလေသည်။ ဤမျှလျှင် အသက်ကို ပမာဏ မပြု၊ ဘာယာပြည် အတုမဲ့မည်၏ နိမိတ်၏ အာရုံကို ခံစားကြလေသည်။

ဘာယာပြည်သူ လူသားများသာလျှင် တက်ကြွကြသည် မဟုတ်။ ဥသြငှက်များလည်း မိမိတို့ဘာသာ သာယာစွာ အော်မြည်လျက်နေသော မိမိတို့၏ သီချင်းကို ရပ်စဲလျက် ဘာယာနန်းတော်ဘက်သို့ တောင်ပံများကို ယှက်ကာ ကန်တော့ ဦးနှိမ်ကြလေသည်။ ဓားကွက်များလည်း နေ့ခင်းကြောင်တောင် သြောင်ခေါင်းဖျားမှာ ဦးခေါင်းများကို ပြု၍ တွန်မြည်ကြသည်။ ယုတ်စွာ့အဆုံး နွားခြေရာကွက်ထဲ၌ ဝပ်နေကြသော ဖားသတ္တဝါများပင် 'ငါနေသော ဤရေကွက်သည် ဤစကြဝဠာ၌ အကြီးဆုံးသော သမုဒ္ဒရာပါတကား' ဟု ကြိမ်းဝါးကြလေသတည်း။

[ ၄ ]

ယင်းသို့ ဘာယာပြည်ရှိ သြကာသလောကရော၊ သတ္တလောကရော ကသောကမျော တုန်လှုပ် ချောက်ချားပြီး၍ အတန်ကြာကာလ တောင်ဘက်မြို့ရိုးမှ မှိုင်းအုံ့၍ လာလေသတည်း။ ဘာယာပြည်သားတို့လည်း ဒုတိယအကြိမ် ထူးဆန်းလာပြန်သည်ကို အံ့သြချင်ကြသေးသဖြင့် အိမ်မှ ကိုယ်စီကိုယ်ငှ ထွက်၍ ကြည့်ကြပြန်သတည်း။ ထိုမှိုင်းအုံ့သော အရာဝတ္ထုလည်း ပြင်းပြသော လေအဟုန်ကိုပြုကာ ဘာယာပြည်ဘက်သို့ တဖြည်းဖြည်း နီးကပ်လာလေသတည်း။

အတန်ကြာလျှင် မြို့ရိုးကို ခုန်ကျော်၍ ဝင်လာလေသတည်း။ ထိုအရာဝတ္ထုကား အခြား မဟုတ်၊ မြင်းနှင့် ၎င်း၏ မြင်းစီးသူရဲတို့ပင် ဖြစ်လေသည်။ မြင်းမှာ ဘာယာပြည်သားတို့၏ အိမ်တစ်လုံးစာလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အရောင်ကား ဆွတ်ဆွတ်ဖြူဖွေးသောအရောင် ဖြစ်သည်။ အလွန်တောင့်တင်းခိုင်မာသော ကိုယ်ကာယလည်း ရှိသည်။ မျက်လုံးများမှာ ခက်ထန်လှလေသည်။ ဆတ်သော အမူအရာလည်း ရှိလေသည်။ မြင်းစီးသူရဲမှာလည်း ဘာယာပြည်သားထက် အဆသုံးဆယ် ကြီးမားလေသည်။ မည်းနက်သော ကမ္ဗလာကို ခြုံလျက် ရှိလေသည်။

ဘာယာပြည်သားတို့လည်း မိမိတို့ထက် အဆမတန် ကြီးမားကြသော မြင်းနှင့် မြင်းစီးသူရဲကို မြင်ကြသောအခါ ထိတ်လန့်ကြ၍ တုတ်ဓား လက်နက်တို့ကို ကိုင်ဆွဲလျက် ဝိုင်းလာကြလေသည်။ မြင်းလည်း မားမားမတ်မတ် မတ်တတ်ရပ်လိုက်ပြီးလျှင် အမြီးကို ခတ်လိုက်ရာ ဘာယာပြည်သား သုံးဆယ်လောက်မှာ မြင်းမြီးကို မခံရပ်နိုင်ဘဲ လဲ၍ သေကြလေသတည်း။ တစ်ဖန် မြင်းလည်း အသက်ကို ရှူထုတ်လိုက်ပြန်ရာ အခိုးတို့သည် ဘာယာပြည်သား တစ်ဆယ့်ငါးယောက်လောက်ကို တိုက်လွင့်လိုက်ပြန်သတည်း။ မြင်းစီးသူရဲမှာကား မြင်းပေါ်တွင် ခန့်ညားစွာ တိုင်လျက်နှင့်ပင် ဇက်ကို ချုပ်တင်းလိုက်သဖြင့် မြင်းလည်း ငြိမ်သက်၍ သွားလေသတည်း။

ဘာယာပြည်သားတို့လည်း မတွေ့စဖူး ဤလူထူးနှင့် မြင်းထူးကို ရန်မူရန် အားလျှော့၍ လွတ်လပ်ရာသို့ ပြေးကြတော့မည် ပြင်ဆင်ကြရာ ထိုမြင်းစီးသူရဲလည်း ကမ္ဗလာနက်ကို မဖွင့်သေးဘဲ ပြေးမည်ပြင်နေသော ဘာယာပြည်သားတို့အား လက်ယပ်ခေါ်၍ 'အို–အချင်းတို့၊ ငါကား အသင်တို့ ဦးတိုက်ကြသော ဘာယာပြည်၏ အတ္တပ္ပဒတ္တိပေထုပ်က ဆင့်ခေါ်လိုက်သဖြင့် ယခု ရောက်လာရသည်တကား။ ရှောင်ရှား၍ မသွားကြနှင့်၊ ငါနှင့် တကွ ငါ့မြင်းတော်၏ စွမ်းအားသည် အသင်တို့အတွက် ဖြစ်ပေသည်' ဟု မင်္ဂလာမော်ကွန်း နှုတ်ဘိသိက် သွန်းလိုက်လေသတည်း။

[ ၅ ]

ဘာယာပြည်သားတို့လည်း အတန်ငယ် တန့်ရပ်လျက် စကားမေးမရ ဖြစ်ပြီးမှ သတိရပြန်၍ ထိုထူးခြားသော မြင်းဖြူဖြူနှင့် မြင်းစီးသူရဲ မည်းနက်နက်





အနီးသို့ ချဉ်းကပ်လာကြ၏။ ထိုအခါ မြင်းစီးသူရဲလည်း မည်းနက်သော ကမ္ဗလာကို လှပ်လေ၏။ ကမ္ဗလာ မည်းနက်၍ ကြောက်စရာကောင်းသလောက် မြင်းစီးသူရဲမှာ လှပသော အဆင်းဖြင့် ပြည့်စုံ၍ ချစ်စရာကောင်းလေသည်။ ဘာယာပြည်သားတို့ မျက်လုံးပြူး၍ အံ့အားသင့်ကြပြန်သတည်း။

မြင်းစီးသူရဲမှာ ပိတုန်းရောင် သျှောင်တစောင်းဖြင့် တင့်တယ်လျက် လဝန်းကဲ့သို့ ကြည်လင်သော မျက်နှာလည်း ရှိလေသည်။ ကိုယ်ဝယ် ဝင်းပသော စလွယ်လည်း ရှိသည်။ ယာဘက်လက်ဝယ် သံလျက်ကို စွဲကိုင်ထား၏။ ခါးဝယ် နတ်ပုဆိုးဟု ခေါ်ဝေါ်သော တိမ်မီးခိုးရောင် ပုဆိုးကို ဆီးလျက် ထားလေသည်။

'အို–အချင်းတို့၊ ငါကား ဘာယာပြည့်ရှင်၏ ရှေးဘဝက သားရတနာတည်း။ ရှေးဘဝက အသင်တို့၏ ဘာယာပြည့်ရှင်သည် နေနတ်သားတည်း၊ မိဖုရားကား ရေနဂါးမတည်း။ ၎င်းတို့ သင့်မြတ်ကြသဖြင့် အခါတစ်ပါး၌ ရေနဂါးမတွင် ဥတစ်လုံး ပေါက်လာ၏။ ထိုဥကို ဂဠုန်သုတ်၍ တာဝတိံသာသို့ ချီယူသွားရာ တာဝတိံသာ၏ လေညင်းဖြင့် ထိခတ်သဖြင့် ထိုဥမပေါက်ဘဲ နေသည်မှာ ကာလတောင်တာ ကြာမြင့်လှပေသည်။ ယခုအခါ ဘာယာပြည်မှ သည်းထန်စွာ မြေငလျင်လှုပ်သဖြင့် ထိုဥလည်း လှုပ်ရှား၍ လူ့ပြည်သို့ ကျရောက်လာရာ၊ လမ်းခရီး၌ လူတို့ရှူရှိုက်သောလေဖြင့် ထိခတ်သဖြင့် ဥကွဲ၍ ငါနှင့်တကွ ငါ၏မြင်းသည် ပေါက်လာတော့သတည်း။ ငါ့ဖကား နေနတ်သား၊ ငါ့မိကား ရေနဂါးမ၊ ငါကား မိုးကျရွှေကိုယ် လူသားလျှင် ဖြစ်တော့သည်။ ယခုအခါ အသင်တို့၏ ဘာယာပြည် အတ္တပ္ပဒတ္တိပေထုပ်က ကယ်ပေသဖြင့် ငါ ရောက်လာရသည်။ ငါ့အား ဦးညွှတ်ကြလော့' ဟု တစ်ခဲနက် သာယာသော အသံဖြင့် မိန့်လိုက်လေသတည်း။

ဘာယာပြည်သားတို့လည်း အညီအညွှတ် ဦးတိုက် လက်ယှက်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် 'အို…အချင်းတို့၊ ငါကား ယခုအခါ လူသားဖြစ်သဖြင့် နူးညံ့သော နှလုံးသားနှင့် ပြည့်စုံသော်လည်း နေကဲ့သို့ ပြင်းထန်သောမာန ရှိသည်။ နဂါးကဲ့သို့ ပြင်းထန်သော အဆိပ်အတောက်လည်း ရှိသဖြင့် ငါကား လူပင် ဖြစ်သော်လည်း သင်တို့နှင့် မတူသေး၊ သင်တို့ထက် မြတ်ပေသည်။ သို့ဖြစ်၍ မြတ်သောသူ၏ စကားသည် မိုးကြိုးသွားကဲ့သို့ တည်စေရမည်။ ဤစကားသည် မှန်၏။ ထို့ကြောင့် ငါ့စကားကို ယုံယုံကြည်ကြည်နှင့် လိုက်နာရချိမ့်မည် တကား။ ယခု ငါသည် ခမည်းတော်ထံသို့ အဖူးအမြော် ဝင်ချင်သည်၊ ငါ၏ နောက်ကနေ၍ လမ်းပြလော့' ဟု ဆိုပြန်ရာ ဘာယာ ပြည်သားတို့လည်း ပင့်ဆောင်ရန် ပြင်ဆင်ကြလေသတည်း။

[ တိုးတက်ရေးမဂ္ဂဇင်း၊ စန်နဝါရီ၊ ပေြ၊ ဖွန်၊ ဇူလိုင်၊ ၁၉၃၄ ]

# အောင်ဘော်နှင့် လေးလုံး*

## [ ၁ ]

အိမ်နောက်ဖေး ဘူးစင်အောက်တွင် 'ဟဲ့…နွား၊ ဒီနွားဟာ အရိုက်ခံရတော့ မယ်နော်' ဟူသော အသံသည် ခဏခဏ မြည်နေသော်လည်း စင်စစ် ထိုဘူးစင်အောက်တွင် နွားတစ်ကောင်မျှ မရှိချေ။ နွားနှင့်တူသော သတ္တဝါပင် မရှိချေ။ ဘူးစင်အောက်သို့ သွားကြည့်လျှင်မူကား ဝါးခြမ်းပြားကို မြှောက်ကိုင် နေသော အသံရှင် အောင်ဘော်နှင့် အုန်းလက်ဖင်ပိုင်း အတိုတစ်ခုကိုသာ တွေ့ရပေလိမ့်မည်။ အုန်းလက်ဖင်ပိုင်းသည် အောင်ဘော်၏နွား ဖြစ်သည်။

အောင်ဘော်သည် ဆယ်နှစ်သားအရွယ် သူငယ်ဖြစ်သည်။ ယောင် ဖုတ်စုကလေးနှင့် ချစ်စရာကောင်းသည်။ ပါးအို့ ပြည့်ပြည့်ဖောင်းဖောင်းနှင့် သာ၍ ချစ်စရာကောင်းသည်။ ဆော့သည့်အရာတွင်ကား မျောက်ရှုံးအောင် ဆော့တတ်သူ ဖြစ်သည်။

ဤနေ့ ညနေတွင် အောင်ဘော်သည် ဘူးစင်အောက်၌ တစ်ယောက် တည်း သူ၏ အုန်းလက်နွားနှင့် ဆော့နေသည်။ အုန်းလက်နွားကို ကြိုးတပ် ဆွဲ၍ ပတ်ချာလှည့်ကာ ပြေးသည်။ အပြေးရပ်လျက် တကယ့်လူကြီးဟန် အမူအရာဖြင့် သူ၏ အုန်းလက်နွားကို မညှာမတာ ဆင့်ကာဆင့်ကာ ရိုက် သည်။ 'ဟဲ့နွား… ဒီနွားဟာ အရိုက်ခံရတော့မနော်' ကြိမ်းသည်။ 'သြော်…

* ဂန္ထလောက မဂ္ဂဇင်းတွင် "အောင်ဘော်" ဟုသာ ဖော်ပြထားပါသည်။

www.burmeseclassic.com



ဒီနွားကလဲနော်' ဟု ညည်းသည်။ အောင်ဘော်သည် ထိုသို့ နှုတ်ကလည်း မြည်၊ မြည်တိုင်းလည်း မြည်သည်ထက် တုတ်ချက်က ပိုသဖြင့် ဘာမျှ မမြည် မအော်တတ်သော အုန်းလက်နွားသည် ပျော့စိစိပင် ဖြစ်နေချေပြီ။ အောင်ဘော်မှာလည်း သူ၏ ကစားစရာနှင့် စိတ်ဆိုးလိုက်၊ စိတ်ပျက် တက်တက်လုပ်လိုက်၊ ပတ်ချာလှည့် ပြေးလိုက်နှင့် အတော်ကြာအောင် ဆော့နေသည်ဖြစ်ရာ မောလှရော့မည်။

ထိုအခိုက် မည်းကြောင်ကြောင် အရောင်ရှိသော ခွေးတစ်ကောင်သည် မီးဖိုဆောင်အောက်မှ လန့်ပြေး ပြေးထွက်လာ၍ ဘူးစင်အောက်သို့ ရောက်လာသည်။ အောင်ဘော်ကို စိန်းစိန်းကြည့်သည်။ အောင်ဘော်သည် ထိုမည်းကြောင်ကြောင်ခွေးကို ပြန်ကြည့်၍ "ဒီခွေး ဘယ်က ခွေးလဲ"ဟု တွေးနေလေသည်။ ထိုခွေးသည် အမြီးကို မနှန့်။ သူ့ပါးစပ်ကို ဟလိုက်၊ ပိတ်လိုက် ပြုနေသည်။ အောင်ဘော်သည် ခွေး၏ပါးစပ်ကို သေသေချာချာ ကြည့်သည်။ ထို့နောက် မတွေးတတ်အောင်ဖြစ်သဖြင့် မီးဖိုဆောင်၏ ခုံပြင်ပေါ်သို့ ဒရောငါးပါး ပြေးတက်ကာ ထိုခုံပြင်မှနေ၍ ခွေး၏ ပါးစပ်ကို သေသေချာချာ ကြည့်ပြန်သည်။ ခွေး၏ပါးစပ်သည် ဟလိုက် ပိတ်လိုက်၊ ပိတ်လိုက် ဟလိုက် လှုပ်ရှားနေသည်။ ပါးစပ်ကို ဟလိုက်သော အခါတိုင်း သွားဖြူဖြူ၊ လျှာနီနီ၊ အာနီနီတို့ ပေါ်လာတတ်သည်။

ထိုသို့လျှင် အောင်ဘော်နှင့်ခွေးတို့ အပြန်အလှန် ကြည့်နေကြစဉ် ခွေးဖြူဖြူတစ်ကောင်သည် မီးဖိုဆောင်အောက်မှပင် ပြေးထွက်လာ၍ ထို မည်းကြောင်ကြောင် ခွေးအနီးသို့ သွားသည်။ ဝပ်လိုက်၊ ခုန်လိုက် ပြုသည်။ အောင်ဘော်သည် မျက်လုံး မျက်ဆန် ပြူးလျက်'ဟဲ့–ကျားဘို၊ ကြည့်စမ်း နှင့်ကို ကိုက်လိမ့်မယ်'ဟု အော်လိုက်သည်။ အောင်ဘော်၏ အသံကို ကြားသောအခါ ခွေးနှစ်ကောင်သည် နှစ်ဖော်တွဲကာ ဘူးစင်အောက်မှ အသာ ထွက်သွားကြသည်။ အောင်ဘော်သည် အတန်ကြာ ကြက်သေသေလျက် နေမိသည်။ ထိုနောက် အိမ်တွင်းသို့ပြေးဝင်၍ သီတင်းကျွတ်ပွဲတော်အမီ မီးပုံးချိုးနေကြသော လူဝိုင်းတွင် ဝင်ရှုပ်တော့သည်။ အုန်းလက်နွားမှာကား





ထိုတစ်ညနေအဖို့ ဘူးစင်အောက်၌ ငြိမ်းချမ်းစွာနေ၍ တစ်ညဥ့် ကုန်ရတော့သည်။

[ ၂ ]

အောင်ဘော်သည် အဘိုး၏မြေး ဖြစ်သည်။ အဘိုးအိပ်လျှင် လိုက်အိပ်သည်။ အဘိုး နံနက်ထလျှင် လိုက်ထသည်။ အောင်ဘော်သည် သူ့အဘိုးကို ချစ်သည်။ သို့ရာတွင် တစ်ခါက သူ့အဘိုးကို ရွံ့ခဲ့ဖူးသည်။ ချစ်သည်ကား အိပ်ရာဝင်ခါနီးတွင် အဘိုးက ပုံတိုကလေးများ ပြောလေ့ရှိသောကြောင့် ဖြစ်သည်။ ငလက်မ၊ မယ်ဒွေး၊ ရွှေယုန်နှင့်ရွှေကျား၊ မောင်ပေါက်ကျိုင်း၊ ငမိုးရိပ်မိကျောင်း၊ သီတာ ရာမ ဒသဂီရိဘီလူး၊ ဘုတ်တလုတ်ရေကန်သို့ ရေလာကစားတတ်ကြသော နတ်သမီးခုနစ်ဖော်နှင့် အဘိုး၏ ချိုပြုံးသော မျက်နှာတို့သည် အောင်ဘော်၏ စိတ်တွင် အမြဲတွဲလျက် ထင်နေလေသည်။ ထို့ကြောင့် အောင်ဘော်သည် သူ့အဘိုးကို ချစ်ခြင်း ဖြစ်သည်။

တစ်ခါက ရွံ့ဖူးသည်ကား သူ့အဘိုးသည် 'ဩော်... ဒီလောကကြီးမှာ ဘာမှ အနှစ်သာရ မရှိပါကလား။ အိုရ၊ နာရ၊ သေရတာပဲ။ နိဗ္ဗာန်ရွှေပြည်ကိုရောက်မှ အေးငြိမ်းခြင်း သုခအစစ်ကို ခံစားရမှာပဲ။ ဒီလူ့ဘဝမှာ နေရသမျှ ဒုက္ခချည်းပဲ။ ဘယ်သား၊ ဘယ်သမီး၊ ဘယ်မြေးကိုမှ မခင်တွယ်ချင်ဘူး။ နင်တို့ဟာ နိဗ္ဗာန်ရဲ့ ရန်သူတွေပဲ' စသည်ဖြင့် ညည်းတတ်သောကြောင့် ဖြစ်သည်။ အောင်ဘော်သည် "အိုရ၊ နာရ၊ သေရတာပဲ" ဟူသော စကားအဓိပ္ပာယ်ကို နားမလည်သော်လည်း ထိုစကားတို့သည် အဘိုး၏စကား ဖြစ်သောကြောင့် ကောင်းသောစကား ဖြစ်မည်ဟု လက်ခံလိုက်၏။ "ဘယ်သား၊ ဘယ်သမီး၊ ဘယ်မြေးကိုမှ မခင်တွယ်ချင်ဘူး" ဟူသော စကားကိုမူကား အောင်ဘော် နားလည်သည်။ ထို့ကြောင့် အောင်ဘော်သည် သူ့အဘိုးကို တစ်ခါက ရွံ့ခဲ့ဖူးခြင်း ဖြစ်သည်။ ရွံ့ခြင်းသာမက ဝမ်းနည်းခြင်းပင် ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အောင်ဘော်၏ ရွံ့ခြင်း၊ ဝမ်းနည်းခြင်းတို့သည် အောင်ဘော်၏ စိတ်ထဲ၌ တိတ်တဆိတ် ပျောက်ကွယ်သွားသလိုလို ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် "ဘယ်သား၊ ဘယ်သမီး၊ ဘယ်မြေးကိုမှ မခင်တွယ်ချင်ဘူး"ဟု ညည်းတတ်သော သူ့အဘိုးသည် တစ်နေ့တွင် အယု၏ ကော်ဖီဆိုင်မှ ရေနွေးပူ အလောင်ခံလိုက်ရ၍ တအိုင်အိုင် အော်ကာ အိမ်သို့ ပြန်ပြေးလာသော ကျားဘိုကို မြင်သောအခါ ကော်ဖီဆိုင်ထဲသို့ ဒေါသရဲရဲနှင့် ဆင်းသွား၍ 'နင်တို့ ထောင်ကျချင်သလား၊ တိရစ္ဆာန် ညှဉ်းဆဲမှုနဲ့ တရားစွဲရမလား'ဟု ကြိမ်းဖူးသောကြောင့် ဖြစ်သည်။ ထို့နောက် ပျာယီးပျာယာ အိမ်သို့ပြန်လာ၍ ဆီအိုးထဲမှ ဆီအနည်းငယ်ကို ခွက်ထဲသို့ ထည့်ပြီးလျှင် မန်းမှုတ်ပြီးနောက် ကျားဘို၏ အနာကို ကြက်တောင်ဖြင့် ဖြည်းညင်းစွာ ဆီမန်းလိမ်းပေးဖူးလေသည်။ အောင်ဘော်သည် သူ့အဘိုးကို ထိုကဲ့သို့သော အဘိုးဟု သိခဲ့သည်။ ထို့ကြောင့် သူ၏ ရွံ့ခြင်း၊ ဝမ်းနည်းခြင်းတို့သည် သူ့စိတ်ထဲ၌ တိတ်တဆိတ် ပျောက်ကွယ်သွားသလိုလို ရှိခဲ့ခြင်း ဖြစ်သည်။

[၃]

ဤနေ့နံနက် မိုးမလင်းခင် မြေးအဘိုးနှစ်ယောက် အိပ်ရာမှ ထနှင့်ကြလေပြီ။ အဘိုးသည် မီးဖို၌ ရေနွေးအိုး တည်နေသည်။ အောင်ဘော်သည် အမေးအမြန်း ထူချင်လာသည်။

'အဘ...ကျွန်တော်... ပန်းကန်တွေ ဆေးလိုက်မယ်နော်'

'အေး..အေး... ကြည့်ဆေးကွယ့်၊ ပန်းကန်တွေ ကွဲကုန်မကွယ့်။ ငါ့မြေးဖို့ အဘ မနေ့က ပန်းကန်သေးသေးတစ်လုံး ဈေးက ဝယ်လာခဲ့တယ်။ အရုပ်တွေနဲ့ကွယ့်...'

'ဒါလား အဘရဲ့'

'မှန်း...အေး အေး'

'အဘ ပန်းကန်ကလည်း တရုတ်စာတွေနဲ့'





'မင်းကွယ်...တယ် စကားများသကိုးကွယ့်။ အဘ လက်တောင် အပူလောင်သွားပြီ...'

အောင်ဘော်သည် ကလေးသံနှင့် ကျိတ်၍ ရယ်လိုက်လေသည်။ အဘိုးသည် မီးထိုးလျက်၊ အောင်ဘော်သည် ပန်းကန်ဆေးလျက်။ အတန်ကြာလျှင်–

'အဘ'

'ဟေ အေ'

'မနေ့ညနေတုန်းကလေ ပါးစပ်တလှုပ်လှုပ်နဲ့ ခွေးမည်းတစ်ကောင် နောက်ဖေးကို လာတယ်'

'ဟေ အေ ဟုတ်လား၊ ဘယ်က ခွေးလဲကွယ့်'

'ဘယ်ကခွေးလဲတော့ မသိဘူး။ သူက ကိုက်ချင်တယ် အဘရဲ့၊ သူ့ပါးစပ်က လှုပ်လှုပ် လှုပ်လှုပ်နဲ့။ နို့ပေတဲ့ ကျားဘိုကိုတော့ သူ မကိုက်ဘူး'

'ဟေ...ဟုတ်လား'

'နို့ပေတဲ့ ကျွန်တော် ဒီခွေးကို နာနာရိုက်လွှတ်မယ်၊ သူ့ပါးစပ်က လှုပ်လှုပ် လှုပ်လှုပ်နဲ့။ သူက ကိုက်ချင်တယ်၊ သူက ကျားဘိုစားတဲ့ ထမင်းကို လုစားမှာ...'

'မလုပ်ပါနဲ့ကွယ်။ ကဲ...ကဲ...မင့်ပန်းကန်တွေ ဆေးပြီးပလား၊ အိမ်ရှေ့ကို ယူခဲ့ကွယ့်၊ ပန်းကန်တွေ ကွဲကုန်မကွယ့်'

နေရောင် ပွင့်လာသဖြင့် မြေးအဘိုးနှစ်ယောက်သည် အိမ်ရှေ့ ခေါင်းရင်းနေရာတွင် လက်ဖက်ရည်တစ်အိုးနှင့် ထိုင်ကြလေသည်။ ပဲပြုတ်သည် လာသဖြင့် ခေါ်ဝယ်ပြီးလျှင် လက်ဖက်ရည်သောက်ကာ၊ ပဲပြုတ်စားကာ နေကြလေသည်။ အောင်ဘော် လက်ဖက်ရည်နည်းနည်း သောက်၍ ပဲပြုတ်များများ စားသည်ကိုကား အထူး ပြောဖို့လိုမည် မဟုတ်ချေ။

'ဟော...ဟော...ဟိုခွေးပဲ၊ ဟိုခွေးပဲ။ အောင်မယ်..သူက ကျားဘို့ ခေါင်းပေါ်ကို ခုန်တက်တယ်၊ နင်...သေပေတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့…ဟဲ့…ဟဲ့…မလုပ်ပါနဲ့ဟဲ့၊ အောင်ဘော်ရဲ့။ မလုပ်ပါနဲ့ဟဲ့'

အောင်ဘော်သည် မိမိဆုပ်ကိုင်ထားသော ဝါးလုံးတိုကို ပစ်ချ၍ နေရာသို့ ပြန်လာသည်။

'မင့်မလဲကွယ်…သူတို့ဘာသာ နေပူစာလှုံရင်း ကစားနေတာ။ ထိုင်ကွယ်…ထိုင်ကွယ်…ပဲပြုတ်တွေ အများကြီး ကျန်နေသေးတယ်။ ကဲ… ကဲ…လွေးလိုက်စမ်း…လွေးလိုက်စမ်း…'

'ကျွန်တော် ဒီခွေးကို မြင်ကတည်းက ရိုက်ချင်တယ်၊ သူ့ပါးစပ်က လှုပ်လှုပ် လှုပ်လှုပ်နဲ့။ သူက ကိုက်ချင်တာ အဘရဲ့'

'မကိုက်ပါဘူးကွယ်…ငါ့မြေးကသာ သူ့အနား မသွားနဲ့'

'သူ့ပါးစပ်က ဟလိုက် ပိတ်လိုက်နဲ့။ အဘ မြင်တယ် မဟုတ်လား'

'သူငယ်နာကြော ဆွဲနေတယ် ထင်ပါရဲ့ကွယ်…မရိုက်ပါနဲ့'

'နောက်ပြီးတော့ သူ့နဖူးမှာ အဝါကွက်ကလေးနှစ်ကွက် ရှိတယ်'

'အေး…အေး…နဖူးမှာ အဝါကွက်ကလေးတွေရှိတဲ့ ခွေးကို လေးလုံးလို့ ခေါ်တာပေါ့။ စားကွယ်… စားကွယ်၊ မရိုက်ပါနဲ့ မြေးရယ်'

[၄]

အဘိုးက မရိုက်ပါနဲ့ဟု တောင်းပန်ထားသော်လည်း အောင်ဘော်သည် ပါးစပ် ဟလိုက် ပိတ်လိုက် ပြုသော ခွေးကို မြင်တိုင်း လိုက်ရိုက်လေ့ရှိသည်။ အိမ်က ကျားဘိုကိုလည်း ထိုခွေးနှင့် တွဲတွဲ တွဲတွဲ နေရမည်လားဟု ဒေါသထွက်၍ ခြေထောက်နှင့် ကန်လေ့ရှိသည်။ သို့ရာတွင် ကျားဘိုသည် အကန်ခံရတိုင်း နှာသံပါပါ ညည်းလျက် ကြမ်းပေါ်၌လှဲ၍ ခြေကလန် လက်ကလန်နှင့်သာ အကန်ခံလေ့ရှိသည်။ ထို့ကြောင့် အောင်ဘော်သည် ကျားဘိုကို မကန်ချင်တော့ချေ။

တစ်ခါသော် အောင်ဘော်သည် သူမုန်းသော မည်းကြောင်ကြောင် ခွေးကို ဘုရားစင်အောက်ရှိ ထင်းပုံအကွယ်မှ နေ၍ စောင့်သည်။ ထိုခွေးသည်





ဘုရားစင်အောက်သို့ မယောင်မလည် ရောက်လာသည်။ အောင်ဘော်သည် ထင်းချောင်းတစ်ချောင်း ကောက်ယူ၍ ထိုခွေးဆီသို့ တစ်အားကုန် ပစ်လွှတ်လိုက်သည်။ နားထင် ချက်ကောင်းကို မှန်သဖြင့် ခွေးသည် ချာလပတ်လည်သွားပြီးလျှင် သနားစရာ ငယ်သံပါအောင် အူ အော် အော်၍ လွတ်ရာသို့ ထိုးတိထိုးကန်း ပြေးပါလေ၏။ အောင်ဘော်သည် အလွန် ဝမ်းသာအားရဖြစ်သွားသည်။ ထိုခွေးသည် ထိုနေ့မှစ၍ လေးရက်တိတိ အိမ်သို့ မလာတော့ချေ။ သို့ရာတွင် အောင်ဘော်မှာ တစ်မျိုး စိတ်ပူရပြန်သည်။ ထိုလေးရက်အတွင်းတွင် ကျားဘိုလည်း အိမ်သို့ ပြန်မလာသောကြောင့် ဖြစ်သည်။ စားခွက်တွင် ထမင်းအပြည့် သိုးလျက်သာ နေလေတော့သည်။ အောင်ဘော်သည် အိမ်အနီးအနားတွင် ကျားဘိုကို တအိုအို့ အော်ခေါ်၍ ရှာကြည့်သည်။ မတွေ့ချေ။

ငါးရက်မြောက်နေ့တွင် ထွက်ပြေးသော ခွေးနှစ်ကောင် ပြန်လာကြသည်။ ထိုနေ့တွင် ကျားဘိုနှင့် မည်းကြောင်ကြောင်ခွေးတို့ကလည်း ဘုရားစင်အောက်သို့ ဝင်အလာ အောင်ဘော်ကလည်း မီးဖိုဆောင်မှ ဘုရားစင်အောက်သို့အဆင်း ပက်ပင်းပါ တွေ့ကြသည်။ မည်းကြောင်ကြောင်ခွေးသည် အောင်ဘော်ကို မြင်လိုက်သည်နှင့် တစ်ပြိုက်နက် သုတ်ခြေတင် ပြေးလေတော့သည်။ ကျားဘိုကား မပြေး၊ အောင်ဘော်ထံသို့ အမြီးနှန့်ကာ လာ၍ အောင်ဘော်ကို နှာခေါင်းနှင့် နမ်းကာ၊ လျှာနှင့် လျက်ကာ မြူးထူးခုန်ပျံနေသည်။ အောင်ဘော်သည် ကျားဘို၏ လည်ပင်းကို အားရပါးရဖက်၍ ကျောကိုသပ်ရင်း 'ကျားဘို…နင် ဘယ်သွားနေသလဲ…နင် ထမင်းစားရရဲ့လား…နင် ဟိုခွေးနဲ့ မပေါင်းနဲ့၊ ဟိုခွေးက နင့်ကို ကိုက်မှာ။ ကြည့်စမ်း… နင် အတော်ပိန်သွားတယ်၊ လာ…လာ…'ဟု ဆို၍ ကျားဘိုကို မီးဖိုဆောင်ထဲသို့ တရွတ်တိုက် ဆွဲသွင်းသည်။ ထိုနောက် ထမင်းကို ငါးနှင့်နယ်၍ ကျွေးလေသည်။ ကျားဘိုကား ထမင်းစားချင်ဟန် မပြချေ။ အောင်ဘော်သည် ကျားဘို၏ နှုတ်သီးကို ဆွဲ၍ အတင်းအစားခိုင်း၏။ ကျားဘိုသည် ငါးဖတ်များကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ရှာစား၍ အစားရပ်နေသည်။ 'တယ်...ဒီခွေးဟာ စားဆိုရင် မစားဘူး၊ မစားနဲ့ဟယ်...မစားနဲ့ဟယ်' ဟု မြည်တွန်လျက် ကျားဘိုကို ခြေထောက်နှင့် ကန်ပြန်သည်။ ကျားဘို ထွက်ပြေးပြန်လေ၏။

အောင်ဘော်သည် ကျားဘို ထွက်ပြေးရာဘက်သို့ လိုက်ကြည့်ရင်း ဘူးစင်အောက်သို့ ဆင်းလာသည်။ အရာတစ်ခုကို ခလုတ်တိုက်မိသဖြင့် ခြေနာသွားသည်။ ခလုတ်တိုက်သည့် နေရာကို ကြည့်လိုက်ရာ ထင်းချောင်း တစ်ချောင်းကို တွေ့သည်။ အောင်ဘော်သည် လွန်ခဲ့သော လေးငါးရက်က ပါးစပ် ဟလိုက် ပိတ်လိုက်ပြုသော မည်းကြောင်ကြောင်ခွေး၏ နားထင် ချက်ကောင်းကို မှန်သော ထင်းချောင်း ဖြစ်မှန်းသိ၍ ထိုထင်းချောင်းကို ကောက်ယူလိုက်သည်။ ထိုထင်းချောင်းသည် အလျားတစ်တောင်နီးပါး ရှည်၍ သူ့လက်သီးတစ်ဆုပ်စာလောက် ရှိသည်။ ထိုနေ့က သူမှန်းသောခွေး ချာလပတ်လည်ကာ ငယ်သံပါအောင် အူအော် အော်ပြေးသည်ကို အောင် ဘော် သတိရလာသည်။ ထို့ကြောင့် အောင်ဘော်သည် ထင်းချောင်းကို ပြန်ကြည့်သည်။ ထို့နောက် ထင်းချောင်းကို ပစ်ချ၍ ချက်ချင်းပင် အိမ်ပေါ်သို့ ပြန်တက်သွားသည်။

နောက်တစ်နေ့တွင် အောင်ဘော်သည် ပါးစပ် ဟလိုက် ပိတ်လိုက် ပြုသောခွေးကို အိမ်နံဘေး၌ တွေ့ပြန်သည်။ ထိုခွေးသည် အောင်ဘော်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဒုန်းချ၍ ပြေးပြန်သည်။ အောင်ဘော်သည် ပြေးသော ထိုခွေးကို ငေးမောကာ ကြည့်၍ တွေနေသည်။ နောင်အခါများတွင် လည်း ထိုခွေးသည် အောင်ဘော်ကိုမြင်တိုင်း ဒုန်းချ၍ ပြေးတတ်လေရာ အောင်ဘော်မှာ စိတ်မကောင်း ဖြစ်ရသည်။ ထိုခွေး အမြင်မခံဝံ့အောင်ပင် ဖြစ်ရရှာသည်။

ဤသို့ဖြင့် သီတင်းကျွတ်၍ တန်ဆောင်မုန်း ရောက်၊ နတ်တော် ကူးပြီးလျှင် ပြာသိုသို့ ချဉ်းလာခဲ့သည်။ ခွေးအူခြင်း၊ မာလကာသီးနံ့ သင်းခြင်း၊ မီးပုံးထွန်းခြင်းတို့ ရပ်စဲ၍ တပို့တွဲလ ထမနဲထိုးခြင်းပင် စ လာလေပြီ။





[ ၅ ]

တစ်မနက်တွင် အောင်ဘော်တို့ မြေးအဘိုးသည် အခါတိုင်းကဲ့သို့ အိပ်ရာမှ အစောကြီး ထ၍ ရေနွေးအိုး တည်ကြသည်။

'အဘ...ကျွန်တော် ပန်းကန်တွေ ဆေးလိုက်မယ်နော်'

'အေး...အေး...ကြည့်ဆေးကွယ့်၊ ပန်းကန်တွေ ကွဲကုန်မကွယ့်။ အဘ မနေ့က ငါ့မြေးဖို့ ပန်းကန်သေးသေးတစ်လုံး ဝယ်လာခဲ့တယ်၊ နတ်သမီးရုပ်နဲ့ကွယ့်'

'ဒါလား...အဘရဲ့'

'မှန်း...အေး...အေး'

'ဒါမှ လှတာ... အဘရဲ့'

နေရောင် ဝင်းဝါလာလေသည်။ မြေးအဘိုးနှစ်ယောက်သည် အိမ်ရှေ့ ခေါင်းရင်းသို့ သွားရန် ပြင်နေခိုက် ခွေးကလေးတစ်ကောင်၏ အော်သံသည် ဘူးစင်အောက်မှာ ကျည်ကျည်ကျာကျာ မြည်လာသည်။ အောင်ဘော်သည် အပြင်သို့ ပြေးထွက်သွား၏။ အဘိုးလည်း နောက်က လိုက်သွားသည်။ အောင်ဘော်သည် ဘူးစင်အောက် ထင်းပုံအနီးတွင် တအိုင်အိုင် မြည်အော်ကာ ချည့်နဲ့စွာ တွားသွားလျက်နေသော ခွေးကလေးတစ်ကောင်ကို တွေ့၍ ချီမ ပွေ့ယူကာ ခုံပြင်သို့ ပြန်လာသည်။ ခွေးကလေးသည် လှလည်း လှသည်၊ ဝလည်း ဝသည်၊ အမွေး လည်း ချောသည်။ မည်းကြောင်ကြောင်တွင် ကျားဘို ၏ အဖြူကွက် ပါသည်။ ကျောတွင် အဝါစင်း အနည်းငယ် ပါသေးသည်။

ခွေးကလေးသည် အောင်ဘော်၏ လက်တွင်း၌ ငိုကာယိုကာ တစာစာ အော်မြည်လျက် နေသည်။ ထိုအခိုက်တွင် ပါးစပ် ဟလိုက် ပိတ် လိုက်ပြုသော ခွေးသည် ဘူးစင်အောက်သို့ ရုတ်ခြည်းရောက်လာသည်။ ဤတစ်ခါတွင် ထိုခွေးသည် အောင်ဘော်ကို မြင်သော်လည်း ထွက်မပြေး တော့ဘဲ ပါးစပ်ကို ဟလိုက် ပိတ်လိုက်ပြုလျက် အောင်ဘော်ကို ကြည့် နေသည်။ 'သြော်... သူ့သားကလေးကိုး' ဟု ဆို၍ အောင်ဘော်သည်



www.burmeseclassic.com

www.burmeseclassic.com



ခွေးမကြီးကို ပထမအကြိမ် ပြုံးကြည့် ကြည့်လိုက်သည်။ ခွေးကလေးကိုလည်း ကြမ်းပေါ်၌ ချ၍ ကြင်နာယုယစွာ လက်ဖြင့် သပ်ပေးသည်။ ခွေးကလေးလည်း အငိုတိတ်သွားသည်။ ခွေးမကြီးသည် အောင်ဘော်ကို စူးစိုက်ကြည့်ရင်း ပါးစပ်ကို ဟလိုက် ပိတ်လိုက်ပြုလျက် ပထမအကြိမ် အမြီး နှန့်လေသည်။ 'သူ့ကလေးကို ပြန်ပေးလိုက်ပါ အောင်ဘော်ရာ' ဟု အဘိုးက ဆိုသဖြင့် အောင်ဘော်သည် ခွေးကလေးကို မြေမှာ အသာ ချပေးလိုက်သည်။ ခွေးမကြီးသည် ခေါင်းကို နှိမ့်ကာ သားငယ်ဆီသို့ မရဲတရဲလာ၍ သားငယ်ကို လျှာဖြင့် လျက်လေသည်။ တစ်ခါ တစ်ခါ အောင်ဘော်ကို မော့ကြည့်သည်။ 'သူ့ပါးစပ်က လှုပ်လှုပ် လှုပ်လှုပ်နဲ့၊ သူ ကိုက်ချင်တယ် ထင်ပါရဲ့ အဘရယ်...'

'တယ်ခက်သကိုးကွယ့်၊ မင်း... သူ့လို လုပ်ကြည့်စမ်း'

အောင်ဘော်သည် သူ့ပါးစပ်ကို ဟလိုက် ပိတ်လိုက် လုပ်ကြည့်သည်။

'ကိုင်း... ငါ့မြေး... အဘကို ကိုက်ချင်သလား...'

'ဟာ ...အဘကလဲ'

အဘိုးသည် လည်ချောင်းထဲမှ ချွဲသံပါပါ ရယ်လိုက်သည်။ အောင်ဘော်သည် ခွေး သားအမိကိုကြည့်၍ ကြည့်မဝ ဖြစ်နေသည်။

နောက်တစ်နေ့နံနက်တွင် အောင်ဘော်၏ ကျယ်လောင်သောအသံကို ကြားရသည်။ ထိုအသံကား 'လေးလုံးရေ...အို့...အို့...ကျားဘိုရေ ...အို့...အို့...' ဟူသော အသံ ဖြစ်လေသတည်း။

[ ဂန္ထလောက၊ မေ၊ ၁၉၃၄]

# နတ်ပြည်က ဝတ္ထု
## (တာဝတိံသာ ခေတ်စမ်းဘောသံ)

လူ့ပြည်တွင် သက္ကရာဇ် ၁၂၉၆ ခု တော်သလင်းလဆုတ် ၉ ရက်နေ့ နံနက် အချိန်တွင် "ကသစ်ပွင့်ကာ ဝတိံသာ သူရာနိုင်နိုးနိုး" ဟူဘိသကဲ့သို့ တာဝတိံသာသို့ စစ်ပြုလာမည်ဖြစ်သော အသူရာ နတ်စစ်သည်တို့အား ကင်းစောင့်အဖြစ်ဖြင့် စောင့်ကြည့်လျက်နေရသော ပုဏ္ဏက နတ်ဘီလူးသည် ကင်းလှည့်ရင်း လူ့ပြည်နားသို့ ချဉ်းကပ်လာသဖြင့် ဆူညံစွာ ပြောဆိုနေကြသော တက္ကသိုလ် ဖလားလု ဘောပွဲသတင်းကို ကြားလိုက်မိလေသတည်း။ ထိုထူးခြားသော သတင်းကို ကြားခဲ့သော ပုဏ္ဏကလည်း သိကြားမင်းထံသို့ အသူရာတို့ မပေါ်လာသေးကြောင်း ကင်းလှည့် အစီရင်ခံစာ တင်သွင်းရန် တာဝတိံသာသို့ တက်လာသောအခါ နန္ဒာကန်ပေါင်ရိုးပေါ်တွင် ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြသော မိတ်ဆွေ မာတလိ၊ ဝိသကြုံနှင့် ပဉ္စသိခ နတ်သားတို့ကို မြင်လိုက်လေ၏။

ပဉ္စသိခ နတ်သားမှာ သုရိယဝစ္ဆာနတ်သမီးသည် အလွန် လှဂုဏ်ကိုးကြောင်း၊ ယခုထက်တိုင် ဗေလုဝနတ်စောင်းဖြင့် မြှောက်ပင့်ဖွဲ့နွဲ့၍ နောက်ပိုးသော်လည်း မအောင်မြင်သေးကြောင်း၊ သူ့အတွက် အများကြီး စိတ်ညစ်ရကြောင်းများကို ပြောပြလျက် နေလေ၏။ မာတလိနှင့် ဝိသကြုံတို့မှာလည်း ငေးမောကာ နားထောင်၍ နေကြသတည်း။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကလည်း မိမိ၏ သိန္ဓောမြင်းနှင့် ၎င်းတို့၏အနီးသို့ ချဉ်းကပ်လာ၍ 'အို–အချင်း...ကိုကြီးသိသိ၊ သိသိဦး နေ့စဉ်တစေ၊ ဝန်တိုသော နတ်သမီးကိုသာ ဖွဲ့လမ်းလျက် နေဘိတကား။ ပင်ပန်းလေစွ'ဟု ဆိုလိုက်လေ၏။ ထိုအခါ ပဥ္စသီခနတ်သားလည်း မော့ကြည့်၍ 'အချင်း ပုဏ္ဏက– သင်ကား သင်ချစ်ကြိုက်သော ဣရန္ဓတီကို ရပြီးသဖြင့် ငါ့အား ကဲ့ရဲ့ ပစ်တင်သည်မှာ မသင့်လျော်လေ' ပြန်ပြောလိုက်လေ၏။ ထိုအခါ ဝိသကြုံလည်း 'အချင်းပုဏ္ဏက... ငါတို့အား မနှောင့်ယှက်ကုန်လင့်၊ ငါကား နန္ဒာကန် ဆန်းကြယ်ခြင်းကိုသာ ရှုစားလျက် နေလေသည်' ဆိုပြန်၏။ ပုဏ္ဏကလည်း 'ကြွပါမည် အချင်းတို့၊ သို့ရာတွင် အကျွန်ုပ် လူ့ပြည်မှ သတင်းတစ်ခု ပါလေသည်'ဟု ဆိုရာ မာတလိနတ်သားလည်း ပုဏ္ဏကအား မေးလေ၏။

ပဥ္စသီနတ်သားသည် ရည်းစားပူမိနေသောကြောင့် ဘာမျှ မကြားလို၊ ဝိသကြုံမှာလည်း ရေကန်၏ ဆန်းကြယ်မှုကိုသာ ရှုလျက် နေလေသည်။ မာတလိမှာကား ရထားမှူး ဖြစ်နေသည့် အားလျော်စွာ ဟိုစပ်စပ် သည်စပ်စပ် သိလို၏။ (ဒရိုင်ဘာတို့၏ သဘောတည်း။) ထို့ကြောင့် မာတလိလည်း အပန်းတကြီး မေးသတည်း။ ထိုအခါ ပုဏ္ဏက ကလည်း လေသံကြားနှင့် တက္ကသိုလ်ဖလားလုပွဲ ဘောသတင်းကို လင်းကျင်းလိုက်လေသတည်း။ လင်းကျင်းပြီးသည်၏ အဆုံး၌ ဝေဇယန္တာ နတ်နန်းသို့ သိန္ဓောမြင်းကို ရှေးရှုနှင်လေ၏။ လူ့သတင်းကို နတ်ချင်း ဆောင်လိုက်ခြင်းပင်တည်း။

သတင်းကို ကောင်းစွာနာယူပြီးသော မာတလိက ဤသို့ ဆို၏။ 'အချင်း မောင်ပဥ္စသီ၊ အမောင်သည် ထိုတက္ကသိုလ်ဘောလုံးပွဲကို ကြည့်သင့်၏တကား။ လူသားပြည်၌ ဤမျှလောက် ကျော်စောသော ဖလားပွဲ၏ ဂုဏ်ကို ချီးကျူးပြောဆိုသွားသော ပုဏ္ဏက၏ စကားကို မယုံမကြည် မရှိရာ။ အမောင် သွားရောက်ရှုစားမိပါက အမောင်၏အဆွေးသည် ပြေအံ့တကား' ဤသို့လျှင် မာတလိနတ်သားလည်း ပဥ္စသီခအား နှစ်သိမ့်စေပြီးနောက် ဝိသကြုံအား ဤသို့ ဆိုပြန်၏။ 'အချင်းဝိသကြုံ၊ အမောင်ကား ဆန်းကြယ်မှု





တို့ကို ဖန်ဆင်းတတ်သူ ဖြစ်သည်ကား မှန်၏။ သို့ရာတွင် လူ့ပြည်၌လည်း ဆန်းကြယ်မှုတို့လည်း များစွာ ရှိကုန်၏။ အို–ဝိသကြုံ၊ ထလော့ ...ထလော့'ဟု ဆို၍ သုံးဦးသော နတ်သားတို့လည်း ဝေဇယန္တာရထားပေါ်သို့ တက်ကြလေ၏။ ရထားလည်း လေ၏အဟုန်ဖြင့် ဘီအေအေဘောကွင်းသို့ ရုတ်ခြည်းနှင်ထွက်သွားလေသတည်း။

နောက်တစ်နေ့တွင် သိကြားမင်းသည် ဝေဇယန္တာရထား၏ နံရံတွင် ရွှံ့ကွက်ကြီးတစ်ကွက်ကို တွေ့ရှိသဖြင့် မာတလိကိုခေါ်၍ စစ်ဆေးရာ မာတလိမှာ အံ့အားသင့်လျက် နေလေ၏။ ရထားခိုးစီးမှုလည်း ပေါ်လေ၏။ နတ်သားသုံးပါးတို့ "ချောက်"ကျကြလေသတည်း။ (ထိုရွှံ့ကွက်မှာ အခြားမဟုတ်၊ ထိုနေ့ညနေက တက္ကသိုလ်ဘောအသင်း ကပ္ပတိန် ကိုဝင်းသည် ဘောလုံးကို မြှောက်၍ ကန်လိုက်ရာ ရထားနံရံကို ထိမှန်သော ရွှံ့ကွက်ပင်တည်း။ ထိမှန်စဉ်အခါက လေထဲ၌ ပန်းဆိုင်ဆွဲထားသကဲ့သို့ တည်နေသော ရထားမှာ ငြိမ့်ခနဲပင် ဖြစ်သွားလေသေးသည်။ မာတလိ နတ်သားလည်း သုဇာတာမိဖုရားကြီးကို ကပ်လေသည်။ သုဇာတာမိဖုရားကြီးလည်း သနားသဖြင့် သိကြားမင်းအား တောင်းပန်ရာ 'အဘယ်ချစ်မငြိး သုဇာတာ၊ ငါသည် သင့်အား မိဖုရားတကာတို့ထက် မြတ်နိုးချစ်ခင်ပါ၏။ အသင်လည်း ငါ့အား မြတ်နိုးချစ်ခင်ပါမူ သင်းတို့အတွက် မတောင်းပန်လေလင့်၊ သည်းခံ၍ အေးချမ်းစွာ စံလေလော့' ဟူသော စကားကိုသာ ရသဖြင့် သုဇာတာမိဖုရားလည်း လက်မှိုင်ချကာ နေရရှာသတည်း။

သိကြားမင်းလည်း 'မောင်နတ်သားတို့၊ အမောင်တို့၌ လူသားတို့၏ ဘောပွဲကို ကြည့်သည်လည်း တစ်ပြစ်။ ရထားခိုးစီးသည်လည်း တစ်ပြစ်။ ဤနှစ်ပြစ်သည် ရှိ၏တကား။ အမောင်နတ်သားတို့ အဘယ်ဆိုဖွယ်ရာ အကြောင်း ရှိသေးသနည်း' ဟု မေးပြန်၏။ ထိုအခါ မာတလိလည်း 'မှန်လှပါ၊ ထိုဘောပွဲကို ကြည့်စဉ်အခါက ကျွန်တော်တို့သာ ကြည့်သည် မဟုတ်ပါ။ ဝါဝါဝတ်များလည်း ပါပါသေးသည် ဘုရား'ဟု လျှောက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းလည်း "အင်း ဝါဝါဝတ်များပင် ကြည့်လျှင် သင်းတို့ကို အပြစ်မဆိုသာပြီ" ဟု စဉ်းစားမိသဖြင့် 'ကောင်းပြီ၊ မောင်နတ်သားတို့၌ ရထားခိုးစီးသောအမှု ရှိသေးသည်။ ဆိုစရာ ရှိသေးသလော'ဟု မေးပြန်၏။ ထိုအခါ မာတလိနတ်သားသည် အားတက်လာ၍ 'မှန်လှပါ၊ အရှင်ဘုရား၏ ရထားကို စီးနင်းသွားသဖြင့်သာ ဘောပွဲကို မီရုံရောက်ရှိပါသည်။ လူသားတို့မှာ မွန်းတိမ်းချိန်လောက်ကစ၍ ကျပ်နေကြပါသည် ဘုရား'ဟု လျှောက်တင်ပြန်ရာ သိကြားမင်းလည်း 'ကောင်းပြီ...မောင်နတ်သားတို့၊ အမောင်တို့ ကြည့်ရှုခဲ့သော ဘောပွဲနှင့် အလားတူ ဘောပွဲကို မကြာမီ ကျင်းပမည်ဖြစ်သော ငါ၏ ကသစ်သဘင်၌ ခင်းကျင်း ပြသရမည်။ အကယ်၍ ငါကိုယ်တော် သဘောကျပါမူ အမောင်တို့အား အပြစ်ဒဏ်မှ လွှတ်မည်' ဟု တစ်ချက်လွှတ် အမိန့်ပြန်၍ မျက်နှာတော် လွှဲသွားလေသတည်း။

မာတလိနတ်သားလည်း 'အမောင်ဝိသကြုံနှင့် ပဥ္စသီခတို့၊ ဒေနာင်တော်၏ တာဝန်ဖြင့် ကုန်လေပြီ။ မောင်တို့၏ တာဝန်လက်စွမ်းများကို ပြဦးလော့' ဟု ဆိုရာ နတ်သားနှစ်ဦးတို့လည်း အသီးသီးဝန်ခံ၍ ခွဲခွာသွားကြလေသတည်း။ ထိုနေ့မှစ၍ ဝိသကြုံနတ်သားသည် မြင်းမိုရ်တောင်ခြေရင်းသို့ ဆင်း၍ စိတ်ကူးခန်းဝင်လျက် နေလေသည်။ ပဥ္စသီခ နတ်သားမှာလည်း မိမိ၏ဘုံဆောင်ကို လုံစွာပိတ်၍ ဗေလုဝနံတ်စောင်းကို စမ်းသပ်ခါတီးခေါက်နေလေသတည်း။

များမကြာခင် ကသစ်သဘင် ကျင်းပမည့်နေ့လည်း ကြုံလာလေ၏။ ကသစ်ပင်ရင်းတွင် နတ်သမီး၊ နတ်သား ပရိသတ်အပေါင်းတို့လည်း စုဝေးလျက် ရှိကြလေပြီ။ သိကြားမင်းလည်း ဧရာဝဏ် ဆင်တော်ကိုစီးလျက် မိဖုရားလေးပါး ခြံရံကာ ကြွလာတော်မူ၍ ကသစ်ပင်ရင်း ခင်းအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလေသတည်း။

ဝိသကြုံလည်း နတ်တို့၏ တန်ခိုးဖြင့် တက္ကသိုလ်ဘောပွဲကို ဖန်ဆင်းပြလိုက်လေ၏။ သိကြားမင်းလည်း ကစားသူတို့၏ ဖျတ်လတ်ပုံ၊ လျင်မြန်





ပုံများကို မြင်မိသောအခါ 'ဝိသကြုံ၊ လူသားတို့၏ပြည်၌ ယခုကဲ့သို့ ဖျတ်လတ် လျင်မြန်သော လူသားများ ရှိပါ့မလား။ ယခင်တစ်ခါ နော်ရထာမင်းတရားကြီး လက်ထက်တော်တွင် ရွှေစည်းခုံဘုရားကို ငါကိုယ်တော်နှင့် တကွ နတ်အပေါင်းတို့ ဝိုင်းဝန်း၍ တည်ပေးစဉ်အခါက ကျန်စစ်သား၊ ငထွေးရူး၊ လေုံးလက်ဖယ်၊ ညောင်ဦးဖီး သူရဲကောင်းတို့ကို ငါ မြင်ဖူးခဲ့ပြီ။ သို့ရာတွင် ဤလူများလောက် မဖျတ်လတ်ပါတကား' ဟု လက်ဖျားတခါခါနှင့် မိန့်တော်မူလေသတည်း။ နတ်ပရိသတ်အပေါင်းတို့လည်း သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော် သြဘာပေးကြလေသတည်း။ နတ်တစ်ပါးမှာ အော်ဟစ်ရင်း လက်ကတီးကြားမှ ချွေးယို၍ စုတေရရှာ၏။ ထိုအခိုက်တွင် သိကြားမင်းလည်း ပုဏ္ဏကကို မြင်လိုက်သဖြင့် အခေါ်စေလွှတ်တော်မူ၍ ပုဏ္ဏက ရှေ့တော်သို့ ရောက်လာသောအခါ 'ဟဲ့-ပုဏ္ဏက၊ ငါသည် သင့်အား အသူရာ နတ်စစ်သည်တို့၏ အလာကို စောင့်ကြည့်ရန် ယုဂန္ဓိုရ်တောင်စောင်းတွင် ထားသည် မဟုတ်လော။ အဘယ်ကြောင့် ဤနေရာသို့ ရောက်လာသနည်း။ နင် ဒဏ်သင့်အံ့' ဟု ကြိမ်းဝါးလေ၏။ ထိုအခါမှ ပုဏ္ဏကကလည်း ဒူးတုပ်၍ 'မှန်လှပါ၊ စိုးရိမ်တော်မူပါနှင့် ဘုရား။ အသူရာနတ်စစ်သည်တို့မှာ တက္ကသိုလ်ကျောင်းသားများ ကန်သော ဘောသံကို ကြားရုံမျှနှင့် ဤအသံကား ကက္ကဋ္ဌ စည်သံထက် ပြင်းလှ၏ တကား။ ကြောက်မက်ဖွယ် ကောင်းစွတကား'ဟု မြည်တမ်းကာ လက်လွှတ် ထွက်ပြေးကုန်သဖြင့် ၎င်းတို့အား စောင့်ကြည့်ရန် မလိုတော့ကြောင်းပါ ဘုရား' ဟု လျှောက်ထားလိုက်လေ၏။ ထိုအခါ သိကြားမင်းလည်း လွန်စွာအားရတော်မူပြန်သတည်း။

ဘောပွဲကို ခင်းကျင်းပြသပြီးသောအခါ သျှောင်ငါးလုံးကို ချော့မွှတ်နေအောင် ထုံးထားသော ပဥ္စသီခနတ်သားလည်း ဗေလုဝနတ်စောင်းကြီးကို ပိုက်လျက် သိကြားမင်း၏ ရှေ့တော်မှောက်သို့ ရောက်လာလေ၏။ ထိုအခါ နတ်ပရိသတ် အပေါင်းတို့သည် 'ဘောပွဲကောင်းသည်ကို ဤမျှလောက်ပိုး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှုး နတ်သားသည် နောက်ပိုးသီချင်းနှင့် ဖျက်လာပြန်တော့မည်။ အရှက်နည်းလေစွ' ဟု တီးတိုးကြ၏။ မေးငေါ့ကြ၏။ မျက်စောင်းလည်း ထိုးကြသတည်း။ သုရိယဝစ္ဆနတ်သမီးမှာလည်း 'ဤနောက်ပိုးနတ်သား ငါ့အား ရှက်စရာကောင်းသော သီချင်းတို့ဖြင့် ဖွဲ့နွဲ့ဦးမှာ တကား' ဟု တစ်ကိုယ်တည်း ညည်းညူ၏။ ရှက်လည်း ရှက်၏။ တခြားသို့ ထ သွားချင်၏။ သို့ရာတွင် နတ်သမီးတို့ ကာယိန္ဒြေပျက်ယွင်းမည် စိုးသဖြင့် ထိုင်နေရှာလေသတည်း။

သို့ရာတွင် ပဉ္စသိခနတ်သားလည်း ဗေလုဝစောင်းကြိုးများကို စမ်းသပ်လိုက်သောအခါ နတ်ပရိသတ်တို့လည်း ကြက်သေသေလျက် နေကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ယခုခတ်လိုက်သော နတ်စောင်းသံမှာ ကြားနေကျဖြစ်သော ဥသဘ၊ ဓေဝတ၊ ဆဋ္ဇ၊ ဂန္ဓာရ စသော နွားလား ဥသဘ၊ မြင်း၊ ဥဒေါင်း၊ ဆိတ်တို့ မြည်သောအသံနှင့်တူသော အသံများ မဟုတ်။ တစ်ခါမျှ မကြားဖူးသေးသော ဘောသံနှင့်တူသော သာယာသော အသံ ဖြစ်နေသောကြောင့်ပင်တည်း။ ပဉ္စသိခနတ်သားလည်း ဆောကို ခြေနှင့် ခတ်လိုက်သောအသံ၊ နှစ်ယောက်ကြားတွင် လုကြ၍ မြည်ထွက်သောအသံ၊ ဂိုးတိုင်ကို ထိရိုက်၍ မြည်ထွက်လာသောအသံ အမျိုးမျိုးတို့ကို တီး၍ ပြလေသတည်း။ နတ်ပရိသတ်တို့သည် များစွာ နှစ်သက်ကြလေသတည်း။ တစ်ဖန် သီဆိုလိုက်သော သီချင်းမှာလည်း ကြားနေကျဖြစ်သော ပေါင်တန်က ဘယ်လို၊ လည်ပင်းက ဘယ်သို့၊ ပန်းနှစ်ပွင့်က ဘယ်နည်း စသော သုရိယဝစ္ဆနတ်သမီးကို ချီးကျူးသော စောင်းချင်းဂါထာများ မဟုတ်။ တစ်ခါမျှ မကြားဖူးသော ဂိုးစောင့်ကိုကိုလေးက ဘယ်လို၊ ဆီဘာရတ်နှင့် လက်စထရိန်းတို့က ဘယ်သို့၊ ဘွန်ဆောက်၊ ကိုဇင်ငွေ၊ မန်ရိုးတို့က ဘယ်နည်း၊ ကိုယုတ်ကွင်း၊ ကိုကံညွန့်၊ ကိုဝင်း၊ စတီဗင်၊ ကိုမောင်ကလေးတို့က ဘယ်လို ဘောလုံးကို ယူပြီး ဘယ်လို ဂိုးသွင်းလိုက်တာလား စသော တာဝတိံသာ ခေတ်စမ်းဘော သီချင်းများပင်တည်း။ ဩဘာသံကြီးလည်း ဆူညံသွားလေသတည်း။





ယင်းကဲ့သို့လျှင် ကသစ်သဘင်၌ တာဝတိံသာ ခေတ်စမ်းဘောသံ ဘောသီချင်းများကို သီဆိုတီးခေါက်ပြီးသည့်အဆုံး၌ သုရိယဝစ္ဆနတ်သမီးလည်း ပဉ္စသိခနတ်သား၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားရာ နောင်အခါတွင် ၎င်းတို့နှစ်ဦးသည် နတ်တို့၏ အခမ်းအနားဖြင့် မင်္ဂလာဆောင်ကြလေသတည်း ဟူ၍။ အဲ–ဒါလိုများ ကိုယ်တို့လူတွေရဲ့ဂုဏ်ကို ရွှန်းရွှန်းဝေနေအောင် လေပေါ်ပေါ်နဲ့ လျှောက် "ဖြီး"လိုက်ရရင် သိပ္ပံကိုဝက 'ကွယ့်...ကိုဇော်ဂျီရဲ့၊ မောင့်စာဟာ လွန်လွန်းသည်ပင်' လို့များ ပြောဦး မလား မပြောတတ်ပါဘူးဗျာ။

[ဘောလုံးပွဲ အောင်တော်မူမှတ်တမ်း၊ ၁၉၃၄]

www.burmeseclassic.com

# သော့တွဲနှင့် နတ်ရုပ်

[ ၁ ]

'မိန်းမတန်မဲ့ ငိုး ငိုး မြည်အောင် နှပ်ညှစ်တာရယ်၊ နားရွက်ထဲမှာ သနပ်ခါးခြောက်တွေ မစင်တာရယ် ငါ ရွံသကွာ'

'ဒါကတော့ ကိုကြီးချိပ်ရာ၊ အနွံ့ရာယ် လွယ်မထားကောင်းဘဲကိုဗျ၊ အနို့ ...နှပ်တွဲလောင်း ကျလာတော့ ဘယ့်နှယ်လုပ်မလဲ'

'မင့် သနပ်ခါးခြောက်တွေကကောကွာ'

'ကိုကြီးချိပ်ကလည်းဗျာ၊ ကတ်သီးကတ်သတ်၊ အပြစ်မဟုတ်တာကို အပြစ်လုပ်နေပြန်ပါပြီ။ သနပ်ခါး ညတိုင်း လိမ်းအိပ်လို့ပေါ့ဗျာ၊ ဟဲ ...ဟဲ ...ဟဲ'

'ခပ်အေးအေး နေစမ်းပါရစေကွာ'

ကိုချိပ်သည် ငြင်းပယ်သံဖြင့် နှုတ်ဖျားက ထိုသို့ ညည်းလိုက်သော်လည်း စိတ်မျက်စိ၌ကား မရွှေပွင့်ကို တရေးရေး မြင်နေမိသည်။

မရွှေပွင့်သည် ဒေးဒရဲသူ၊ ပွဲကတော် မုဆိုးမ၊ အသက် လေးဆယ်ကျော် လေးဆယ့်တစ်နှစ်အတွင်း၊ သားသမီး မရှိ၊ လုံးချင်း။ ကိုယ်ဟန်တောင့်တင်းလှသည်။ ကျားခေါင်းလက်ကောက်ကို ဝတ်၏။ ဆေးပေါ့လိပ်သောက်တတ်၏။ ကွမ်း စားတတ်သည်။ ကွမ်းစားသောအခါ လက်ညှိုးတစ်ခု၊ လက်မတစ်ခုဖြင့် နှုတ်ခမ်းကို သပ်လေ့ ရှိသည်။ ထိုအခါ ငါးပူတင်းပါးစပ်ကလေးနှင့်ပင် တူတော့သည်။ သူ၏ကိုယ်မှ အမြဲလိုလို တောင်တန်





ကြီးနံ့ မွှေးနေသည်။ စကားပြောသောအခါ ပျော့ပျော့ ပျော့ပျော့နှင့် အာလေးလေး ပြောတတ်သည်။

ကိုချိပ် အလည်လာစဉ်က ကိုချိပ်ကို လက်ဖက်ရည်ကြမ်း၊ လက်ဖက်၊ ငါးပုပ်ခြောက်များနှင့် တရိုတသေ ဧည့်ခံဖူးသည်။ ကိုချိပ် လက်သုတ်ရန် ဗီရိုကို သော့ဖွင့်ပြီးလျှင် လက်သုတ်ပဝါကို ထုတ်ချပေးဖူးသည်။ ကိုချိပ်သည် သော့တွဲကို သေသေချာချာကြည့်၏။ သော့ပေါင်း တစ်ဆယ့်နှစ်ချောင်း၊ ငွေနားဖာကလော်၊ ငွေသွားကြားထိုးတို့ကို မြင်သည်။ သော့ကွင်းတွင် ပဝါဖြူတစ်ထည် ချည်လျက်ရှိသည့်အပြင် အရိုးဖြူ စိပ်ပုတီး တစ်ကုံးလည်း ကွင်းလျှောပတ်လျက် ရှိလေသည်။ ဧည့်ခံစဉ်က မရွှေပွင့်သည် ကိုချိပ်၏ ဝဲဘက် ဘေးတိုက်ထိုင်၍ ဧည့်ခံသည်။ သော့တွဲကို ပခုံးပေါ်သို့ ပစ်တင်ထားသဖြင့် သော့အပေါင်းတို့သည် မရွှေပွင့်၏ ကျောကို မှီ၍ ကိုချိပ်ကို တစေ့တစောင်းကြည့်ကာ မျက်စပစ်နေသည်နှင့် တူလေသည်။ ပဝါဖြူနှင့် စိပ်ပုတီးတို့ကား ရင်ဘတ်ဆီတွင် တွဲလွဲခို၍ ဏ္ဍန္ဆြေရစွာ နေကြသည်။

[ ၂ ]

'ရှက်စရာ ကွယ်တို့ရယ်၊ ဒီအကြောင်းကို လာမပြောကြစမ်းပါနဲ့'

'မမပွင့်ရယ် မမပွင့်မှာလည်း ရှေးဘုန်း ရှေးကံက အကျိုးပေးလာတဲ့အတိုင်း ကြီးမြင့်တိုးတက်ဖို့၊ ကျွန်မတို့အရပ်မှာလည်း ကျက်သရေ ရှိဖို့ပါပဲ။ ဪ ...ကိုကြီး ကိုလွမ်းပြေ ရှိစဉ်တုန်းကတော့ ကျွန်မတို့အရပ်မှာ သူပဲ ဦးစီးခေါင်းဆောင်ပြုပြီး သင်္ကြန်အခါဆိုရင်လည်း ဇိဝိတဒါန နွားအိုများကို လွှတ်လို့၊ ကဆုန်လကျရင်လည်း မင်းညီနောင် လှည့်လို့၊ အရပ်ဇာတ်မှာ ဆိုရင်လည်း သူပဲ အုပ်စီးတာပဲ။ ဪ ...မျက်စိထဲမှာ မြင်နေသေးတော့'

'အေး–အေ ... ကိုလွမ်းပြေကတော့ ကသိုလ်လည်း မပြတ်ရ၊ အခြ အခန့် အတီး အမှုတ်လည်း ဝါသနာပါသအေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့်မို့ ကျွန်မတို့က မမပွင့်ကို အခု တိုက်တွန်းနေရတာပါ။ အရပ်လည်း ကျက်သရေရှိပါတယ် မမပွင့်ရယ်'

'တော်ပါအေ… ညည့်လူက ပုဆိုးခါးပုံကလေး မ ကာ မ ကာနဲ့ ငါ အင်မတန် မြင်ပြင်းကတ်တယ်'

'ဩော်… သူတို့ မင်းယောကျ်ားသားများမှာတော့ ပုဆိုးခါးပုံနဲ့မှ တင့်တယ်တော့မပေါ့'

'နောက်ပြီးတော့ ထုံးဘူးထဲမှာ ထုံး သိပ်နှိုပ်ကလော်၊ ပိုနေမှ အိမ်ခါးပန်းကို သုတ်တာဟာ ငါ မကြိုက်ပါဘူးအေ'

'မမပွင့်ရယ်၊ ဒါလောက်ဟာကလေးများ ကိုယ့်လက်ထဲ ရောက်လာတော့ ပြုပြင်ယူရတာပေါ့'

'ရှက်စရာအေရယ်၊ ဒီအသက်အရွယ် ကျခါမှ…'

'အို…မမပွင့်ကလည်း ရှက်စရာ မဟုတ်တာဘဲ၊ ကျွန်မတို့တော့ ကျီးကန်းပက်လက်ပျံမှ ရှက်မယ်'

'ပုတီးနဲ့ နေပါရစေအေ'

မရွှေပွင့်သည် နှိုဗ္ဗိန္ဒသံဖြင့် နှုတ်ဖျားက ထိုသို့ တရားကျလိုက်သော်လည်း အိမ်ဦးခန်းတွင် တင်ပျဉ်ခွေ ထိုင်သွားဖူးသော ကိုချိပ်ကို မြင်ယောင်ယောင် ဖြစ်နေမိသည်။

ကိုချိပ်သည် တော်ကမယ်ရွာသား၊ ယခင်က လှေသူကြီး၊ မုဆိုးဖို၊ အသက် လေးဆယ့်ငါးနှစ်သာသာ။ သားသမီး မရှိ၊ လုံးချင်း၊ လူလုံးလူဖန် သေးသေးသွယ်သွယ်၊ ကွမ်းစားလွန်းသဖြင့် သွားနက်ကျားကျား၊ လက်ဖက်လည်း ကြိုက်တတ်သည်။ မယား မမင်းပုံ ရှိစဉ်အခါက မယား အပြုအစုကို ခံ၍ မယား၏ လောင်းရိပ်ကိုခိုလျက် စာကလေး ပေကလေးနှင့် ခပ်အေးအေး နေခဲ့သူ ဖြစ်သည်။ စကားပြောကောင်း၊ တရားဟောကောင်း။ မန္တလေးပုဆိုးကို ခါးပေါ်က မချ။ လည်ပင်းတွင် စလုတ်၏ ဝဲယာနှစ်ဖက်၌ ဆေးမှိုနှတ်ရုပ် နှစ်ရုပ် ထိုးထားသည်။





'မရွှေပွင့်ရဲ့၊ ကျုပ်တို့မှာ ပွဲထဲကလို မင်းသားကြီး ကျားဖြစ်ခန်း ထွက်နေကြပြီ။ မင်းသားကြီးဟာ ရေမှန်ကို ရှုလိုက်လို့ မိမိ၏ကိုယ်မှာ ကျားခေါင်းကြီး ပေါက်နေတာကို မြင်တော့မှ… "အမယ်မင်း…ရုပ်သွင်အရို၊ ကျုပ်မြင်မိအောင်၊ စောင်းလှည့် ယခု၊ ရဝေစံ၊ ရေမှန်ကို ရှုလိုက်ပါ၊ အမှုမကောင်း၊ ရာရတီနှစ်၊ သာကီစစ်မှာ၊ တဖြစ်သို့ ပြောင်းပါပကော၊ အဟောင်းရုပ်ပျက်၊ လေးဖက်ကို ထောက်လို့မို့၊ ကြောက်စဖွဲ့ဌား၊ မွေးဖွားဖွားနှင့် တောကျားဇကန်၊ ဖြစ်ခဲ့ပြီ မှန်ပါပေါ့၊ နိုင်ငံက မယ်မယ်၊ သားလူလှ မျက်ခြယ်ကို၊ မြင်ဖွယ်မှ ရှိသေးရဲ့လား–မယ်မယ်ဘုရား" အဲဒါမျိုးလိုနေကြပြီ မရွှေပွင့်ရဲ့' ဟု မင်းသားကြီးလေသံဖြင့် ကိုချိပ်က ဆိုပြလိုက်သောအခါ မရွှေပွင့်သည် ကိုချိပ်၏ စလုတ်ပေါ်တွင် တလှုပ်လှုပ် တရွရွ၊ နိမ့်ချည်မြင့်ချည် ဖြစ်နေကြသော ဆေးနီနတ်ရုပ်တို့ကို ငေး၍ကြည့်ရင်း မျက်ရည်များပင် ဝိုင်းလာဖူးသည်။

[ ၃ ]

ကိုချိပ်သည် မရွှေပွင့်၏အိမ်သို့ လာရောက်လည်ပတ်ခဲ့သည်မှာ ခြောက်ကြိမ် ရှိလေပြီ။ မင်းမဟော်ပင် ဇာတာညှိုးနိုက်မို့ အိုးဖို၌ ပုန်းရှောင်နေခဲ့ရကြောင်း၊ ဇနကမင်းသားသည် မဟာသမုဒ္ဒရာ ရေပြင်ကျယ်၌ လှိုလမလျှော့ဘဲ လက်ပစ်ခဲ့ကူးကြောင်း၊ သမ္မဒါတရား လေးပါးအကြောင်း၊ ရန်အောင်ခြင်းတရား လေးပါးအကြောင်း၊ အိမ်တွင်းက မီးကို အိမ်ပြင်သို့ မထုတ်၊ အိမ်ပြင်က မီးကို အိမ်တွင်းသို့ မသွင်းသော အိမ်ရှင်မ ဝိသာခါ အကြောင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရား အကြောင်း၊ အင်မတန် ခက်ခဲနက်နဲသော ပဋ္ဌာန်းတရားတော်ကြီး အကြောင်း၊ မယား လင် အိမ်ထောင်ရှင်များကို သိကြားမင်းကပင် ပူဇော်ဦးညွတ်လေ့ ရှိကြောင်း၊ မိမိမှာ မွေးလက လွန်လျှင် လက်ခွင် စန်းခွင်မှ ပါပဂြိုဟ်များ ဆင်းကြမည်ဖြစ်၍ ဇာတာသန့်စင်တော့မည် ဖြစ်ကြောင်းတို့ကို အာဝဇ္ဇန်းရွှင်ရွှင် ဟောပြောလေ့ ရှိသည်။ ထိုသို့ ဟော



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် အခါတိုင်း လည်ပင်းက ဆေးနီနုတ်ရုပ် နှစ်ရုပ်သည် နဂိုက ယိုးဒယားက က နေဟန် ထိုးထားသဖြင့် ယိုးဒယားက က နေသည်ဟု ထင်ရသည်။ မရွှေပွင့်ကလည်း သော့ တစ်ဆယ့်နှစ်ချောင်း ရှိထသော သော့တွဲကြီးကို ပခုံး၌ တင်ကာ ဓိုးကွက်ငယ်ကလေးပမာ ဣန္ဒြေရရ ညည့်ခံလေ့ ရှိသည်။

ခုနစ်ကြိမ်မြောက် အလည်ရောက်လာသောအခါ ကိုချိပ်သည် အခါ တိုင်းနှင့်မတူ၊ အမြဲလိုလို ချိုပြုံးနေသည်။ မရွှေပွင့်သည်လည်း ဘာဖြစ် သည်မသိ၊ အပျိုဖြန်းကလေးပမာ ခဏခဏ ရှက်တတ်နေသည်။ တစ်နေ့ နံနက်စောစောတွင် ကိုချိပ်သည် အိပ်ခန်းတွင်းမှ ထွက်လာသော မရွှေပွင့်ကို ပိုင်စိုးပိုင်နင်းကြည့်၍ ပြုံးနေသည်။ မရွှေပွင့်သည် ခေါင်းငုံ့လျက် ထွက်လာ၍ နောက်ဖေးဆောင်သို့ ကူးရင်း ပြုံးသွားသည်။

နောက်တစ်ခေါက် အလာတွင် ကိုချိပ်သည် ရှိစုမဲ့စု အိမ်ထောင် ပစ္စည်းများကို သိမ်းယူလာခဲ့သည်။ ကာလသားခေါင်းအား ခဲဖိုးငွေ အစိတ် ပေးလိုက်ပြီးနောက် အရပ်လူကြီး လေးငါးဦးကို ဖိတ်၍ လက်ဖက် တစ်ထုပ် စီ၊ အညာကွမ်းအစ် တစ်လုံးစီ ကမ်းလိုက်သည်။

[ ၄ ]

တစ်လခန့် ကြာသောအခါ တစ်နေ့သ၌ နေ့လယ်နေ့ခင်း နေပူပြင်းလှသည်။ လေပူကလည်း တစ်ခါတစ်ခါ ဝှေ့လာသဖြင့် အိုက်စပ်စပ် နိုင်လှသည်။ ထိုအခိုက် နွားလှည်းတစ်စီးသည် တအီအီ တကျည်ကျည်မြည်လျက် အိမ်ရှေ့ကိုဖြတ်၍ မောင်းသွားသည်။ ထိုအခါ အိမ်ရှေ့ခွေးကတက်တွင် မှိန်းနေသော ခွေးသည် အူထဲ အသည်းထဲက ယားလာ၍လား မသိ၊ လေးဖက်ထောက်ထ၍ ကျည်ကျည်လောင်လောင် အူပါလေ၏။

မရွှေပွင့်က 'ဟဲ့...ခွေး၊ တိတ်၊ နွားလှည်းက သူ့ဘာသာ သူမြည်တာ၊ နင်နဲ့ ဘာဆိုင်လို့လဲ'





အိမ်ဦးခန်းတွင် သင်ဖြူးဖျာချောပေါ်၌ အစင်းသား အိပ်နေသော ကိုချိပ်သည် ခေါင်းထောင် ကြည့်လိုက်၏။ ထိုအခါ မရွှေပွင့်က 'နင့်ကို မွေးမိတာ ငါ့မှာ ငါးပါးကြီး မှောက်နေပြီ။ နင်ဟာ အူတတ်၊ ဟောင်တတ်တာ တစ်ခုပဲ သိတယ်၊ နင့်မှာ ဘာအမွေးတစ်ပင်မှ မရှိဘူး' ခွေးသည် အအူ ရပ်၍ "ခွေးပဲ အူတတ်တာပေါ့ဗျ"ဟု ဆင်ခြေကန်ချင်သော အမူအရာ မျိုးဖြင့် မရွှေပွင့်ကို တစ်ချက် လှမ်းကြည့်သည်။ ထိုနောက် လည်ပင်းက ဝဲခြောက်ကို နောက်ခြေဖြင့် အယားဖျောက်ကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။

'ဆင်း၊ ငါ့အိမ်ပေါ်က အခုဆင်း... နင့်မှာ လည်ပတ်တစ်ခုပဲ ရှိတယ်။ တစ်ကိုယ်လုံး ဝဲချည်းပဲ'

'မရွှေပွင့်ရယ်...ခွေးနဲ့ဖက်ပြီး ရန်ဖြစ်ရသလား'

'ဖြစ်တယ် ...ဖြစ်တယ်၊ တော်နဲ့ ဘာမှ မဆိုင်ဘူး'

'တယ်...ဒီမိန်းမ'

'ဘာ..ဘာ...ဘာ...'

'မင့်မှာလည်း ဘာအမွေးတစ်ပင် ရှိလို့လဲကွ၊ သော့တွဲပဲ ရှိတယ် မဟုတ်လား'

'တွဲတွဲ မတွဲတွဲ၊ တော်နဲ့ ဘာဆိုင်သလဲ'

'ကိုင်း...သေရော့ဟယ်' ဟု ဝေါက်လျက် ကိုချိပ်သည် မရွှေပွင့်ကို အနီးရှိ ကွမ်းအစ်နှင့် ဆွဲပေါက်လေ၏။ မရွှေပွင့်သည် ကျောပေး၍ ရှောင် လိုက်ပါ၏။ သို့ပါသော်လည်း မလွတ်။ ကျောကြီးကို မှန်လိုက်သဖြင့် အစ်တခြား၊ အံ တခြား၊ ကွမ်းညှပ်တခြား၊ ထုံးဘူးတခြား၊ ကွမ်းသီးတခြား၊ ကွမ်းရွက်တခြား လွင့်စင် ပြန့်ကျဲသွားကြသည်။

မရွှေပွင့်သည် ထွန့်ထွန့်လူးကာ တက်တော့ ချက်တော့မလောက် ဖြစ်ပြီးလျှင် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ဟစ်၍ ခြေပစ် လက်ပစ် ငိုပါ လေ၏။ အိမ်နီးချင်းတို့သည် ဝိုင်းအုံလာ၍ 'ပွဲကတော်ကြီးရဲ့၊ လှေသူကြီး မင်းရဲ့' ဟု ချော့ကာ မော့ကာ ရန်ဖျင်ကြရသည်။ ညနေစောင်း အညာဆန်



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီး ဆိုက်ချိန်တွင် ကိုချိပ်သည် သူ့အိပ်ရာလိပ်၊ သူ့ကိုယ်ပိုင် ပစ္စည်းတို့ကို ယူ၍ အိမ်မှ ဆင်းသွားလေသည်။

[၅]

မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေကြသည်မှာ လေးနှစ်ခန့် ကြာသွားသည်။ တစ်ညတွင် ဒေးဒရဲမြို့နှင့် မဝေးလှသော ရွာတစ်ရွာ၌ ဘုရားပွဲတော်အတွက် ဇာတ်တစ်ဇာတ် က ရန် ရှိသည်။ သို့ရာတွင် က ဖြစ်၊ မက ဖြစ် သေချာစွာ မသိရသေးချေ။ အကြောင်းမှာ ဆိုင်းသမားအချို့သည် မနက်က ထမင်းပွဲတွင် ဇာတ်ဆရာနှင့် အချင်းများ၍ ကပ်ဖဲ့လုပ်ကာ ထွက်သွားကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ချက်ချင်း လူလွှတ်၍ တွံတေးမှ ဆိုင်းဝိုင်းတစ်ဝိုင်းကို မှာထားကြသည်။ အကယ်၍ တွံတေးဆိုင်း လာခဲ့သော် က ဖြစ်လိမ့်မည်။

ညဦး ခုနစ်နာရီခွဲလောက်တွင် ပတ်မသံပေးကာ တွံတေးဆိုင်းသမွန် ရောက်လာ၏။ က ဖြစ်ပြီ။ ဆိုင်းဆရာသည် ဇာတ်မင်းသားနှင့် သီချင်း တိုက်သည်။ ထိုအခိုက် ဆိုင်းနောက်ထိုင် ကိုချိပ်သည် ကမန်းကတန်း ပတ်စာ နယ်ပေးပြီးလျှင် တဘက်ညစ်ညစ်ကို ခေါင်းမှာပတ်လျက် မရွှေပွင့်ကို တွေ့လို တွေ့ငြား ပွဲခင်းတွင် လှည့်၍ကြည့်သည်။ ပွဲခင်းတွင် လူစည်ကားလှသည်။ လာသူက လာတုန်းပင် ဖြစ်သည်။ ကိုချိပ်သည် ပွဲခင်းတွင် မရွှေပွင့်နှင့် တူသူကိုမျှ မတွေ့။ ဆိုင်းဝိုင်းသို့ ပြန်လာ၍ လင်းကွင်းကြီးကို ကိုင်ရှာသည်။

ပွဲထွက်ပြီ။ ကိုချိပ်သည် စိတ်မကောင်း။ နောက်တစ်ကြိမ် ထွက်ရှာလိုက်ချင်သေး၏။ သို့ရာတွင် ဇာတ်ခုံ၌ ပြည်ဖုံးကားကို လိပ်တင်လိုက်သဖြင့် နတ်ကတော်သည် ခါးထောက်လျက် ပေါ်လာသည်။ ခေါင်းတွင် ငွေကြယ်ပေါက် ရှန်နီပတ်၍ နှစ်စချလျက်၊ လက်တွင် သပြေခက်များကို ကိုင်လျက် ပရိသတ်ဘက်သို့ မျှော်ကြည့်လိုက်သည်။ ဆိုင်းသံသည် ဆူညံ နေသည်။ နတ်ကတော်သည် အုန်းပွဲ၊ ငှက်ပျောပွဲကို ဆိုင်းသံနှင့်ချီ၍





အရပ်လေးမျက်နှာဘက်သို့ ဆိုင်းသံနှင့် တလှုပ်လှုပ်ပြုကာ တင်မြှောက် ပသပြီးနောက် လေးကန်စွာ ကသည်။

က ၍ ပြီးသောအခါ 'မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်လေး...'ဟု နတ်သံ တိုင်လိုက်သည်။ ကိုချိပ်သည် ခေါင်းကိုမော့၍ နတ်ကတော်လုပ်သူကို မျက်မှောင်ကုတ်လျက် ကြည့်နေမိသည်။ ဆိုင်းဝိုင်းထဲမှ ဆိုင်းနောက်ထိုင်များ သည် ထုံးစံအတိုင်း 'ဟေး...ဟေး...ဟေး' ဟု သုံးကြိမ်တိုင်တိုင် အသံ ဖောက်၍ ဆိုကြရသည်။ ထိုသို့ ဆိုကြရသော ဆိုင်းနောက်ထိုင်များအနက် တစ်ယောက်က မျက်မှောင်ကုတ်လျက် ကြည့်နေသော ကိုချိပ်ကို တံတောင် နှင့် တွတ်လိုက်ရာ ထိုအခါမှ ကိုချိပ်သည် နောက်ဆုံး တစ်"ဟေး"ကိုသာ ဆိုလိုက်နိုင်သည်။ ထို့နောက် ဆိုင်းသံသည် ဆူညံလာပြန်၍ က သူသည် ဣန္ဒြေရရ က နေပြန်သည်။ "မရွှေပွင့်နဲ့တော့ တူတာပဲ၊ ဟယ်–ဟုတ်နိုင်မယ် မထင်ပါဘူးလေ"ဟု စိတ်ထဲက အောက်မေ့လျက် ကိုချိပ်သည် လင်းကွင်းကို တီးမြဲ တီးနေသည်။

ထို့နောက် နတ်ကတော် အကသည် က ရိုး ကစဉ်အတိုင်း တဖြည်းဖြည်း သွက်လာသဖြင့် ဆိုင်းသံကလည်း သွက်လာသည်။ ဆိုင်းနောက်ထိုင်များထဲမှ သံတိုင်တစ်ယောက်က 'သက်ကယ့် သက်ကယ်ခေါ် တော်ပါပေရဲ့လေး' ဟု တိုင်ပေးရာ ကျန်ဆိုင်းနောက်ထိုင်များက 'အပျိုတော် မဂျာအေး ဆီးကြိုနှင့်လေး' ဟု ဆိုကြသည်။ ထိုနောက် ဆိုင်းသံက ဗုံပတ် ဗုံပတ်နှင့် ခပ်သွက်သွက် မြည်လာသည်။

ထိုအခါ နတ်ကတော်သည် ညာခြေတစ်ဖက်ကို ရမ်းကာ လွှဲကာ၊ ညာလက်ဝါးကို မှန့်လေပွေ ကင်သကဲ့သို့ မှောက်ချည် လှန်ချည် ခပ်သွက် သွက်ပင် က လေသည်။ က ရင်း ဆိုင်းဝိုင်းဆီသို့ မျက်စိရောက်သွားရာ "ဟိုလူဟာ ကိုချိပ်များ ဖြစ်နေမလား"ဟူသော နတ်ကတော်၏ အတွေးသည် လေထဲတွင် အမျှင် တန်းနေသကဲ့သို့ ဖြစ်လာသည်။ ထို့နောက် ဆိုင်းက "ပလို့ထိ၊ ပလို့ထိ" နှင့် ဆင့်၍ ဆင့်၍ တီးပြန်သဖြင့် နတ်ကတော်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းချက်နှင့် ကိုက်အောင် မျက်စပစ်လိုက်၊ မေးထိုးလိုက် က ပြန်သည်။ ပရိသတ်၏ ဝဲဘက်၊ ယာဘက်အတွက် ကိစ္စပြီးသွားသဖြင့် မျက်နှာတူရှုဆီသို့ မျက်စပစ်၍ မေးထိုးလိုက်သောအခါ ကိုချိပ်၏ မျက်နှာတည့်တည့်ကိုမှ မေးထိုးမိလျက်သား ဖြစ်သွားသည်။

ကိုချိပ် မျက်နှာပျက်သွား၍ လင်းကွင်းကြီးကိုလည်း မဲကာ တအားကုန် တီးလေတော့သည်။ နတ်ကတော်သည်လည်း တစ်ခါတစ်ခါ ခုန်ဆွခုန်ဆွ၊ တစ်ခါတစ်ခါ ပတ်ချာလှည့်ကာ သားပျောက်ရှာသော ကြက်မကြီးကဲ့သို့ တရကြမ်း က လေ၏။ တစ်ပတ်နွမ်း ကြိုးကြီးချိတ် ထဘီနားသည် အတော် ဖွာသွားပေမည်။

[ ၆ ]

နောက်တစ်ခန်းတွင် ဇာတ်ခုံရှေ့ပိုင်း၌ ဝန်လေးပါး ထွက်လာ၍ ဝန်စကားပြောနေကြသည်။ ဆိုင်းဝိုင်းထဲတွင် ကိုချိပ် မရှိ။ ဇာတ်ခုံနောက်ပိုင်း၌ ဇာတ်သေတ္တာတစ်လုံးကို မှီ၍ ညာဒူးပေါ် ညာလက်မောင်းတင်လျက် ဥပကထိုင် ထိုင်၍ ငိုင်နေသည်။ မရွှေပွင့်သည် ကိုချိပ်၏ အနီးတွင် ကျုံ့ကျုံ့ထိုင်ကာ ခေါင်းကို လျှိုထားသည်။ သူ့အရှေ့၌ ဇာတ်သေတ္တာကို မှီထောင်ထားသော မှန် ရှိသည်။ မှန်ပတ်လည်တွင် အရောင်တင် မျက်နှာချေ၊ စက္ကူပြန်း၊ မျက်ခုံးမွေးဆွဲသော မင်၊ မင်တံ၊ ဘီး၊ ချိတ်၊ ကျောက်ပြင်တို့ ရှိကြသည်။ ကျောက်ပြင်အနီးတွင် ထွန်းထားသော ဖယောင်းတိုင်သည် ခပ်မှိန်မှိန်သာ လင်းလျက်ရှိသည်။ ထို့ကြောင့် ယခုအခါတွင် ကိုချိပ်၏ လည်ပင်းက ဆေးနီ နတ်ရုပ်နှစ်ရုပ်သည် မီးရောင်ခပ်မှိန်မှိန်တွင် ကွယ်လျက်နေကြလေပြီ။ မရွှေပွင့်၏ ပခုံးပေါ်၌လည်း သော့တွဲကြီး မရှိတော့ပြီ။

'ဖြစ်မှ ဖြစ်ရလေ မရွှေပွင့်ရယ်'

မရွှေပွင့်မှာ မျက်ရည်များ ဝိုင်းလာသည်။

'ကဲကွယ်...မင်း နတ်ကတော် မလုပ်ပါနဲ့တော့...ငါပဲ မင်းသားကြီး





လုပ်ပြီး ကျွေးပါ့မယ်။ အခု ဒီဇာတ်ထဲမှာ မင်းသားကြီးတစ်ယောက် လိုတယ်လို့ ကြားရတယ်...'

မရွှေပွင့်သည် ကိုချိပ်ကို မော့ကြည့်၏။ မျက်ရည်ဝိုင်းနေသော မျက်လုံးမှ မျက်ရည်ပေါက်ကြီး နှစ်ပေါက်သည် ပါးပေါ်သို့ လိမ့်ကျလာကြသည်။

ထိုအခိုက် ဇာတ်ခုံရှေ့ပိုင်းတွင် နန်းထိုင်ရှင်ဘုရင်နှင့် ဝန်လေးပါးတို့သည် တိုင်းရေး ပြည်ရေး၊ သာသနာတော်အရေး၊ သားတော် သမီးတော်အရေးတို့ကို ဆွေးနွေးနေကြဆဲ ဖြစ်သည်။ ရှင်ဘုရင်နှင့် ဝန်တို့၏ စကားတို့ကို ဇာတ်ခုံနောက်ပိုင်းက ကြားနိုင်သည်။

ဝန်တစ်ပါး အသံ။ ။'မှန်လှပါ။ ကိုယ်တော်ရှင်မြတ် ထားအပ်သော မေတ္တာ၊ မဟာကရုဏာတော်၊ ဤနှစ်ဖော်ကြောင့် ပြည်တော်သားဆင်းရဲသား နှစ်ပါးစုံ အေးချမ်း၊ ပဒုမ္မာ ရွှေကြာပန်းကဲ့သို့၊ ရွှင်လန်းလှကြောင်းပါ ဘုရား'

ရှင်ဘုရင်၏ အသံ။ ။'သာဓု...သာဓု...သာဓု၊ မင်းကြီးတို့စကား၊ ကိုယ်တော်မြတ် ကြားရလို့၊ အားရ ရွှင်မွေ့၊ နှလုံးတော် လေဒေ့၊ သဘောတော် တွေ့တယ် မင်းကြီးများ'

ထိုအခါ ဆိုင်းဝိုင်းထဲမှ ပတ်မကြီးက "ဗေ–ထိ–ထိ–ထိ–ထိ"ဟု ခပ်လေးလေး ဆွဲ၍ ဆိုင်းခွံ့လိုက်လေသတည်း။

[ ဂန္ထလောက၊ စက်တင်ဘာ၊ ၁၉၃၅]

www.burmeseclassic.com

www.burmeseclassic.com

# အချစ်နှင့် စစ်ပွဲ

## [ ၁ ]

တတိယမြောက် နေ့မှာလည်း တပ်မောင်းတော်ကြီးကို ခါတိုင်းကဲ့သို့ပင် သုံးကြိမ် တီးလိုက်သည်။ ရဲဘက် မြင်းတော်ဗိုလ် ခြောက်ယောက်လည်း ခါတိုင်းကဲ့သို့ပင် ဗိုလ်မှူးဘုရင့်နောင်၏ ယာယီစံအိမ်တော်သို့ မြင်းကိုယ်စီနှင့် ရောက်လာ၍ ဝင်းတံခါးဝတွင် စောင့်နေကြသည်။ ဗိုလ်မှူးသည်လည်း ခါတိုင်းကဲ့သို့ပင် ကြင်ရာတော် သခင်ကြီးကို နှုတ်ဆက်၍ ယာယီ စံအိမ်တော်လှေကားမှ ဆင်းလာသည်။ ထို့နောက် မြင်းစီး၍ တပ်တော်များကို လှည့်လည် ကြည့်ရှုသည်။ ထို့နောက် ရောဝတီမြစ်ဆိပ်မှ မြစ်လယ်ရှိ အင်ပျော့ကျွန်းသို့ ရွှေလှော်ကားဖြင့် ကူးသည်။ ထို့နောက် အင်ပျော့ကျွန်း ရေတပ်စခန်း ယာယီနန်း၌ စံနေတော်မူသော ကေတုမတီ တောင်ငူဘုရင်မင်းတရားရွှေထီးထံ အခစားဝင်လေသည်။

ကြင်ရာတော်သခင်ကြီးသည်လည်း ခါတိုင်းကဲ့သို့ပင် အိမ်တော်လေသာပြတင်းကို ပိတ်၍ မိမိ၏ အဆောင်တော်သို့ ပြန်လာသည်။ သို့ရာတွင် ခါတိုင်းနှင့်မတူ၊ တစ်မေးလောက် စက်တော်မူရမည့်အစား ရေမိုးသုံးသပ်တော်မူရန် ဝတ်လဲတော်များကို ချွတ်တော်မူသည်။ ချွတ်ရင်း ရံရွေတော်အချို့အား အနီးအနားရှိ တောင်ကုန်းပေါ်က စေတီသို့ အဖူးအမြော်သွားဖို့





ဘုရားသွား ကျောင်းတက် အဝတ်များကို ဝတ်ဆင်ပြီးစီးနှင့်ကြစေရန် နှိုးဆော်လိုက်သည်။

အားလုံး ပြီးကြပေပြီ။ သခင်ကြီးမှာကား ပြီးတော်မမူသေး။ ကြေးမုံပြင်ရှေ့ဝယ် သူ၏ မဟာနဖူးကိုလည်း အနည်းငယ် လှလိုက်ချင်သေးသည်။ စေတီ၌ ပန်းပူဇော်ရန် ပန်းပဒေသာကိုလည်း သူကိုယ်တိုင် သီလိုက်ချင်သေးသည်။ သူ၏လည်တိုင်၌ အတန်ငယ် ထူပိန်းနေသော နံ့သာစကိုလည်း ညှိလိုက်ချင်သေးသည်။

စေတီ၌ တင်လှူမ်းပူဇော်ရန် ကြာသကန်းကိုလည်း သူကိုယ်တိုင် ရွှေ မွမ်းမံ ခြယ်လှယ်လိုက်ချင်သေးသည်။ ရွှေဝါပိတ်ရှင်းပဝါကို ခြုံသိုင်း၍ သွားရလျှင် ကောင်းမည်လား၊ ရိုးရိုး ဖြူဖြူစင်စင် ရထည်းပဝါနှင့်သာ သွားရလျှင် ကောင်းမည်လား ဟုလည်း အတွေးနှစ်ခွ ဖြစ်နေသေးသည်။

ထိုအခိုက်တွင် အဝေးမှမြည်လာသော မြင်းခွာသံတို့သည် အိမ်တော် ဝင်းဝ၌ ရုတ်ခြည်းရပ်၍ တိတ်သွားသည်။

သခင်ကြီးသည် တွေဝေစဉ်းစားနေရာမှ အိမ်တော်ပြတင်းဆီသို့ သွားသည်။ တံခါးရွက်တစ်ချပ်ကို အသာလှပ်၍ ကြည့်လိုက်သောအခါ ဘုရင့်နောင်ကို မြင်သည်။ ဘုရင့်နောင်သည် ဝင်းဝတွင် ဗိုလ်ခြောက်ယောက်နှင့် စကားပြောနေသည်။ ထို့နောက် ဗိုလ်တစ်ယောက်ထံမှ ပုရပိုက်တစ်စည်းကို လှမ်းယူလိုက်သည်။ ထို့နောက် မြင်းပေါ်မှဆင်း၍ အိမ်တော်ပေါ်သို့ တက်လာသည်။ "ခါတိုင်းနေ့များမှာဆိုရင် မိုးကြီးစုပ်စုပ်ချုပ်မှ ပြန်လာတော်မူတယ်။ ဒီနေ့မှာ ဘုရားဖူးသွားရအောင် စောစောပြန်လာတော်မူပါလို့ မှာထားပြန်တော့လည်း အင်မတန် စောလွန်းနေပြီ။ တော်တော်ခက်တဲ့မောင်ဘုရားပဲ" ဟု သခင်ကြီးသည် တစ်ကိုယ်ကြား မြည်တမ်းလိုက်သည်။

သို့ရာတွင် ဘုရင့်နောင် ရောက်လာသောအခါ သခင်ကြီးသည် ပြီးနေသည်။ ဘုရင့်နောင်သည် အနည်းငယ်သာ ပြန်ပြုံးနိုင်၍ ပုရပိုက်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ ကျောင်းတော်ဦးအဆောင်သို့ တန်းသွားတော်မူ၍ အတွင်းသို့ရောက်ခါမှ သခင်ကြီးအား လှမ်း၍ ပြောသည်။

'မောင်မောင် ခင်ခင်နဲ့အတူ လိုက်နိုင်မယ် မထင်ဘူး။ ခင်ခင် တစ်ပါးတည်း ကြွပါ၊ ဝင်းတော်မှူးကို ခေါ်သွားပါ ...ခင်ခင်'

သခင်ကြီးသည် ကျောင်းတော်ဦး အဆောင်တွင်းသို့ ဝင်လာ၍ ဘုရင့်နောင်အပါး၌ ရပ်၏။

'ဘာဖြစ်လို့...'

'မောင်မောင်တို့ စစ်ရေးမှားနေပြီ ခင်ခင်။ သုံးရက် တပ်စခန်းချနေတဲ့ အချိန်အတွင်းမှာ အင်းဝဘုရင် သိုဟံဘွားရော၊ အုန်းပေါင်ခုံမှိုင်းရော ပြည်မင်းကို ကူညီဖို့ စစ်ကူ ရောက်နေနှင့်ကြပြီ။ အခု ပြည်မင်းရဲ့ ကုန်းတပ်ဟာ အင်အားကြီးသည်ထက် ကြီးနေတော့ မောင်မောင်တို့က အောင်နိုင်ဖို့ ခဲယဉ်းသွားပြီ။ သူ့ကို တိုက်မယ်လို့ မောင်မောင်တို့ စစ်ချီလာကြတဲ့ ကိစ္စမှာ သူ့စစ်ကို မတွေ့ပဲ့ဘဲ တိတ်တဆိတ် ဆုတ်သွားရမယ်ဆိုရင် ရှက်စရာကောင်းလှတယ် ...ခင်ခင်'

ဘုရင့်နောင်သည် တွေနေ၏။ သခင်ကြီးလည်း တွေသွားသည်။ တွေနေရာမှ ဘုရင့်နောင်သည် ပုရပိုက်တစ်ဆူကို ဖွင့်ကြည့်၏။ တွေနေရာမှ သခင်ကြီးသည် ဖွင့်သွားသော ပုရပိုက်ချပ်ကို လိုက်ကြည့်သည်။ ပုရပိုက်ချပ်ပေါ်တွင် ဧရာဝတီမြစ်ပုံ၊ အရှေ့ဘက်မြစ်ကမ်း၌ ပြည်မြို့ပုံ၊ ပြည်မြို့၏အောက်နားတွင် ဘုရင့်နောင်၏ တပ်စခန်းပုံ၊ တပ်စခန်းနှင့် ဓားလွယ်ခုတ်နေရာ ဧရာဝတီမြစ်အလယ်တွင် အင်ပျောကျွန်းပုံတို့ ရေးဆွဲထားသည်ကို မြင်သည်။

ဘုရင့်နောင်က ဆက်၍ ပြောပြန်သည်မှာ–

'သူတို့ရဲ့ ရေတပ်ကတော့ ကုန်းတပ်လောက် အင်အားမကြီးလှဘူး။ နို့ပေတဲ့ မောင်မောင်တို့ရဲ့ ရေတပ်က ရေဆန်တက်ပြီး တိုက်ရမယ်ဆိုတော့ သူတို့က တစ်ပန်းသာနေကြပြန်တာပဲ။ မောင်မောင်တို့က ဆုတ်သွားဖို့





ဆိုတာမှာ ဘဝရှင်ထီးထီးက သဘောညီဦး၊ မောင်မောင်က ညီဖို့ ခက်တယ်။ သေလို သေစေတော့၊ သူ့ရေတပ်နဲ့ စစ်ဖက်ရမှ မောင်မောင် ကျေနပ်နိုင်မယ် ခင်ခင်'

သခင်ကြီးသည် ပုရပိုက်ကို လည်းကောင်း၊ ဘုရင့်နောင်၏ ခိုင်ခံ့သော မေးရိုးကို လည်းကောင်း ကြည့်လျက် မျက်ရည်ရစ်ဝဲလာသည်။ ဘုရင့်နောင်သည် ကင်းတို ကင်းရှည် စစ်အထောက်တော်များထံမှ ဆက်သလိုက်သော လျှို့ဝှက်စာများကို ဖတ်ရန် သလွန်တော်သို့ သွားသည်။ သခင်ကြီးသည် ဘုရင့်နောင်အပါးမှ မခွာလို။ သို့ရာတွင် သူ၏မျက်ရည်စကို ဘုရင့်နောင် မြင်မည်စိုးသောကြောင့် သူ့အဆောင်သို့ ပြန်သွားသည်။

စံအိမ်တော်တစ်ဆောင်လုံးသည် တိတ်ဆိတ် ငြိမ်သက်နေသည်။

[ ၂ ]

နေမင်းသည် အနောက်တစ်ခွင်၌ တရွေ့ရွေ့ ဝင်၍ လမင်းသည် အရှေ့တစ်ခွင်မှ ပေါ်လာစ ပြုလေပြီ။ သခင်ကြီးသည် ပွဲတော်ဆောင်၌ သစ်သီးချိုချဉ် ပွဲတော်အုပ်ကို သိမ်းလိုက်ရ၍ ထမင်းဟင်းလျာ ပွဲတော်အုပ်နှင့်ပင် ကြင်ဖက်တော် ဘုရင့်နောင်ကို စောင့်မျှော်လျက် နေရပေပြီ။ ဘုရင့်နောင်သည် ကျောင်းတော်ဦးမှ ထွက်မလာနိုင်။ စစ်အရေးကိုသာ တွေးနေဟန်တူသည်။ သခင်ကြီးသည် စိတ်မအေးနိုင်၊ သူ့အဆောင်သို့ ပြန်သည်။ ထိုနောက် သလွန်တော်ပေါ်တွင် လဲလျောင်းရင်း သူလည်း ဘုရင့်နောင်၏ စစ်ရေးပြဿနာကို တွေးနေသည်။

အတန်ကြာသောအခါ 'မောင်မောင်ဘုရား... ခင်ခင့်ကို ကယ်ပါဦးဘုရား'ဟူသော သခင်ကြီး၏အသံသည် နှစ်ကြိမ် သုံးကြိမ် ဆင့်၍ သခင်ကြီးအဆောင်မှ မြည်ထွက်လာသည်။

စစ်ရေး၌သာ စိတ်ရောက်နေသော ဘုရင့်နောင်သည် အထိတ်တလန့်ဖြစ်၍ သခင်ကြီးအဆောင်သို့ တစ်ဟုန်တည်း ပြေးဝင်လိုက်သည်။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ခြေတို့သည် တစ်စုံတစ်ခုကို တိုးမိ၏။ တိုးမိသည်နှင့် တစ်ပြိုင်နက် ရှေ့သို့ အားလွန် သွားလေသည်။ သို့ရာတွင် သခင်ကြီးသည် အဆောင်ခန်း အတွင်းဘက် တံခါးဝအနီးက နံရံအကွယ်မှ ရုတ်တရက်ထွက်၍ ဘုရင့်နောင်ကို ဆီးကြိုပွေ့ယူ ထားလိုက်သည်။

'သတိထားတော်မူပါ မောင်မောင်၊ ခင်ခင်ပါ'

'ဟင်… ကျီစယ်ဖို့ အခါ မဟုတ်ပါဘူး ခင်ခင်'

ဘုရင့်နောင်သည် မျက်နှာထားနှင့် သခင်ကြီးကို ကြည့်သည်။ ပွေ့ယူထားသော သခင်ကြီး၏ လက်တို့ကိုလည်း ဖြုတ်ချလိုက်သည်။

'ခင်ခင့်ကို အပြစ်တင် မစောပါနှင့်ဦး မောင်မောင်။ ခင်ခင့်မှာ လျှောက်စရာ ရှိနေလို့ပါ။ သလွန်တော်ဆီကို ကြွတော်မူပါဦး'

သခင်ကြီးသည် သလွန်တော်ခြေရင်း၌ ဒူးတုပ်ခစားလျက် ဘုရင့်နောင်ကို သလွန်တော်ပေါ်၌ စံနေတော်မူစေသည်။ ဘုရင့်နောင်သည် သခင်ကြီးကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

'ခင်ခင်ဟာ မောင်မောင့်အတွက် တစ်နေ့ခင်းလုံး၊ တစ်ညနေလုံး စိတ်မအေးပါ။ သို့သော်လည်း နောက်ဆုံးကျတော့ မောင်မောင့်ကို ဒီအဆောင်တော်မှာ ခင်ခင် ဖူးတွေ့နေရပြီ။ မောင်မောင် ပြေးဝင်လာစဉ်က အဆောင်ခန်း တံခါးဝမှာ ခင်ခင် ကန့်လန့်တန်းထားတဲ့ ပိုးပဝါတန်းကို မြင်ခဲ့ရဲ့လား'

ဘုရင့်နောင်သည် တံခါးဝက ပိုးပဝါတန်းကို လှမ်းကြည့်လိုက်သည်။ သခင်ကြီးသည် ချိုပြုံးသော မျက်နှာဖြင့် ပြောပြန်သည်မှာ–

'မောင်မောင် စိုးစားတော်မူပါ။ ဥပမာ ပြည်မြို့က ရေတပ်ဟာ လျောင်းတော်ဦးမှာ စစ်အရေးကိုသာ တွေးနေတဲ့ မောင်မောင် ဆိုပါတော့။ နောက်ပြီးတော့ အင်ပျောကျွန်းက မောင်မောင်တို့ရေတပ်ဟာ မောင်မောင့်ကို ဖူးတွေ့နေချင်တဲ့ ခင်ခင် ဆိုပါတော့။ ဒီတော့ အခု ခင်ခင် ဆင်သလို…'

'ခင်ခင်…ခင်ခင်၊ တော်ပြီ…တော်ပြီ…'





ဘုရင့်နောင်၏ မျက်နှာသည် ချက်ချင်း ကြည်လင်လာသည်။ ဘုရင့်နောင်၏ လက်ရုံးသည် ချက်ချင်းပင် သခင်ကြီးကို သလွန်တော်ပေါ်သို့ ပင့်ယူတော်မူသည်။

'မောင်မောင် ပြည်က ရေတပ်ကို နိုင်ပြီ၊ ခင်ခင် အိမ်တော်ကသာ စောင့်ပြီး သတင်းနာနေပေတော့။ ဒီညတွင်းချင်း စစ်ရေးကို စီရင်တော့မယ်' ဟု မိန့်ပြီးနောက် ဘုရင့်နောင်သည် မင်းတရားရွှေထီး စံတော်မူရာဖြစ်သော ရောဝတ်မြစ် အလယ်ရှိ အင်ပျောကျွန်းသို့ အဆောတလျင် သွားလေသည်။

[ ၃ ]

သန်းခေါင်နီးနီးလောက်တွင် အင်ပျောကျွန်းမှ ရွှေလှော်ကား နှစ်စင်းသည် တိုက်လှေအခြွေအရံ မပါဘဲ ပြည်မြို့ဆီသို့တိတ်တဆိတ်ဆန်တက် သွား၏။ ပြည်မြို့အနီးသို့ ရောက်သောအခါ စည် မောင်း နှဲ ခရာတို့ကို တစ်ပြိုင်နက် တီးမှုတ်လိုက်ကြသည်။ စည်သံ၊ နှဲသံ၊ မောင်းသံ၊ ခရာသံတို့ကြောင့် ရုတ်တရက် လန့်နိုးလာသော ပြည်ရေတပ်သည် လက်ဦးတွင် အံ့အားသင့်နေ၏။ လှေတပ် မပါသော မင်းတရားရွှေထီး၏ လှော်ကားမှန်း သိလာသောအခါ ပြည်တိုက်လှေတို့သည် တစ်ဟုန်တည်း ထွက်၍ လှော်ကားနှစ်စင်းဆီသို့ အပြင်းလိုက်ကြသည်။ ရွှေလှော်ကားနှစ်စင်းသည် နောက်ပြန်လှည့်၍ အပြင်းစုန်ကြသည်။

လရောင်ပိုးဝင်းအောက်တွင် ရွှေလှော်ကားနှစ်စင်းသည် တုရိယာသံမြည်၍ ရှေ့က ပြေးကြ၏။ ပြည်တိုက်လှေတို့သည် ဘီးလူးသံဟိန်း၍ နောက်က လိုက်ကြသည်။ ရောဝတီမြစ်တစ်ရိုးတွင် ရွှေလှော်ကားနှစ်စင်းနှင့် ပြည်တိုက်လှေတို့သည် တစ်ခါတစ်ရံ အလွန်ကွာသွားကြသည်။ တစ်ခါတရံ အလွန်ကပ်လာကြသည်။ ရှေ့က ပြေးရင်း နောက်က လိုက်ရင်း၊ နောက်က လိုက်ရင်း ရှေ့က ပြေးရင်း၊ ကွာသွားရင်း ကပ်လာရင်း၊ ကပ်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြာသွားရင်း အင်းပျောကျွန်းနှင့် နီးလာကြသည်။ ထို့နောက် အင်းပျောကျွန်းကို လွန်သွားကြသည်။ ရွှေလှော်ကား နှစ်စင်းသည် အစဉ်အတိုင်း ချောချော မောမော စုန်သွားနိုင်ကြပါ၏။ ပြည်ရေတပ်က တိုက်လှေတို့ကား ချောချော မောမော စုန်မသွားနိုင်ကြ။ ဧရာဝတီမြစ်ကမ်း လက်ဝဲ လက်ယာ၌ မှောင်ရိပ်ခိုလျက် စောင့်နေကြသော ဘုရင့်နောင် တိုက်လှေတို့၏ ဝက်ခေါင်းထိုး တိုက်ခိုက်ခြင်း* ကို ခံလိုက်ကြရသည်။ ပြည်ရေတပ် မရှုမလှ ပျက်ရလေတော့သည်။

[ ၄ ]

နောက်တစ်နေ့ညနေ နေညိုညိုအချိန်တွင် ယာယီစံအိမ်တော်မှ အတန်ငယ်အလှမ်းဝေးသော တောစပ် တောင်ပူစာပေါ်ရှိ စေတီရင်ပြင်၌ ဘုရင့်နောင်နှင့် သခင်ကြီးတို့သည် ဘုရားဖူးပြီးကြလေပြီ။ ထို့နောက် အင်းပျောကျွန်း ပတ်ဝန်းကျင် ဧရာဝတီ မြစ်ရေပြင်ဆီသို့ လှမ်းမျှော်ရှုစားတော် မူနေကြသည်။

'မောင်မောင် ... စေတီတော်မြတ်မှာ ခင်ခင် တိုင်တည် ဆုတောင်းပြီးပြီ။ မောင်မောင့်ဆီကလည်း ဆုတော်လာဘ်တော်များ တောင်းရလိမ့်ဦးမယ်'

'မတောင်းဘဲ ရနိုင်ပါတယ် ခင်ခင်၊ မောင်မောင်တို့ဟာ ပြည်ရေတပ်ကို ခင်ခင့်ကြောင့် အောင်မြင်ခဲ့ကြတာပဲ'

'အို... မောင်မောင့် ဘုန်းလက်ရုံးကြောင့်သာပါ၊ နို့ပေတဲ့ ဆုတော်လာဘ်တော်ကိုတော့ တောင်းရလိမ့်မယ်'

'လိုသည်ကို မိန့်ပါ ခင်ခင်၊ ခင်ခင် ကျေနပ်လောက်အောင် မောင်မောင် အသက်ကို စွန့်စရာရှိရင် စွန့်ပြီး ပေးပါ့မယ်'

---

* မိမိ၏ ပိုင်နက်ထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ထိုရန်သူကို ပုန်းကွယ်ရာမှ စောင့်၍ တစ်ဟုန်ထိုး တိုက်ခိုက်ခြင်း။





'မောင်မောင်ဟာ စစ်ရေးအတွက်ပင် အသက်ကို စွန့်လိုတဲ့ မောင်မောင်ပဲ၊ ခင်ခင် ဒါလောက်နဲ့ ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ခင်ခင် တောင်းမယ့်ဆုက အသက်ကိုစွန့်ပြီး ပေးရတာထက် ခက်လိမ့်မယ်'

'ဘယ်လို ဆုမျိုးပါလိမ့်...ခင်ခင်'

မနေ့ နေ့လယ်ကကဲ့သို့ပင် လှပကြော့ရှင်းနေသော သခင်ကြီးက ပြုံး၍ တောင်းလိုက်သည့် ဆုကား...

'ဇမ္ဗူဒီပါ မြေအပြင်ဝယ် သခင်ကြီး တစ်ပါးတည်းကိုသာ ချစ်မြတ်နိုးတော်မူစေချင်ပါတယ် ...မောင်မောင်'

[ ဂန္ထလောက၊ ဧပြီ၊ ၁၉၃၇ ]

www.burmeseclassic.com

www.burmeseclassic.com

# သူ့မယား

## [ ၁ ]

ဈေးသည်မ မဖော့သည် ကိုဆင်၏ မယား ဖြစ်သည်။

မဖော့သည် မြို့သို့တက်၍ ကုန်စိမ်းရောင်းလေ့ရှိရာ နံနက်တိုင်း ဗျပ်ကိုရွက်၍ မြို့သို့ တစ်မိုင်နီးပါးခန့် ခြေကျင်သွားရသည်။ အရောင်းရ တွင်လျှင် စောစော ပြန်လာတတ်၍ အရောင်းရ ထိုင်းလျှင် နေစောင်းမှ ပြန်လာတတ်သည်။ ပြန်လာဟိုင်း ချောင်းကိုဖြတ်ကာ ရွာဘက်သို့ ကူးထား သော ဝါးတံတားသို့ ရောက်လျှင် လင်စိတ်၊ သားသမီးစိတ်တို့သည် အလိုလို ပေါ်လာတတ်ကြလေသည်။

မဖော့သည် အရုပ် ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ဆံပင် သည် နီကြန်ကြန်ဖြစ်၍ တစ်ထွာသာသာလောက် ရှည်သည်။ သွား အတန် ငယ် ခေါသည်။ သို့ရာတွင် အရုပ်ဆိုး ဟု မဆိုသာချေ။ ကိုဆင်သည် အိမ်၌ ထိုင်စားသမား ဖြစ်သည်။ အို…ထိုင်စားသမား သက်သက်လည်း မဟုတ်ပါပေ။ အိမ်မှာ ထမင်းအိုး တည်ရသည်။ သားငယ်၊ သမီးငယ်များကို ထိန်းရသည်။





ကိုဆင်သည် ငယ်စဉ်က သာမဏေဘဝ၌ ကိုးနှစ်ခန့် နေခဲ့ဖူးသူ ဖြစ်သဖြင့် စာပေ၌ အတော်အတန် ခေါက်မိသည်။ စိတ်ထား သဘောထား ကောင်းသည်။ ရယ်ရယ်မောမော နေတတ်သည်။ အလှူ မင်္ဂလာပွဲများတွင် ရှေ့တန်းက ပါတတ်သည်။ သူ၏ အရုပ်အမောင်းမှာ မယားလောက် မမြင့် လှ။ ဆံပင်ကောင်းသည်။ နှုတ်ခမ်းမွေး ရေးရေး ရှိသည်။ ရင်အုပ် ကျဉ်းသည်။ ထိုးကွင်းကို ဒူးအထိ ထိုးထားသည်။

သူတို့နှစ်ယောက် ညားကြ၍ သားငယ်တစ်ယောက် ရပြီးသည်အထိ မဖော့သည် ဈေးရောင်းလည်း ထွက်သည်။ ကိုဆင်ကိုလည်း ပြုစုရသည်။ သားတစ်ယောက် နောက်ထပ် တိုးလာသောအခါ မဖော့သည် ဈေးရောင်း သာ ထွက်နိုင်ရာတော့သည်။ နောက်တစ်ဖန် သမီးတစ်ယောက် တိုးလာပြန် သောအခါ မဖော့ အလွန်မောပန်းလာတတ်သည်။ ကုန်ရှုံးသော အလှည့် နှင့် ကြုံသည့်အခါ သနားဖွယ်သာ ဖြစ်တော့သည်။ သို့ရာတွင် မဖော့သည် ညည်းသည် မရှိ။

'အရှေ့ပိုင်းက မင်္ဂလာဆောင်မှာ ညည်းယောကျ်ား မင်္ဂလာသြဘာ စကား ပြောပုံကို ညည်း လာပြီး နားထောင်စေချင်တယ် သူငယ်ချင်းမရဲ့၊ အလွန်ခံ့တယ်။ ညည့်ယောကျ်ား ပညာပြည့်ပါပေတယ်အေ့' ဟု မဖော့ သူငယ်ချင်းမ တစ်ယောက်က ကိုဆင်ကို ချီးမွမ်းဖူးလေသည်။ ထိုအခါ မဖော့သည် အလွန် အားရသည်။ သူ၏ စိတ်ထဲတွင် ကျက်သရေအပေါင်းတို့ ပြည့်လျှမ်းနေသော လင်၏မျက်နှာကို မြင်လာ ထင်လာသည်။ တစ်ခါ တစ်ရံ တစ်ဆယ့်လေးနှစ်အရွယ် သားအကြီးက တံတားမှ ဆီးကြို၍ အမေ့ ဗျပ်၊ တောင်း စသည်တို့ကို ကူသယ်ပေး၏။ ထိုအခါ မဖော့သည် အား ရပြန်သည်။ "မောင်မင်းကြီးသားကြောင့် ဒီသားကလေး အားထားရ ပေတယ်" ဟု တွေးမိသည်။

တစ်ခါသော် အိမ်ငယ်ရှေ့သို့ ထန်းရည်မူးသမားတစ်ယောက် ရှော် လာ၍ အိမ်ရှေ့ကပြင်၌ စကားပြောနေကြသော မဖော့တို့ သားအမိကို



www.burmeseclassic.com

www.burmeseclassic.com



မထိမဲ့မြင် ပြုလိုသော မျက်စိဖြင့် ကြည့်လေသည်။ ထိုအခါ သားအမိသည် အိမ်တွင်းသို့ ပြေးဝင်ကြသည်။ အိမ်တွင်းက ကိုဆင်သည် အိမ်ရှေ့သို့ ကပျာကယာ ထွက်လာ၍ ကပြင်၌ ခါးထောက်ကာ ရပ်နေလိုက်သည်။ မထိမဲ့မြင်ပြုလိုသော မျက်လုံးတို့သည် ချာခနဲလှည့်သွားပြီးနောက် ယိမ်းထိုးသွားကြသော ခြေတို့နှင့်အတူ ယိုင်ယမ်းကာ ပါသွားကြသည်။ ထိုအခါ အိမ်ခန်းတံခါးမှ ခေါင်းပြူကြည့်နေသော မဖော့သည် "မောင်မင်းကြီးသား မရှိလျှင် ဒုက္ခ အဖြစ်ပဲ" ဟု တွေးမိပြန်သည်။

မဖော့သည် ယခု သုံးဆယ့်ခုနစ်နှစ်အတွင်းသို့ ဝင်ပြီ။ ကိုဆင်သည် မဖော့ထက် ခြောက်နှစ်မျှ ကြီးသည်။

ကိုဆင်သည် ဤအသက်အရွယ်အထိ မည်သည့်အလုပ်ကိုမျှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ခဲ့ဖူးချေ။ "ထဘီနား ခိုစားသည်" ဟု မလိုသူတို့က ကဲ့ရဲ့ကြလျှင် 'အလို... ဝေဿန္တရာမင်းကြီးတောင် မဒ္ဒီရဲ့ လုပ်စာကို ထိုင်စားသေးတာပဲ' ဟု ရယ်သလို မောသလိုနှင့် ပြန်ချေလေ့ ရှိသည်။ 'ကိုယ့်ကုသိုလ်နှင့် ကိုယ်ဖြစ်တာ၊ မနာလို တိုရှည် မဖြစ်ကြနှင့်လေ' ဟု နောက်ထပ် ဆက်လိုက်သေးသည်။ သို့ရာတွင် စိတ်ထဲ၌ကား နာကျင်မိသည်။ နာပင် နာငြားသော်လည်း နာရမှန်း မသိ။ စကားနိုင် လု၍ ပြောလိုက်ရသော သူ့ကိုယ်ကိုပင် သူ ချီးမွမ်းလိုက်သည်။

မလိုသူတို့သည် စကား အတင်စီးခံကြရသဖြင့် သာ၍ မလိုစိတ် ပေါက်လာကြသည်။ အခွင့်ရတိုင်း မေးငေါ့ကြသည်။ မဲ့ရွဲ့ကြသည်။ ထိုသို့ မေး အငေါ့ခံခဲ့ရ၊ အမဲ့အရွဲ့ ခံခဲ့ရသော ဒဏ်ရာများသည် ကိုဆင် အသက်အရွယ် ကြီးလာသောအခါ ကိုဆင်၏ စိတ်တွင် ပေါ်လာကြသည်။

ထို့ကြောင့် ကိုဆင်သည် အစ်ကိုဝမ်းကွဲတစ်ယောက်ထံမှ ငွေချေး၍ ဝါးရောင်းသည်။ ဝါးဈေးကျခိုက် ကြုံသဖြင့် ခွက်ခွက်လန်အောင် ရှုံးပါလေ၏။ နောက်တစ်နှစ် မိုးဦးကျသောအခါ ကိုဆင်သည် လယ်အငှား





ဆင်းထွန်ပြန်သည်။ ထွန်သွားထိသဖြင့် ခြေသလုံးတွင် သွေးစက်စက်နှင့် ပြန်လာရသည်။ အနာကို ဆယ့်ငါးရက်လောက် ကုယူရသည်။

[ ၂ ]

အနာကျက်သောနေ့တွင် ကိုဆင်၏အသက် လေးဆယ့်သုံးနှစ် ပြည့်ပြီ။ အသားအနာသည် ကောင်းစွာကျက်ပေ၏။ သို့ရာတွင် စိတ်အနာကား ရင်းစ ပြုလာပြီ။

မဖော့သည် ခါတိုင်းကဲ့သို့ ဈေးသို့ တက်သွား၏။ ထိုအခါ သားအကြီးသည် ဘုန်းကြီးကျောင်းသို့ သွားသည်။ သားအလတ်နှင့် သမီးအထွေးတို့သည် အိမ်ရှေ့ မန်ကျည်းပင်အောက်၌ ကစားကြသည်။ ကိုဆင်သည် ကပြင်၌ လက်ဖက်ရည်အဖန် သောက်သည်။ အတန်ကြာသောအခါ ခေါင်းရင်းအိမ်က သားသမီး ခြောက်ယောက်တို့၏ အဖသည် လက်သမားသေတ္တာကို ထမ်း၍ ထွက်သွားသည်။ ခြေရင်းအိမ်က မယားမီးယပ်သည်မ၏ ယောကျ်ားသည် ဓနိခုတ်ရန် ဓားကိုယူ၍ တစ်ဖက်ကမ်းသို့ လှေဖြင့် ကူးသည်။ မျက်နှာချင်းဆိုင်အိမ်က အဘိုးအိုပင်လျှင် တဒေါက်ဒေါက်နှင့် ယောက်မ ခုတ်နေသည်။

လက်ဦးတွင် ကိုဆင်သည် လက်ဖက်ရည်အဖန်ကို တစ်ခွက်ပြီး တစ်ခွက် ငုံ့သောက်ကာ အိမ်ရှေ့၌ ကစားနေကြသော သားနှင့်သမီးတို့ကို ကြည့်၍ ကြည်နူးနေသည်။ သို့ရာတွင် အိမ်နီးချင်းတို့က တလှုပ်လှုပ် တရှုရှု အလုပ်သွားကြ၊ အလုပ်လုပ်ကြသည်တို့ကို မြင်ရသောအခါ သားသမီးတို့ကို ကြည့်၍ မကြည်နူးနိုင်။ ထမင်းအိုး တည်ရမည်ဖြစ်သော သူ၏အလုပ်ကို သူ သတိရလာသည်။ မေးငေါ့ကြသော မျက်နှာ၊ မဲ့ရွဲ့ကြသော မျက်နှာတို့ကိုလည်း မြင်ယောင်ယောင် ဖြစ်လာသည်။ ထို့ကြောင့် ခေါင်းငုံ့နေလိုက်သည်။ ထိုမျက်နှာတို့ကိုကား မမြင်ရ။ သို့ရာတွင် သူ့ဖြစ်ရှေး တသီတတန်းကြီးသည် သူ့မျက်စိတွင် ပေါ်လာသည်။ ရှင်လူထွက်သည့်

www.burmeseclassic.com



အခါမှစ၍ ပိုးပဝါ တသသနှင့် လူပေါ်ကြော့ လုပ်လာခဲ့ပုံ၊ မဖော့နှင့် ညားပုံ၊ ကုန်ရှုံးပုံ၊ ခြေသလုံး၌ ဒဏ်ရာရပုံတို့ ဖြစ်သည်။ သူ ဝမ်းနည်းလာ၏။ ရှက်လာ၏။ သည်ဘဝနှင့် သူ မနေချင်၊ သူ ရှန်းထွက်ချင်သည်။ သူ တွေးသည်မှာ ရဟန်း ဝတ်ရလျှင် ကောင်းမည်။ ရဟန်းဖြစ်လျှင် သူ ထမင်းအိုး တည်ရတော့မည် မဟုတ်။ ရဟန်းဖြစ်လျှင် နိဗ္ဗာန်ကို သူ မျက်မှောက် ပြုနိုင်မည်။ မယား၊ သားသမီးတို့သည် သူ့ကိုမှီ၍ ကုသိုလ်ရကြမည်။ သူ ကျွတ်ချိန်တန်ပြီ။ သူ ဘုရားဆုပန်မည်။ သူ ရဟန်း ဝတ်တော့မည်။ သူ့ အတွေးကား ဤသို့ပေတည်း။

ဩော်...ထမင်းအိုးတည်စရာ ရှိပါသေး၏တကား။ မတည်လျှင် သူ ယနေ့ ထမင်းငတ်မည်။ သူ့သားနှင့် သမီးတို့ ငိုကြလိမ့်မည်။ ထို့ကြောင့် ကိုဆင်သည် စားဖိုသို့ ဝင်ရလေ၏။ ထိုအချိန်၌ မြို့ဈေးတွင် ဈေးရောင်းနေသော မဖော့သည် ကုန်စိမ်းများကို ရေပို၍ ဆွတ်သည်။ အလေးချိန် ပို၍ စီးလျှင် အမြတ်ငွေ ပို၍ ရစရာရှိသည်။ ရလျှင် ကိုဆင်ဖို့ ဆေးပေါ့လိပ် ကောင်းကောင်း ဝယ်သွားမည်ဟု မဖော့ စိတ်ကူးနေသည်။

ကျွမ်းကျင်သည့်အလျောက် ကိုဆင်သည် ထမင်းကို ကောင်းစွာ ချက်နိုင်သည်။ ကျက်သောအခါ ကလေးများကိုခေါ်၍ မနေ့ညနေက ချန်ထားသောဟင်းနှင့် စားကြသည်။ စားပြီးသောအခါ ကလေးများသည် ဆော့မြဲတိုင်း ဆော့ကြပြန်သည်။ ကိုဆင်လည်း အိမ်ခါးပန်း၌ ခြေတွဲလဲချ၍ ဆေးပေါ့လိပ်ကို လက်ကြားညှပ်ကာ ယခင်အတွေးကို ပြန်၍ ကောက်သည်။ သူ ရဟန်းဖြစ်လျှင် မဖော့အိမ်သို့ နံနက်စောစော သူ ဆွမ်းခံကြွမည်။ မဖော့ ဈေးသို့ မသွားသေးသဖြင့် မဖော့၏ မျက်နှာကို သူ မြင်ရမည်။ သူ့သားသမီးများ၏ မျက်နှာတို့ကိုလည်း သူ မြင်ရမည်။ မဖော့သည် စာမတတ်၊ တရားမတတ်။ သေလျှင် မဖော့ အပါယ်ကျတော့မည်၊ မဖော့ကို သူ သနားလှသည်။ မဖော့ကို သူ တရားပြမည်။

ထိုသို့ တွေး၍ ကောင်းနေတုန်း သားနှင့် သမီးတို့၏ ငိုသံကို ကြား





လိုက်ရာ အတွေးဆက် ပြတ်သွားသည်။ ညီမငယ်က အစ်ကို၏ မျက်နှာကို ကုတ်ဆွဲသဖြင့် အစ်ကို ငိုသည်။ တစ်ဖန် အစ်ကိုက ညီမငယ် ဆံပင်ကို ဆွဲလိုက်သဖြင့် ညီမငယ် ငိုပြန်သည်။

'နင်တို့ ငါ့ကို အလွန် ဒုက္ခပေးတယ်၊ အိမ်ထဲကို လာခဲ့ကြ။ နင်က သည်တိုင်မှာ ထိုင်၊ နင်က ဟိုတိုင်မှာ ထိုင်၊ မထကြနဲ့' ဟု ကိုဆင်သည် ကြိမ်းမောင်း၍ နေရာချပေးသည်။ ကလေးတို့သည် မျက်ရည်သုတ်၍ တစ်တိုင်စီမှာ ထိုင်ကြသည်။ ကိုဆင်သည် ထိုင်မြဲနေရာမှာ ပြန်ထိုင်၍ အတွေးကို ပြန်ကောက်သည်။ ကောက်၍ မရတော့ချေ။ အတန်ကြာသော အခါ ကလေးတို့ကို ကြည့်လိုက်သည်။ ကလေးတို့သည် ငိုက်နေကြသည်။ ကိုဆင်သည် သမ်းချင်လာသည်။

'ဘယ်ကိုမှ ထ မသွားကြနဲ့၊ တိုင်မှာသာ ထိုင်နေကြရမယ်' ဟု ပြောပြီးနောက် ကိုဆင်သည် တုံးလုံးလှဲ၍ မျက်စိတို့ကို မှိတ်လိုက်သည်။ ကိုဆင် မျက်စိမှိတ်သည်နှင့် တစ်ပြိုင်နက် ကလေးတို့၏ မျက်စိများသည် ပွင့်လာကြသည်။ တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်သည်။ မျက်စိမှိတ်နေသော ကိုဆင်ကို ကြည့်ကြပြန်သည်။ ကိုဆင် အိပ်ပျော်လျှင် သူတို့ ဆင်းကစားကြလိမ့်ဦးမည်။

မည်မျှ ကြာသွားသည် မသိ။ ကိုဆင် နိုးသောအခါ မဖော့၏အသံကို ကြားရသည်။ မဖော့၏ အသံကြောင့်လည်း ကိုဆင် နိုးလာခြင်း ဖြစ်သည်။ မဖော့သည် မန်ကျည်းပင်ပေါ်သို့ မော့ကြည့်၍–

'ကြည့်စမ်း... ဟဲ့ကောင်လေး ဆင်းခဲ့၊ မြန်မြန်ဆင်းခဲ့။ လိမ့်ကျရင် မခက်ပါလား၊ ညီမလေး ဘယ်မှာလဲ'

'ဟို ကမ်းနားမှာ'

'အကျိုးနည်းကုန်ပါပြီတော်။ ကိုဆင်၊ ရှင် သည်လိုပဲ ကလေးတွေကို ပစ်ထားရသလား။ တယ်တော်တဲ့ အဖေပါကလား ရှင်'

ထိုအခိုက် သမီးသည် ရွှံ့ပေနေသော လက်များဖြင့် အမေ့ထံသို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသည်။ သားသည် မန်ကျည်းပင်ပေါ်မှ ဆင်းလာ၍ မြေပြင်ကို နင်းမိပြီ။

ကိုဆင်သည် ကလေးတို့ကို မျက်စောင်းထိုး၍ ကြည့်၏။ ကလေးတို့သည် အမေကို ကွယ်နေကြသည်။ 'ရော့… ကိုဆင်၊ ဆေးပေါ့လိပ်' ဟု မဖော့သည် ပြောပေး ပေး၍ ကလေးများကို စားဖိုဆောင်သို့ သိမ်းရုံးခေါ်သွားသည်။ ကိုဆင်သည် စားဖိုဆောင်ဘက်သို့ လိုက်၍ကြည့်သည်။ မဖော့သည် သမီး၏ လက်များကို ရေဆေးပေးသည်။ ထို့နောက် မိမိဝယ်လာခဲ့သော မုန့်ပဲတို့ကို ကလေးတို့အား ထုတ်ကျွေးသည်။ ထိုနောက် ကြမ်းပေါ်တွင် ခြေဆင်း၍ ဆံပင်ကိုဖြေသည်။ ခါးကို ရှေ့သို့ ကုန်းလိုက်သည်။ ထိုအခါ တစ်ထွာသာသာရှည်သော ဆံပင်တို့သည် ရှေ့သို့ ဖားလျားကျလာ၍ ခြေသလုံးပေါ်တွင် ဝဲနေကြသည်။ 'အမေ့ ကျောကို တံတောင်နဲ့ ကြိတ်စမ်း' ဟု ဆိုသဖြင့် သားသည် ပါးစပ်ထဲ၌ မုန့်ကို ကိုက်လျက် အမေ့ကျောကို တံတောင်နှင့် ကြိတ်နေသည်။ ကျောသည် တံတောင်အောက်တွင် ယိုင်ယမ်းနေလေရာ မဖော့ကို ကြည့်ရသည်မှာ သရဲအခြောက်ခံနေရသည်နှင့် တူလှလေသည်။

ကိုဆင်သည် မဖော့ကို မြင်၏။ သက်ပြင်းကြီးချ၍ "ငါ သင်္ကန်းဝတ်မှ ဖြစ်မယ်"ဟု အတွေးဟောင်းတွင် အတွေးသစ် လောင်းလိုက်သည်။ သို့ရာတွင် မယားကို တော်တော်နှင့် မပြောဝံ့သေး။ နှစ်သစ်ကူးချိန် ရောက်မှ ပြောဝံ့၍ သူ့အကြံ အထမြောက်သွားသည်။

[၃]

ပြောစဉ်က တစ်လလောက် သင်္ကန်းဝတ်လိုကြောင်း ပြော၍ သင်္ကန်းဝတ်သည်။ သို့ရာတွင် သုံးလနီးပါး ရှိလာပြီ။ ကိုဆင် လူမထွက်သေးချေ။ ကလေးများကို ကြည့်ဖော် ရှုဖော်အဖြစ်ဖြင့် လာရောက်နေထိုင်သော မဖော့၏ ဒွေးလေးသည် သူ့၏သမီးများကို အောက်မေ့လှပြီ။ သူ ရွာသို့ ပြန်ချင်





ပြီ။ တစ်နေ့သောအခါ ဒွေးလေးက 'ဦးပဥ္စင်း… ဘယ်တော့ လူထွက်မှာလဲ' ဟု မေးသည်။ ဦးပဥ္စင်းသည် အမေးကို မဖြေ။ သင်္ကန်း၏ အရိပ်အာဝါသ အေးမြကြောင်း အစချီကာ ပါဠိဂါထာများကို ရွတ်၍ တရားဟောလေတော့သည်။ ဒွေးလေး ခက်ပြီ။ ဒွေးလေး နားသို့ ထိုတရားတော် မဝင်။ သူ့ကို မတရားသဖြင့် အိမ်မှာ ခေါ်ထားသည် ဟု အောက်မေ့၍ စိတ်ထဲတွင် ဒေါသုပုန် ထလေသည်။ ဦးပဥ္စင်း ကြွသွားသောအခါ ဒွေးလေးသည် 'ဖော့ ရှင်ဖော့၊ ငါ ပြန်ချင်ပြီ၊ ညည့်အိမ်မှာ ကျွန်ခံမနေချင်ဘူး' ဟု မဖော့ကို ကြိမ်းသည်။ မဖော့ကလည်း ဦးပဥ္စင်းကို လူထွက်စေချင်လှပြီ။ တစ်ခါ နှစ်ခါ လျှောက်ကြည့်ပါ၏။ တရားအဟောသာ ခံခဲ့ရသည်။ ဝါလည်း ဝင်လှပြီ။ ဒွေးလေးကလည်း နားပူလှပြီ။

ကြံရာမရသဖြင့် မဖော့သည် သူငယ်ချင်းမတစ်ယောက်နှင့် တိုင်ပင်သည်။ ပြီးသောအခါ နှစ်ယောက်သား တဝါးဝါး ရယ်ကြသည်။

[၄]

ထိုနေ့ နံနက်ခင်းသည် နေရောင်ကြောင့် ဝါထိန်နေသည်။ မန်ကျည်းပင်ထိပ်က ချိုးကူသံသည် ဆက်ကာဆက်ကာ မြည်နေသည်။ မဖော့သည် မြို့သို့ ဈေးရောင်းမတက်၊ အိမ်တွင် ကိုယ်တိုင် ချက်ပြုတ်ကြော်လှော်နေသည်။ ပြီးလျှင် ရေမိုးချိုး၍ သနပ်ခါးလူးသည်။ ခြေအထိ လူးသည်။ မျက်နှာမှာ ခပ်ပါးပါး ခပ်မှုန်မှုန် ရိုက်သည်။ သူ့တစ်ကိုယ်လုံး မွှေးကြိုင်နေသည်။ ဆံထုံးကို သေသပ်စွာ ထုံးသည်။ ဆံစု သုံးချောင်းမျှ ရောပေါင်း ထုံးထားသဖြင့် ဆံထုံးနှင့် မျက်နှာတို့သည် အချိုးအစားကျသည်။ မျက်ခုံးကို ကော့နေအောင် ဆွဲသည်။ နဖူးက မရှိမဲ့ ရှိမဲ့ ဆံစများကို ခိုတောင်ကျအောင် အတင်းသိမ်း ဆွဲထားသည်။ ကွမ်းဝါး၍ နှုတ်ခမ်းတို့ကို နီစေသည်။ အင်္ကျီ ဖြူဖြူပါးပါးအသစ်နှင့် ပန်းပွင့် အနီရိုက် သရက်ထည်ထဘီ အသစ်တို့ကို ဝတ်သည်။ ကလေး နှစ်ယောက်ကို ဝတ်ကောင်းစားလှ ဆင်ထားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင် အချို့ အိမ်ထောင်ပစ္စည်းများကို သိမ်းဆည်း ထုပ်ပိုးထားသည်။ အိမ်ရှေ့တွင် လှည်းတစ်စီးကို အဆင်သင့် ပြင်ထားသည်။

ဆယ်နာရီလောက်တွင် ဦးပဥ္ဇင်းသည် အိမ်သို့ ကြွလာ၏။ သူ့နောက်က သူ့သား ကျောင်းသားပါလာသည်။ လျှောက်လာရင်း "ငါ့ကို လူထွက်ဖို့ ပြောကြဦးမှာပဲ"ဟု တွေး၍ စိတ်လေးလာသည်။ အိမ်နားသို့ ရောက်လာ၏။ လှည်းကို မြင်သည်။ အိမ်တွင်းသို့ ဝင်၏။ အထုပ်အပိုးတို့ကို မြင်သည်။ ဒွေးလေးက ပင့်ရာ အိမ်ခေါင်းရင်း၌ ခင်းအပ်သော ဖျာပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်လိုက်သည်။ မဖော့ကိုကား မမြင်ရသေးချေ။

အတန်ကြာမှ မဖော့သည် ဆွမ်းနှင့် ဆွမ်းဟင်းဗျပ်ကို ချီကာ ထွက်လာသည်။ ညှိုးငယ်သော မျက်နှာကို ငုံ့ထားသည်။ ငုံ့လျက်နှင့်ပင် ဦးပဥ္ဇင်းအား ဆွမ်းကပ်သည်။ ဦးပဥ္ဇင်းသည် တစ်ချက်မျှ စောင်းငဲ့၍ ကြည့်၏။ မဖော့ ဖြီးပုံ လိမ်းပုံ ဝတ်ဆင်ပုံတို့ကို မြင်သည်။ တစ်ဖန်ထပ်၍ တစ်ချက်ကြည့်ပြန်သည်။ "ထူးခြားလှပါကလား"ဟု တွေးမိလာသည်။ မဖော့ စားဖိုဆောင်သို့ ပြန်သွားသည်။ ဆွမ်းစားရင်း"မဖော့ ငါ့ကို ဘာကြောင့် မကြည့်ပါလိမ့်"ဟူသော အတွေးနှင့် မဖော့၏ ထူးခြားသော ရုပ်ရည်တို့သည် ဦးပဥ္ဇင်း၏ စိတ်ထဲတွင် တဝဲလည်လည် ဖြစ်လာကြသည်။ "ငါ့ကို လူထွက်ဖို့ ပြောမှာပါပဲ။ ငါ့တာဝန်ကတော့ သင်းတို့ကို တရားပြဖို့ပဲ မဟုတ်လား" ဟု ဖြေလိုက်မှ စိတ်ငြိမ်သွားသည်။

ဆွမ်းကိစ္စ ပြီးပေပြီ။ အချိုပွဲကို မဖော့ ယူလာပြန်သည်။ ဦးပဥ္ဇင်းသည် မဖော့ကို တစ်ချက် ကြည့်လိုက်ပြန်၏။ "အလို ...နဖူးမှာ ခိုတောင်များ ချလို့ ပါကလား" ဟု အံ့သြလာသည်။ အချိုပွဲကို သိမ်းသွားပြန်သည်။ ထို့နောက် မဖော့ ပြန်ထွက်လာ၍ ခပ်လှမ်းလှမ်း နေရာတွင် ခပ်ကျုံ့ကျုံ့ ထိုင်သည်။ ဦးပဥ္ဇင်းက တရားဟောတော့မည်ဟု ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် မဖော့သည် 'ဒွေးလေး... လှည်းဆရာကြီး မလာသေးဘူးလား' ဟု လှမ်းမေးလိုက်သည်။ ဦးပဥ္ဇင်း တရားမဟောနိုင်။ လှည်းဆီသို့ လှမ်းကြည့်လိုက်သည်။





ဦးပဥ္ဇင်းသည် တရားကို စ ရမည့်အစား 'မဖော့တို့ ဘာများ လုပ်ကြမှာတုံး'ဟု မေးသည်။

'ဦးပဥ္ဇင်းကြီးကို အားလုံးစုံ လျှောက်ပါရစေ ဘုရား' ဟု မဖော့သည် ခေါင်းကိုမမော့ဘဲ ပြောသည်။ 'ဒွေးလေးကလည်း သူ့ရွာကို ပြန်ချင်လှပြီ။ ဒွေးလေးပြန်ရင် တပည့်တော်မမှာ ဈေးကိုလည်း ထွက်ရ၊ ကလေးတွေကိုလည်း ကြည့်ရ ဖြစ်ပါလိမ့်မယ်။ သိပ် ဒုက္ခရောက်ပါလိမ့်မယ်။ ဒုက္ခမရောက်ရအောင် တပည့်တော်မနှင့် ကလေးနှစ်ယောက်၊ ဒွေးလေးတို့ရွာမှာ ပြောင်းနေပါရစေတော့ ဘုရား။ သားအကြီးကိုသာ ဦးပဥ္ဇင်းကြီး ကြည့်ရှုပါဘုရား၊ ဟဲ့...သားလေး...ဦးပဥ္ဇင်းကြီးနှင့် နေရစ်ပေတော့'

မဖော့သည် ခေါင်းကို မမော့ဘဲ မျက်ရည်စကို သိမ်း၏။ ဦးပဥ္ဇင်းသည် ဦးပြည်းကို တိမ်းကာ ငေးနေသည်။ မဖော့ ဆက်၍ လျှောက်ပြန်သည်မှာ–

'ဦးပဥ္ဇင်းကြီးလည်း တစ်သက်လုံး ရဟန်းဘဝနှင့် နေပါ။ တပည့်တော်မတို့လည်း သင့်သလို ကြည့်နေပါ့မယ်။ ဦးပဥ္ဇင်းကြီးရဲ့ ဘဝနဲ့ တပည့်တော်မတို့ရဲ့ ဘဝဟာ ကွာခြားနေပါပြီ။ ဆရာနဲ့ တကာမ အဖြစ်သာ ဆက်ဆံနိုင်ပါတော့မယ်။ တပည့်တော်မမှာလည်း သားသမီးနှစ်ယောက်ရှိနေသေးတော့ တစ်ရွာတစ်ကျေးမှာ အားကိုးအားထားတွေ့ရင် လက်ခံလိုပါတယ်။ ဟဲ့...ဖိုးနီ၊ ဟိုအထုပ်တွေကို လှည်းပေါ်မှာ တင်လိုက်။ ဒါကြောင့်မို့ အခုကစပြီး ရှင်းအောင် ကိစ္စကို စီမံပေးစေချင်ပါတယ်။ နောင်အခါ စကားအရှုပ်အထွေးဖြစ်ပြီး ရုံးကို မရောက်ပါရစေနဲ့ ဘုရား' ဟု မဖော့က လျှောက်၏။

'ဟင်' ဟု ဦးပဥ္ဇင်းသည် အာလေးလေးနှင့် မြည်လိုက်သည်။ မဖော့သည် ခေါင်းကို မမော့တမော်၊ မျက်နှာကို မဖော့တဖော် ထားသည်။ ဦးပဥ္ဇင်းသည် သင်္ကန်းကို ဟိုပြင် သည်ပြင် ပြင်သလိုပြု၍ မဖော့၏ မျက်နှာကို လိုက်ကြည့်ပြန်သည်။

www.burmeseclassic.com



မဖော့သည် အားတက်လာ၍ 'ဦးပဉ္ဇင်းကြီးဘုရား...ယခုလို လျှောက်ထားရတာဟာ နှစ်ဖက်အကျိုးကို ကြည့်ပြီး လျှောက်ထားရခြင်းသာ ဖြစ်ပါတယ်။ ဦးပဉ္ဇင်းကြီးလည်း တရားတော်ကို ဖြောင့်ဖြောင့် အားထုတ်နိုင်ပါလိမ့်မယ်။ တပည့်တော်မမှာလည်း အခြား အားကိုးအားထားကို တွေ့ပါက...'

'ဟာ...နင်တို့ ဒွေးလေးရွာမှာ ထန်းရည်သမား အလွန်ပေါတယ်ဟ။ ငါ လူထွက်ပါတော့မယ်ဟာ' ဟု ပြော၍ အိမ်မှ ဆင်းသွားလေ၏။

မဖော့ ကိုဆင်၏ မယား ဖြစ်ရပြန်လေသတည်း။

[ ဂန္ထလောက၊ အောက်တိုဘာ၊ ၁၉၃၇ ]

၁၉၇၉ ခု ဩဂုတ်လ နမ့်လွှေစာပေမှ
"နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ"စာအုပ်
ထုတ်ဝေခဲ့စဉ် မပါဝင်ခဲ့သည့်
အီလျာ အဲရင်းဘုခ်(ရုရှား)၊ အာ့စကင်း ကတ်ဝဲလ်(အမေရိကန်)၊
ဟင်းနရစ်ဗိုး(ဂျာမန်)၊ အန်းပတော(ပြင်သစ်)၊ အယ်လဗာတိုမိုရာဗီးယား(အီတလီ)၊
ဆာကီ(ဗြိတိသျှ)၊ ယာဆူအိုကာ–ရှိတာရိုး(ဂျပန်)၊ ကေ–အေ–အဘားစ်(အိန္ဒိယ)၊
ဗာစီလီ ရှုရှင်(ရုရှား)၊ မာမွတ်တေဒမာ(အီဂျစ်)၊ အော့နဲလီယို
ဂျော့ကာဒိုဆို(ကျူးဘား)၊ ဆီရဂေး ဗိုရီညင်(ရုရှား)နှင့်
အီနားရိုးမားတော့(ပေါ်တူဂီ)...တို့၏ ဝတ္ထုတို (၁၅) ပုဒ်ကို စုစည်းထားသည့်

**ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်**

နှင့်

**နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ**

**ညွန့်ကြူး** မြန်မာပြန်သည်။

---

* သူတော်စိန်သည် ရဲရင့်၏။ * သူတော်စိန်သည် ဖျတ်လတ်၏။
* သူတော်စိန်သည် စွန့်စား၏။ * ဆင်းရဲသားတို့၏ မိတ်ဆွေဖြစ်၏။
* အတ္တဝါဒီများကို ဆုံးမတတ်၏။ သို့ဖြင့်...
ခေါင်းတုံးပေါ် ထိပ်ကွက်သူ၊ ကလိန်ကျသူ၊ ကိုယ့်အတွက်သာ သိသူ၊
အထက်စီးဖြင့် သူတစ်ပါးကို ဇော်ကားတတ်သူ...စသည့် လူ့မသူတော်များကို
ပြတ်ပြတ်သားသား၊ ရဲရဲဝံ့ဝံ့၊ ကြောက်ခမန်းလိလိ စွန့်စွန့်စားစား တိုက်ဖျက် ဆုံးမ ချိုးနှိမ်
ပညာပေးတတ်သည့်

# သူတော်စိန်

## ( ရွှေဥဒေါင်း )

ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်မောင်စံရှား၊ ဂျမဒါကိုကိုကြီး၊ ဇော်ဟိတ်တို့လို နာမည်ကျော်ကြား လူကြိုက်များလှသည့် မြန်မာ့ခလေ့၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက် ပီပြင်လွန်းလှသည့် ဇာတ်ကောင်တစ်ဦး၏ စွန့်စားလှုပ်ရှားမှုများကို အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို၊ အံ့အားတသင့် ဖတ်ရမည့် စာအုပ်။

www.burmeseclassic.com